မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁၁)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်

၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၁၁ ရက်၊ သောကြာနေ့။

နိုင်ငံ့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

မြန်မာနိုင်ငံက အာဆီယံအဖွဲ့ကြီး၏ ခိုင်မာတိုးတက်ရေးကို တာဝန်သိအဖွဲ့ဝင်နိုင်ငံအဖြစ် ဆောင်ရွက်သွားမည်

လာမည့်နှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်မည်ဟု အပြည့်အဝယုံကြည်

ဘန်ဒါဆရီဘီဂါဝန် အောက်တိုဘာ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် (၂၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးပိတ်ပွဲအခမ်းအနားနှင့် မြန်မာနိုင်ငံသို့ အာဆီယံဥက္ကဋ္ဌရာထူး လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ အာဆီယံနိုင်ငံခေါင်းဆောင်များ၊ ဝန်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင် ဝါဒိုလာက မိန့်ခွန်းပြောကြားပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ အာဆီယံဥက္ကဋ္ဌရာထူးကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်အတွင်း၌ အာဆီယံအဖွဲ့ကြီးကို အောင်မြင်စွာ ဦးဆောင်နိုင်သည့်အတွက် အဆွေတော်ဘုရင်မင်းမြတ်၊ ဘရူနိုင်းနိုင်ငံ အစိုးရနှင့် ပြည်သူများကို ချီးကျူးပါကြောင်း၊ အာဆီယံ၏ ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည့် ပြည်သူဗဟိုပြု အာဆီယံဖြစ်မြောက်ရေး (People Centred ASEAN) အတွက် ဘရူနိုင်းနိုင်ငံက သိသာထင်ရှားစွာဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ နိုင်ငံတကာဆက်ဆံရေးမျက်နှာစာတွင်လည်း အာဆီယံဥက္ကဋ္ဌအနေဖြင့် အာဆီယံနှင့် အခြားနိုင်ငံများနှင့်ဆက်ဆံရေးကို ပိုမိုခိုင်မြဲအောင် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် တစ်ချိန်တည်း၌ပင် အာဆီယံ၏ ဗဟိုအချက်အချာကျမှု (ASEAN's Centrality)ကိုလည်း ထိန်းသိမ်းနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသိုက်အဝန်းဆီသို့ လျှောက်လှမ်းရာတွင် စံနမူနာပြု ဆောင်ရွက်နိုင်ခဲ့သည့် ဘရူနိုင်းနိုင်ငံမှနေ၍ *စာမျက်နှာ ၉ ကော်လံ ၁* ●

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင် ဝါဒိုလာက အာဆီယံဥက္ကဋ္ဌရာထူးကို လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

ဗြိတိန်နှင့်အီရန်တို့အကြား သံရုံးများ ပြန်ဖွင့်ရန်ဆွေးနွေး *စာမျက်နှာ - ၄*

ရေပြောင်းဖူးစိုက်သူများ အဆင်ပြေ *စာမျက်နှာ - ၁၂*

ဆီးဂိမ်းတွင် ဆုတံဆိပ်ပေါင်း ၁၅၀၀ ကျော် ချီးမြှင့်မည် *စာမျက်နှာ - ၁၃*

မွန်တီနီဂရိုးကို ခက်ခဲစွာ ဖြတ်ကျော်ရမယ့် အင်္ဂလန် *စာမျက်နှာ - ၁၄*

နာဂဒေသမီးလင်းနိုင်ရေး ကြိုးစားဆောင်ရွက်နေ

သတင်း - မောင်မောင်မြင့်ဆွေ

ရန်ကုန် အောက်တိုဘာ ၁၀

နယ်စပ်နှင့် ကျေးလက်ဒေသများ မီးလင်းနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိရာ ချင်းပြည်နယ်ရှိ နာဂတိုင်းရင်းသားများနေထိုင်ရာ ဒေသများတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ကြိုးစားစီစဉ်လျက်ရှိနေသည်။

ပြောကြား

"နာဂဒေသနေ တိုင်းရင်းသားပြည်သူတွေအတွက် ဓာတ်အားရရှိရေး ကျွန်တော်တို့ကြိုးစားနေပါတယ်။ နန်းယွန်း၊ လဟယ်၊ လေရှီး စတဲ့နေရာတွေမှာ လျှပ်စစ်မီးရရှိရေး၊ ဓာတ်အားလိုင်းသွယ်ရေးတွေ ပြုလုပ်ဖို့ ကြိုးစားနေပါတယ်"ဟု ရန်ကုန်မြို့၌ မီဒီယာများနှင့် တွေ့ဆုံစဉ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြောကြားသည်။

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများတွင် ဓာတ်အားဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ရာတွင် ဓာတ်အားလိုင်းများတိုးချဲ့ပြီးပါက နာဂဒေသတွင် မီးလင်းနိုင်တော့မည်ဖြစ်သည်။ ထို့အတူ ကယားပြည်နယ်တွင်လည်း ဓာတ်အားဖြန့်ဖြူးနိုင်ရေး တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ်အကုန်တွင် ကယားပြည်နယ်၌ ၇၀ ရာခိုင်နှုန်း မီးလင်းနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်ပြီး ဓာတ်အားပေးစက်ရုံ ၃၁ ရုံရှိနေရာ စက်တပ်ဆင်အားမှာ ၃၆၁၄ ဒသမ ၉ မဂ္ဂါဝပ်ရှိသည်။ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ဓာတ်အားယူနစ်သန်း ၁၀၉၅၈ ထုတ်လုပ်နိုင်ခဲ့ပြီး အိမ်ထောင်စုများအပေါ် ဓာတ်အားရရှိနိုင်မှု ၃၀ ရာခိုင်နှုန်းအထိရှိလာပြီဖြစ်သည်။

ဓာတ်အားပေးနိုင်ခဲ့

ထို့အတူ ဓာတ်အားစနစ်မှတစ်ဆင့် ကျေးရွာပေါင်း ၃၉၅၅ ရွာကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး အခြားနည်းလမ်းဖြင့်ကျေးရွာပေါင်း ၁၃၇၅၅ ရွာကို ဓာတ်အားပေးနိုင်ခဲ့ပြီဖြစ်ရာ ကျေးရွာများ၏ ၂၈ ရာခိုင်နှုန်း ဓာတ်အားရရှိနေပြီဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံတစ်ဝန်း ဓာတ်အားမရရှိသေးသည့် ဒေသများသို့ ဓာတ်အားများဖြန့်ဖြူးကာ မီးလင်းနိုင်ရေးအတွက် စီမံကိန်းချမှတ်ဆောင်ရွက်နေပြီဖြစ်သည်။ နှစ်စဉ်ဓာတ်အားလိုအပ်ချက် ၁၅ ရာခိုင်နှုန်းရှိနေရာ မြန်မာနိုင်ငံတွင် လာမည့် ၂၀၁၅ ခုနှစ်၌ ဓာတ်အားသုံးစွဲမှု ၄၉၀၀ မဂ္ဂါဝပ်အထိ ရှိလာမည်ဖြစ်သည်။

ထိုသို့ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် ရေအား၊ သဘာဝဓာတ်ငွေ့နှင့်ကျောက်မီးသွေးတို့မှ ပိုမိုထုတ်ယူနိုင်ရေးကြိုးစားဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မြန်မာနှင့် ထိပ်သီးများ

ကျွန်ုပ်တို့နိုင်ငံသည် စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်ခံရခဲ့မှုကြောင့် နှစ်ပေါင်းများစွာ ကမ္ဘာ့မျက်နှာစာနှင့် ဝေးကွာခဲ့ရာမှ ယခုအခါ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများနှင့်အတူ နိုင်ငံတကာ ဆက်ဆံရေးမှာ အရှိန်မြှင့်တိုးတက်လာသည်ကို တွေ့ရသည်။ ကျွန်ုပ်တို့နိုင်ငံအား ကမ္ဘာ့အင်အားကြီးနိုင်ငံများက စီးပွားရေး၊ လူမှုရေးစသော အကူအညီများနှင့်အတူ အလေးထားဆက်ဆံလာသည်ကိုတွေ့ရပါသည်။ ဤသည်မှာ ကျွန်ုပ်တို့နိုင်ငံသူ နိုင်ငံသားများအတွက် ဝမ်းမြောက်ဂုဏ်ယူစရာပင် ဖြစ်ပါသည်။

တရုတ်၊ ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် နည်းပညာနှင့်စီးပွားရေး အင်အားကြီးနိုင်ငံများ ဖြစ်ကြပါသည်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်သည် ဘရူနိုင်းနိုင်ငံ၌ ကျင်းပလျက်ရှိသော အာဆီယံထိပ်သီး အစည်းအဝေးများမှတစ်ဆင့် အာဆီယံနိုင်ငံ့ခေါင်းဆောင်များနှင့်သာမက အဆိုပါ ထိပ်သီးနိုင်ငံများနှင့်ပါ ထိတွေ့ဆွေးနွေးခဲ့ပါသည်။ အာဆီယံ-ဂျပန်၊ အာဆီယံ-ကိုရီးယား၊ အာဆီယံ-တရုတ်၊ အာဆီယံ-အမေရိကန် စသော ထိပ်သီးအစည်းအဝေးများမှတစ်ဆင့် မြန်မာ့ရေးရာ၊ ကမ္ဘာ့ရေးရာ အဖြာဖြာတို့ကို ဆွေးနွေးနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးအခွင့်အလမ်းများ တိုးပွားလာရေး ဆွေးနွေးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရမည်ဖြစ်ပါသည်။ ယခုထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် ပိုမိုခိုင်မာသောဆက်ဆံရေးကို ထူထောင်လာနိုင်ပြီး စီးပွားရေးနှင့် ကုန်သွယ်မှုအခွင့်အလမ်းများ ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်း ပြည်ပရင်းနှီးမြှုပ်နှံလုပ်ကိုင်သောလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးပွားလာမည် ဖြစ်ပါသည်။

ဤကဲ့သို့ နိုင်ငံတကာဆက်ဆံမှု တိုးတက်ကောင်းမွန်လာခြင်းအားဖြင့် နိုင်ငံသူနိုင်ငံသားများ၏ အကျိုးစီးပွားကို ပိုမိုဖော်ဆောင်ပေးနိုင်တော့မည် ဖြစ်ပါသည်။ ပို့ကုန်များ တိုးတက်လာခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာခြင်း၊ နိုင်ငံအချင်းချင်း၊ ပြည်သူအချင်းချင်း ကူလူးဆက်ဆံမှုများ တိုးတက်လာခြင်း၊ အပြန်အလှန် ပေါင်းစည်းဖလှယ်မှုကဏ္ဍများ အားကောင်းလာခြင်း စသော အကျိုးရလဒ်ကောင်းများ ရရှိလာမည်ဖြစ်ပါသည်။ နိုင်ငံ၏ ဆင်းရဲချမ်းသာကွာဟမှုကိုလည်း ကျဉ်းမြောင်းသည်ထက် ကျဉ်းမြောင်းလာအောင် ဖော်ဆောင်ပေးလာနိုင်မည် ဖြစ်ပါသည်။ လူမှုစီးပွားဘဝများလည်း တိုးတက်လာတော့မည်ဖြစ်ပါသည်။

ထိုသို့ နိုင်ငံတော်အပိုင်းက နိုင်ငံတကာဆက်ဆံရေးကို တိုးမြှင့်ဖော်ဆောင်နေချိန်တွင် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုသည်လည်း အထူးပင်လိုအပ်ပါသည်။ တည်ငြိမ်အေးချမ်းမှုသည် နိုင်ငံ၏ဂုဏ်ဒြပ်ကို တိုးပွားလာစေပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံက ကမ္ဘာ့ထိပ်သီးနိုင်ငံများနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်လာချိန်တွင် ပြည်သူတစ်ရပ်လုံးကလည်း တည်ငြိမ်အေးချမ်းရေးကို အထူးလေးစားတန်ဖိုးထားကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ဂျပန်သို့ ပိန်းဥများတင်ပို့ရန် စိုက်ပျိုးထား

နေပြည်တော် အောက်တိုဘာ ၁၀

နေပြည်တော်ကောင်စီ နယ်မြေ ဥတ္တရသီရိမြို့နယ် စက်စက်ယိုရေလွှဲဆည်အနီး၌ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရန် မျိုးကောင်းမျိုးသန့် သစ်သီးဝလံများ စိုက်ပျိုးနေပြီဖြစ်ကြောင်း အောက်တိုဘာ ၆ ရက်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် သွားရောက်ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ရေလွှဲဆည်အနီး၌မျိုးကောင်းမျိုးသန့် ပိန်နဲသီးစိုက်ခင်းနှင့် ထိုင်ဝမ် First Lady မျိုး သင်္ဘောသီးစိုက်ခင်းများအတွက် မြေယာပြုပြင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း၊ ဂျပန်ဈေးကွက်သို့ တင်ပို့ရန် ပိန်းဥစိုက်ခင်းများကိုလည်း စိုက်ပျိုးထားပြီဖြစ်ကြောင်းတာဝန်ရှိသူများက ရှင်းပြသည်။

“နိုင်ငံတော်အနေနဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေဖို့ အဓိကလုပ်ငန်းတာဝန်တစ်ရပ်ဖြစ်တဲ့ သုတေသနလုပ်ငန်းတွေ စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန် ပညာရှင်တွေအနေနဲ့ ကဏ္ဍအလိုက် သီးနှံအလိုက် မိမိတို့ ကျွမ်းကျင်တက်မြောက်ထားတဲ့ ပညာရပ်များနဲ့ပေါင်းစပ်ပြီး ဒေသရေမြေရာသီဥတုနဲ့ ကိုက်ညီတဲ့ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်တဲ့ ဈေးကွက်ဝင် သီးနှံအမယ်တွေကို သုတေသနပြု မျိုးပွားထုတ်လုပ်ပြီး တောင်သူများလက်ဝယ်သို့ အရောက် ဖြန့်ဖြူးပေးရမှာဖြစ်ပါတယ်” ဟု ဝန်ကြီးဦးမြင့်လှိုင်က တာဝန်ရှိသူများအား ပြောကြားသည်။

မည်သည့် စိုက်ပျိုးရေးထွက်ကုန်မဆို ဈေးကွက်မခိုင်မာပါက အခြေခံစိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူများအတွက် ဝင်ငွေအကျိုးအမြတ် မခံစားနိုင်ရုံမျှမက တောင်သူများ၏ ယုံကြည်မှုကိုပင် ပျက်ပြားစေနိုင်သည့်အတွက် အထူးအလေးထား၍ ဈေးကွက်ယှဉ်ပြိုင်တင်ပို့ ရောင်းချနိုင်သော သီးနှံအမယ်များကို ရွေးချယ်စိုက်ပျိုးရမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။ **(အပေါ်ပုံ)**

သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်သော တောင်သူများအနေဖြင့် ထွက်ရှိလာသော သစ်သီးဝလံများကို သမားရိုးကျကုန်ကြမ်းအဖြစ် တင်ပို့ရောင်းချခြင်းထက် ဈေးနှုန်းပိုမိုတွက်ခြေကိုက်ရန် ရေရှည်အထားခံ သိုလှောင်နိုင်သည့် ခေတ်မီသစ်သီးဝလံ အခြောက်ခံစက်ရုံများ၊ အအေးခန်းစက်ရုံများလည်းတည်ဆောက်ပြီး သစ်သီးဝလံများအရသာမပျက် အခြောက်ခံအေးခဲခြင်းစနစ်များဖြင့် နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့နိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်သည်။

တောင်သူများအနေဖြင့် စီးပွားရေးတွက်ခြေကိုက်သော သစ်သီးဝလံများကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းမှအမြောက်အမြား စိုက်ပျိုးထုတ်လုပ်ရောင်းချရတော့မည့်အချိန် ဖြစ်သည်။ ယခုအခါ ပြည်တွင်းဈေးကွက်များသို့ သစ်သီးဝလံများ အဆင့်မြင့် ထုပ်ပိုးပြီး တင်ပို့ရောင်းချနိုင်ပြီ ဖြစ်သည်။ သဘာဝနည်းအတိုင်း စိုက်ပျိုးသော သစ်သီးဝလံများကို နိုင်ငံတကာ ဈေးကွက်များကလည်း အလိုရှိနေသည်။ အရည်အသွေးကောင်းမွန်သော သစ်သီးဝလံများ သဘာဝနည်းအတိုင်း စိုက်ပျိုး ထုတ်လုပ်နိုင်မည်ဆိုပါက မြန်မာ့သစ်သီးဝလံ ဈေးကွက်သည် မကြာမီ နိုင်ငံတကာသို့ ထိုးဖောက်လာနိုင်မည်ဖြစ်သည်။

ယခုအခါ တောင်သူတို့စိတ်ကြိုက် ဈေးကွက် အလားအလာရှိသော သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ်လာနိုင်ပြီ ဖြစ်ပါသည်။ **မြင့်မောင်စိုး**

ထင်သာမြင်သာ ပြုပြင်စရာ

စည်းကမ်းမဲ့ယာဉ်များကြောင့် လမ်းပိတ်ဆို့

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ် စည်းကမ်းထိန်းသိမ်းရေးမှ စီမံချက်များချမှတ်ကာ ယာဉ်ကြောပိတ်ဆို့ခြင်းကို ကာကွယ်ရန်အတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မထသအဖွဲ့များမှ တာဝန်ရှိသူများ ဆောင်ရွက်နေချိန် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ စက်မှုဇုန်မှ ဘုရင့်နောင်တံတားဘက်သို့သွားသည့် လမ်းတွင် လမ်းအလယ်ကျွန်းကိုကျော်၍ စည်းကမ်းမဲ့စွာ လမ်းပြောင်းပြန်မောင်းနှင်လာသော လိုင်းကားကြောင့် တစ်ဖက်ယာဉ်ကြောပါပိတ်နေသည်ကို အောက်တိုဘာလဆန်းပိုင်းတွင် ဤကဲ့သို့တွေ့ခဲ့ရပြီး သက်ဆိုင်ရာက စိစစ်ကြပ်မတ်ပေးပါရန် လျှပ်တစ်ပြက်မြင်ကွင်းအဖြစ် ရေးသားဖော်ပြအပ်ပါသည်။

(လ/၀၁၆)

မြန်မာပြည်မှာ ပထမဆုံး အသံထွက် အက်ဆေး စာအုပ်
အင်္ဂလိပ်စာ ဆရာဘဝ နှစ် (၄၀)ပြည့် အထိမ်းအမှတ်
ဂုဏ်ထူး ဦးအောင်ခိုင်
အကြောင်းအရာ စုံလင်ပြီး အသံထွက်ပါ နားထောင်နိုင်တဲ့ ESSAYS & LETTERS (CD) နဲ့ အတူ သဒ္ဒါရဲ့ အခြေခံတွေကို ပြည့်ပြည့်စုံစုံ ရှင်းပြထားတဲ့ BASIC GRAMMAR စာအုပ် ထွက်ပါပြီ။
01 252 919

GOLDEN STAR
Ph 209200, 430480, 544303, 703440, 09-5046000

မြေရောင်းမည်
ဒလမြို့ ပေ၂၀×ပေ၆၀၊ (၅)ရပ်ကွက်၊ ဧရာဝတီလမ်းမ၊ စလစ်မြေ ရောင်းရန်
ဖုန်း-၀၉-၂၅၆၀၅၈၂၂၆၊ ၀၉-၄၃၁၅၉၉၄၇

ခြံဝင်းကျယ်ရောင်းရန်ရှိသည်
အင်းစိန်မြို့နယ် အောင်ဆန်းဈေးအနီးညောင်တစ်ပင်လမ်း(လမ်းသန့်၊ ဆိတ်ငြိမ်) မြေကွက် ပေ(၇၅×၁၉၂)ဘိုးဘွားပိုင်မြေ ညှိနှိုင်းဈေး။ ဖုန်း-၀၉-၇၃၂၀၀၁၉၄၊ ၀၉-၅၀၉၆၉၇၂

မှန် ဒေါက်တာ
U.S.
09-4211 51119, 09-4500 54449
09-7322 9563, 09-7312 0514
www.MhanDoctor.com facebook.com/MhanDoctor


T-Bar, L-Bar
01-541 018, 01-450 283, 09-730 20031
www.Thamardi.com facebook.com/Thamardi

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းဝန်ကြီးချုပ်၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၊ ဘရူနိုင်းဘုရင်၊ နယူးဇီလန်ဝန်ကြီးချုပ်တို့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေး

ဘန်ဒါဆရီဘီဂါဝန် အောက်တိုဘာ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ်နှင့် ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ ခေတ္တတည်းခိုသည့် အစိုးရဧည့်ဂေဟာ၌ တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များ၊ အိန္ဒိယ- မြန်မာ- ထိုင်း အဝေးပြေးလမ်းမတည်ဆောက်ရေး၊ မြဝတီနှင့် တာချီလိတ်မြို့တို့တွင် နယ်စပ်ကုန်သွယ်ရေးအဆင့်မှ ပုံမှန်ကုန်သွယ်ရေးအဆင့်သို့ တိုးမြှင့်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော်သမ္မတသည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျွန်ကယ်ရီအား အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ၏ တိုးတက်အောင်မြင်မှုများကို အမေရိကန်ပြည်ထောင်စုက ချီးကျူးအသိအမှတ်ပြုပြီး ကြုံတွေ့နေသည့်စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမေရိကန်ပြည်ထောင်စုက ပါဝင်ကူညီဆောင်ရွက်ရေး၊ အာဆီယံ-အမေရိကန် ဆက်ဆံရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင် ဝါဒိုလာနှင့် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံမှုနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးအလားအလာများ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်မှုတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၀ မိနစ်တွင် နိုင်ငံတော်သမ္မတသည် နယူးဇီလန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ဂျွန်ကီးနှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် အစိုးရချင်း၊ လွှတ်တော်ချင်းနှင့် ပြည်သူချင်း ဆက်ဆံမှုများ တိုးမြှင့်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သတ္တုနှင့် စွမ်းအင်ကဏ္ဍများတွင် နယူးဇီလန်ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာများ၊ မြန်မာနိုင်ငံမှ စိုက်ပျိုးရေးပညာတော်သင်များ စေလွှတ်နိုင်ရေး၊ ဆရာဆရာမများအား အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းများ ပို့ချရေး၊ အရှေ့အာရှထိပ်သီး အစည်းအဝေးအဖွဲ့ဝင်နိုင်ငံများအဖြစ် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ်တို့ တွေ့ဆုံ ဆွေးနွေးစဉ်။
(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ အထိမ်းအမှတ် အဆောက်အအုံ The Royal Regalia Building ၌ ခင်းကျင်းပြသထားသည့် အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။
(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း ဘန်ဒါဆရီဘီဂါဝန်မြို့အတွင်း လှည့်လည်လေ့လာ

ဘန်ဒါဆရီဘီဂါဝန် အောက်တိုဘာ ၁၀

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ အထိမ်းအမှတ်အဆောက်အအုံတစ်ခုဖြစ်သည့် The Royal Regalia Building ကို သွားရောက်ပြီး အဆောက်အအုံအတွင်း ခင်းကျင်းပြသထားသည့် ၁၉၆၈ ခုနှစ်က ဘရူနိုင်းဘုရင်နန်းတက်ပွဲကျင်းပစဉ် အသုံးပြုခဲ့သော တော်ဝင်အသုံးအဆောင်များ ပြခန်း၊ တော်ဝင်ပြခန်း၊ နန်းတက်ငွေရတုပြခန်းနှင့် ဘရူနိုင်းနိုင်ငံ၏သမိုင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတ၏ဇနီးသည် ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ စိုက်ပျိုးရေးနည်းပညာဥယျာဉ် (Agrotechnology Park) သို့ရောက်ရှိပြီး ဥယျာဉ်အတွင်း ခေတ်မီနည်းပညာဖြင့် စိုက်ပျိုးပြသထားသည်များကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဥယျာဉ်အတွင်း၌ သုံးရောင်စပ်အပင် (Medisca Almond)ကို အမှတ်တရအဖြစ် စိုက်ပျိုးပေးပြီး Green House အတွင်း ဟင်းသီးဟင်းရွက်၊ သစ်ခွနှင့် ပန်းအလှပင်များ စိုက်ပျိုးပြသထားမှုကို လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။

တွေ့ဆုံနှုတ်ဆက်

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ၏ ဇနီးဒေါ်ခင်ခင်ဝင်းသည် မလေးရှားနိုင်ငံဝန်ကြီးချုပ်၏ ဇနီးနှင့်အတူ ဘရူနိုင်းဘုရင့်နန်းတော်သို့ သွားရောက်၍ ဘုရင့်ကြင်ရာတော်အား ထပ်မံတွေ့ဆုံနှုတ်ဆက်ခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတကာဆောက်လုပ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက်

နိုင်ငံတကာဆောက်လုပ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုသည် အရည်အချင်းပြည့်ဝသော မြန်မာနိုင်ငံသားကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ကိုင်မည့်သူကို ရှာဖွေလျက်ရှိပါသည်။ ကျွန်ုပ်တို့ကုမ္ပဏီတွင် နိုင်ငံတကာအဆင့်မီ စိတ်ကူးနှင့် ဘဏ္ဍာရေးလုပ်ငန်းလုပ်ကိုင်မှုအတွေ့အကြုံကောင်းများ ပိုင်ဆိုင်ထားပါသည်။ မြေပိုင်ရှင်များအနေဖြင့် ၄င်းတို့၏မြေပေါ်တွင် အဆောက်အအုံဆောက်လိုပါက ကျွန်ုပ်တို့ဘက်မှ အကောင်းဆုံးဆောက်လုပ်ပေးပါမည်။ မြန်မာနိုင်ငံမှ စိတ်ဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများနှင့်လည်း ပူးပေါင်းဆောင်ရွက်လိုပါသည်။ ပူးပေါင်းဆောင်ရွက်မည့် မြန်မာအင်ဂျင်နီယာများကိုလည်း နိုင်ငံတကာစံချိန်မီအဆောက်အအုံများ ဆောက်လုပ်နိုင်ရန်နှင့် နိုင်ငံခြားအင်ဂျင်နီယာများနှင့် ပူးပေါင်းဆောင်ရွက်ရန် သင်တန်းများပို့ချကူညီပေးသွားမည်ဖြစ်ပါသည်။

(၁) ပုဂ္ဂလိက(သို့မဟုတ်) ကုမ္ပဏီဧရိယာ ၂ ဧကမှ ဧက ၂၀အတွင်း နေရာကောင်း အဆောက်အအုံ ဆောက်နိုင်သောနေရာ။
(၂) နှစ်ဦးနှစ်ဖက် သဘောတူညီချက်နှင့် ရင်းနှီးမြှုပ်နှံမှုအရ ဝင်ငွေကိုခွဲဝေခြင်း။
(၃) မြို့လယ်ကောင်မြေနေရာ (သို့မဟုတ်) ယာဉ်အသွားအလာများသော လမ်းမကြီးဘေး။

ဖုန်း-၀၉-၄၃၁၀၀၈၈၄၊ ၀၁-၆၆၇၆၁၈၊ ၀၉-၄၅၀၀၁၁၀၂၇၊ ၀၉-၈၆၃၄၀၉၉
E-mail:braver 2013 ww.@gmail.com

နိုင်ငံတကာသတင်း

အီဂျစ်ကိုပေးမည့် စစ်ရေးအကူအညီ အမေရိကန်ရပ်ဆိုင်း

ဝါရှင်တန် အောက်တိုဘာ ၁၀

အမေရိကန်က အီဂျစ်အစိုးရအားပေးမည့်စစ်ရေးအကူအညီ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ၏ အစိတ်အပိုင်းကို ဆိုင်းငံ့လိုက်ပြီဖြစ်ကြောင်း အောက်တိုဘာ ၁၀ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အီဂျစ်အစိုးရကိုပေးမည့် စစ်ရေးအကူအညီငွေကြေးနှင့်နည်းပညာများ ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးရုံးက ပြောသည်။ ဩဂုတ်လအတွင်းက ဖြုတ်ချခံရသော အီဂျစ်သမ္မတကို ထောက်ခံသူများအား ဖြိုခွင်းခဲ့သည့်အတွက် ပြည်သူထောင်ပေါင်းများစွာ သေဆုံးခဲ့ရသည်။

လွတ်လပ်၍တရားသဖြင့် ရွေးကောက်တင်မြှောက်ထားသော အရပ်သားများကိုသာ ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျန်ပါဆကီက ပြောသည်။

အမေရိကန်က ငွေကြေးအကူအညီပေးမှု ရပ်ဆိုင်းလိုက်သည့်အပြင် ဒုံးကျည်များ၊ တင့်ကားနှင့်အပါချီရဟတ်ယာဉ်များ ထောက်ပံ့ပေးခြင်းကိုပါ ရပ်ဆိုင်းလိုက်သည်။

(ဘီဘီစီ)

ဗြိတိန်နှင့် အီရန်တို့အကြား သံရုံးများ ပြန်ဖွင့်ရန်ဆွေးနွေး

လန်ဒန် အောက်တိုဘာ ၁၀

ဗြိတိန်နိုင်ငံနှင့်အီရန်နိုင်ငံတို့သည် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးကို ပြန်လည်ကောင်းမွန်လာရန် ရည်ရွယ်၍ လန်ဒန်နှင့် တီဟီရန်မြို့ အသီးသီးတို့၌ သံရုံးများ ပြန်လည်ဖွင့်လှစ်ရန် ဆွေးနွေးနေကြပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် အောက်တိုဘာ ၉ ရက်က ရေးသားထားသည်။

အောက်တိုဘာ ၈ ရက်တွင် ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဝီလျံဟာဂျူးက ပါလီမန်သို့ပြောကြားရာတွင် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ရန် နှစ်နိုင်ငံစလုံးက သံရုံး ယာယီတာဝန်ခံများ ရွေးချယ်လိမ့်မည်ဟုဆိုသည်။ လက်ရှိနှစ်နိုင်ငံကြား ဆက်ဆံရေးမှာ အီရန်နျူကလီးယား အစီအစဉ်နှင့် ပတ်သက်၍တင်းမာနေဆဲပင်ဖြစ်သည်။

အဆိုပါ သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ရေးအစီအစဉ်နှင့်ပတ်သက်၍ ယခင်ရက်က အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်နှင့် ဖုန်းဆက်ပြီး သဘောတူညီမှု ရရှိထားပြီးဖြစ်ကြောင်း ဟာဂျူးကပြောသည်။

ဗြိတိန်အပါအဝင် အခြားနိုင်ငံများက အီရန်အပေါ်ထားသော အရေးယူပိတ်ဆို့မှုများအား ဖြေလျှော့ပေးဖို့ဆိုလျှင်မူ အီရန်နိုင်ငံအနေဖြင့် ၎င်းတို့၏နျူကလီးယားပေါ်လစီ ပြောင်းလဲမှုအကြောင်းကို ခိုင်လုံသော သက်သေပြမှုလိုအပ်မည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးက ဆိုသည်။

အဆိုပါ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်သည့် လိုက်လျောမှုများကို အီရန်နိုင်ငံက အောက်တိုဘာ ၁၀ ရက် ဂျီနီဗာမြို့တွေ့ဆုံပွဲတွင် လိုက်လျောပေးဖွယ်ရှိကြောင်း ၎င်းကမျှော်လင့်ထားသည်။

အီရန်နိုင်ငံသည် ဩဂုတ်လက ဟက်ဆန်ရိုဟာနီသမ္မတဖြစ်ချိန်မှစ၍ အနောက်နိုင်ငံများနှင့်ဆက်ဆံရေး ပြေပြစ်လာခြင်းဖြစ်သည်။

အမေရိကန်သည်လည်း အီရန်နှင့်ဆက်ဆံရေးတိုးတက်မှုခြေလှမ်းများ ရရှိနေလျက်ရှိပြီး သမ္မတအိုဘားမားသည် ပြီးခဲ့သည့်လက အီရန်သမ္မတ ရိုဟာနီနှင့်ဖုန်းဆက်ပြောဆိုဆက်ဆံမှုများရှိခဲ့သည်ဟု သိရသည်။

(အင်န်အိတ်ချ်ကေ)

လစ်ဗျားဝန်ကြီးချုပ် ဇီဒန်း

လစ်ဗျားဝန်ကြီးချုပ် ဇီဒန်းအား မြို့တော်ထရီပိုလီ၌ သေနတ်သမားများက ခြောက်နာရီကြာ ပြန်ပေးဆွဲ

ထရီပိုလီ အောက်တိုဘာ ၁၀

လစ်ဗျားဝန်ကြီးချုပ် အလီဇီဒန်းအား မြို့တော်ထရီပိုလီရှိ လုံခြုံရေးတင်းကျပ်ထားသော ဟိုတယ်တစ်ခုမှ နေ၍ သေနတ်သမားများက ဖမ်းဆီးသွားပြီးနောက် ခြောက်နာရီခန့်အကြာတွင် ပြန်လည်လွတ်မြောက်လာကြောင်း အောက်တိုဘာ ၁၀ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မစ္စတာဇီဒန်းအား မည်သည့်အကြောင်းပြချက်မျှမရှိဘဲ သေနတ်သမားများက အမည်မသိနေရာသို့ ခေါ်ဆောင်သွားကြောင်း အစိုးရ ဝက်ဘ်ဆိုက်တစ်ခု၌ ဖော်ပြထားသည်။ ၎င်းအား ရာဇဝတ်မှုတိုက်ဖျက်ရေး ပြည်သူ့စစ်အဖွဲ့ဝင်တစ်ဦးက ဖမ်းဆီးသွားကြောင်း၊ အသေးစိတ်မသိရသေးကြောင်း သတင်းရပ်ကွက်များကပြောသည်။ သို့သော်လည်း အချို့က ပြန်ပေးဆွဲခံရသည်ဟု ဆိုသည်။ ၎င်းက အောက်တိုဘာ ၈ ရက်က လစ်ဗျားနိုင်ငံအတွင်း ရန်လိုအကြမ်းဖက်မှုများ ရပ်တန့်ပေးရန် အနောက်နိုင်ငံများက ကူညီပေးရန် ဆော်ဩတိုက်တွန်းလိုက်သည်။

အစိုးရဝန်ကြီးအဖွဲ့ ချက်ချင်းအစည်းအဝေးခေါ်ယူလိုက်ပြီး ဒုတိယဝန်ကြီးချုပ် ဦးဆောင်မှုဖြင့် အကြမ်းဖက်လုပ်ရပ်အပေါ် ရှုတ်ချလိုက်သည်။ မွမ်မာကဒါဖီအား ဖြုတ်ချပြီး နှစ်နှစ်အကြာ လစ်ဗျားအစိုးရသည် နိုင်ငံကို ပြည်သူ့စစ်နှင့် စစ်သွေးကြွတို့၏ အစိတ်အပိုင်းများ ထိန်းချုပ်မှုဖြင့် ရုန်းကန်ကြိုးစားနေရသည်။ ထရီပိုလီမြို့၌ အမေရိကန်ကဖမ်းဆီးထားသော အယ်လ်ခိုင်ဒါ ခေါင်းဆောင်ဟု သံသယရှိသူ အနတ်(စ်)အယ်လ်လီဘိုင်အား ပြန်လွှတ်ပေးရန် တောင်းဆိုထားသည်။ မစ္စတာလီဘိုင်သည် ၁၉၉၈ခုနှစ်က ကင်ညာနှင့် တန်ဇန်းနီးယားရှိ အမေရိကန်သံရုံးများကို ဗုံးခွဲမှုဖြင့် ဖမ်းဆီးထားသည်။

(ဘီဘီစီ)

\- - - - - - - - - - - - - - - - - -

ဆီးရီးယားဓာတုလက်နက်များစစ်ဆေးရန် ဒုတိယမြောက်စစ်ဆေးရေးအဖွဲ့ စေလွှတ်မည်

ဒမတ်စကတ် အောက်တိုဘာ ၁၀

ဆီးရီးယားဓာတုလက်နက်ဖျက်သိမ်းရေးလုပ်ငန်းစဉ်တွင် ထိရောက်စွာ ကူညီဆောင်ရွက်ပေးနိုင်ရန် ဒုတိယမြောက် စုံစမ်းစစ်ဆေးရေး အဖွဲ့ကို ဆီးရီးယားသို့စေလွှတ်မည်ဖြစ်ကြောင်း ကမ္ဘာ့ဓာတုလက်နက် စောင့်ကြည့်ရေးအဖွဲ့က ပြောသည်။

အဆိုပါ ဓာတုလက်နက်များဖျက်သိမ်းရာတွင် အပြုသဘောဆောင်သော ခြေလှမ်းများဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း ဓာတုလက်နက် တားဆီးရေးအဖွဲ့ အိုပီစီဒဗလျူက ပြောသည်။

သို့ရာတွင် များပြားလှသော အထူးစုံစမ်းစစ်ဆေးရေးမှူးများအား ဖြန့်ကြက်ချထားသည့် နေရာနှင့် အချိန်တို့ကို အဆိုပါအဖွဲ့က ပြောကြားခြင်းမရှိကြောင်း ၎င်းအဖွဲ့က ပြောသည်။ ကုလသမဂ္ဂ ဆုံးဖြတ်ချက်အရ ဆီးရီးယားဓာတုလက်နက်များကို နိုဝင်ဘာ ၁ ရက် နောက်ဆုံးထားပြီး ဖျက်ဆီးရမည်ဟု ဆိုသည်။

(ဘီဘီစီ)

ရောမ အောက်တိုဘာ ၁၀

စွန့်ပစ်ပလတ်စတစ်ညစ်ညမ်းမှုသည် သမုဒ္ဒရာများကို ခြိမ်းခြောက်လာသကဲ့သို့ ရေကန်များသည်လည်းခြိမ်းခြောက်ခံနေရကြောင်း အီတလီသုတေသနပညာရှင်များက လေ့လာတွေ့ရှိထားသည်။

သုတေသနပညာရှင်များသည် အီတလီနိုင်ငံ၏ နာမည်ကြီး ရေကန်ကြီးဖြစ်သည့် ဂါဒါရေကန်ကြီးမှ ရေနမူနာများကို သုတေသနပြုလေ့လာခဲ့ကြရာ ညစ်ညမ်းမှုများကို တွေ့ရှိရသည်ဟု ဆိုသည်။

ပင်လယ်သမုဒ္ဒရာများတွင်တွေ့ရှိရသော ပလတ်စတစ်ညစ်ညမ်းမှုနှင့်တူညီစွာ တွေ့ရှိနေရကြောင်း အဆိုပါ သုတေသနပညာရှင်များက ပြောကြားသည်။ ရေချိုငါးမျိုးစိတ်များအတွင်း အလွန်သေးငယ်သော ပလတ်စတစ်အမှုန်အမွှားလေးများ စုပြုံလာပြီး အစာကွင်းဆက်ထိခိုက်ပျက်စီးမည်ကို စိုးရိမ်ပူပန်လျက်ရှိသည်။ ကမ္ဘာ့သမုဒ္ဒရာများအတွင်း များပြားလာသော ညစ်ညမ်းပလတ်စတစ်များနှင့်ပတ်သက်၍ မကြာသေးသည့် နှစ်များက မှတ်တမ်းများထုတ်ပြန်ခဲ့သည်ဟု ဆိုသည်။

ကြီးမားသော ပလတ်စတစ်အပိုင်းအစများကို ပင်လယ်သတ္တဝါများစားမိပါက အသက်ရှူကျပ်သေဆုံးနိုင်သည်။ သို့သော်လည်း ရေကန်များအတွင်းရှိ ပလတ်စတစ်များနှင့်ပတ်သက်ပြီး သုတေသီများက လေ့လာမှုမရှိခဲ့ဟုဆိုသည်။ ယခုအခါ ယင်းကိစ္စအတွက် သုတေသနပြုခဲ့ရာ သမုဒ္ဒရာများကဲ့သို့ ကန်များသည်လည်း ပလတ်စတစ်အန္တရာယ် ခြိမ်းခြောက်လာနေသည်ကို တွေ့ရသည်ဟုဆိုသည်။ အီတလီနိုင်ငံက ဂါဒါရေကန်ကြီးအတွင်း သုတေသနပြုခဲ့ရာ တစ်စတုရန်းမီတာအတွင်း ကြီးမားသော ပလတ်စတစ်အမှုန် ၁၀၀၀ခန့် တွေ့ရှိရသည်ဟု ဆိုသည်။ ယင်းတစ်နေရာတည်းတွင် သေးငယ်သော ပလတ်စတစ်အမှုန် ၄၅၀ တွေ့ရှိရသည်ဟု ဆိုသည်။

(ဘီဘီစီ)

ကန်ရေတပ်ဗိုလ်ချုပ်ကြီး လောင်းကစားမှုဖြင့် ရာထူးမှ ဖယ်ရှားခံရ

ဝါရှင်တန် အောက်တိုဘာ ၁၀

အမေရိကန် နျူကလီးယား လက်နက်တပ်ဖွဲ့၏ ပင်လယ်ရပ်ခြားတာဝန်ထမ်းဆောင်နေသော ရေတပ်ဗိုလ်ချုပ်ကြီးအား ရာထူးမှ ဖယ်ရှားလိုက်ကြောင်း ရေတပ်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ရေတပ် ဒုတိယဗိုလ်ချုပ်ကြီး တင်ဂီယာဒင်နာသည် အမေရိကန် မဟာဗျူဟာလက်နက်တပ်၏ ဒုတိယအကြီးအကဲဖြစ်သည်။ ၎င်းကို တရားမဝင် လောင်းကစားလုပ်ငန်းများ ပြုလုပ်မှုဖြင့် စုံစမ်းစစ်ဆေးလျက်ရှိသည်။

အဆိုပါ ပုဂ္ဂိုလ်သည် အိုင်အိုဝါကာစီနိုဝိုင်းတစ်ခုတွင် အထူးငွေကြေးပမာဏများစွာ ထည့်သွင်းထားသော လောင်းကစား ချစ်ပြားအတုများကိုအသုံးပြုခဲ့သည်ဟု စွပ်စွဲခံနေရသည်။ ယင်းစွဲချက်များနှင့် အတူ မဟာဗျူဟာ လက်နက်တပ်၏ ဒုတိယအကြီးအကဲရာထူးမှ ဖယ်ရှားလိုက်ပြီဖြစ်ကြောင်း ရေတပ်ထိပ်တန်းပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘိုင်က အောက်တိုဘာ ၉ ရက်တွင် ကြေညာသည်။

(ဘီဘီစီ)

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဦးညဏ်ထွန်း စီးပွားရေးလုပ်ငန်းရှင်များ ထိပ်သီးအစည်းအဝေးတက်ရန် မလေးရှားထွက်ခွာ

ဒုတိယသမ္မတ ဦးညဏ်ထွန်း နှင့် အဖွဲ့ စတုတ္ထအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များ ထိပ်သီး အစည်းအဝေး တက်ရောက်ရန် မလေးရှားနိုင်ငံသို့ ထွက်ခွာရာ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သူများနှင့် တွေ့ရစဉ်။ (သတင်းစဉ်)

ကွာလာလမ်ပူ အောက်တိုဘာ ၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အဖွဲ့သည် မလေးရှားနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ အောက်တိုဘာ ၁၁ ရက်မှ ၁၂ ရက်အထိကျင်းပမည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များ ထိပ်သီးအစည်းအဝေး (Fourth Global Entrepreneurship Summit -GES 2013) တက်ရောက်ရန် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြပြီး မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ညနေ ၄ နာရီခွဲတွင် ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့် အဖွဲ့အား မလေးရှားနိုင်ငံ သံတမန်ရေးရာ ဦးစီးဌာန ဒုတိယအကြီးအကဲ Mr. Mohd Aini Atan နှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများက ကွာလာလမ်ပူမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Prince ဟိုတယ်သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာပွင့်ဆန်းနှင့် တာဝန်ရှိသူများလိုက်ပါသွားကြသည်။

(သတင်းစဉ်)

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲဆိုင်ရာနှင့် မီးထွန်းညှိတိုင်သယ်ယူခြင်းနှင့်ပတ်သက်၍ တွေ့ဆုံရှင်းလင်းပွဲ ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၁၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားအတွက် ဖျော်ဖြေရေးလုပ်ငန်းများနှင့် လက်ကိုင်မီးထွန်းညှိတိုင် သယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အစီအစဉ်များနှင့်ပတ်သက်၍ တွေ့ဆုံရှင်းလင်းပွဲကို အောက်တိုဘာ ၁၂ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ယဉ်ကျေးမှုဝန်ကြီးဌာနကဦးစီး၍ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော သတင်းမီဒီယာများမှ သတင်းထောက်များ တက်ရောက်နိုင်ကြောင်းဖြင့် ဖိတ်ကြားထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့ တို့ နားလည်မှုနှင့်ယုံကြည်မှုများ ပိုမိုတည်ဆောက်နိုင်ခဲ့ပြီး သဘောတူညီချက်အသစ်များ ထပ်မံရရှိ

နေပြည်တော် အောက်တိုဘာ ၁၀

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် ကေအိုင်အို ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ မနောကွင်းအနီးရှိ မဂ္ဂလာခန်းမ၌ တတိယနေ့အဖြစ် တွေ့ဆုံပြီး နှစ်ဖက်အဖွဲ့သဘောတူညီမှု မရရှိသေးသည့် ကိစ္စရပ်များအား အပြီးသတ်တွေ့ဆုံ ညှိနှိုင်းအဖြေရှာဆောင်ရွက်ရာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက မေ ၃၀ ရက် သဘောတူညီချက်နောက်ပိုင်း နှစ်ဖက်ဖြစ်ပေါ်တိုးတက်မှုကိစ္စရပ်များ၊ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးကိစ္စရပ်များ၊ နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုကိစ္စရပ်များ၊ တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ တိုက်ပွဲများ ဆက်လက်မဖြစ်ပွားရေး ကိစ္စရပ်များကို သဘောတူညီချက် ရရှိအောင် နှစ်ဖက်အဖွဲ့ဆွေးနွေးညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထို့အတူ ပူးတွဲစောင့်ကြည့်ရေးကော်မတီဆိုင်ရာကိစ္စရပ်များကိုလည်း မူအားဖြင့် သဘောတူညီမှုရရှိခဲ့ပါကြောင်း၊ ထို့အပြင် IDPs ကိစ္စရပ်များကိုလည်း စီမံချက်နှင့်တကွ စနစ်တကျ ဆောင်ရွက်နိုင်ရန် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့ဆွေးနွေးပွဲမှ နှစ်ဖက်အဖွဲ့သဘောတူညီချက်များ၊ တိုးတက်ရရှိအောင် အားလုံးက ကြိုးစားဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကေအိုင်အိုကိုယ်စားလှယ်ခေါင်းဆောင် ဦးဆွမ်လွတ်ဂမ်က ယခုအကြိမ်ဆွေးနွေးပွဲတွင် ကိစ္စရပ်တော်တော်များများကို နှစ်ဖက်အဖွဲ့ သဘောတူညီမှုရရှိအောင် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ သဘောတူညီမှုမရရှိ၍ မပြီးပြတ်သေးသည့်ကိစ္စရပ်များနှင့် လိုအပ်သည်များကိုလည်း အဖြေရရှိအောင် တက်ရောက်လာကြသူအားလုံးက စိတ်ပါဝင်စားစွာ၊ စိတ်အားထက်သန်စွာဖြင့် ပါဝင်ဆွေးနွေးကြရန် မေတ္တာရပ်ခံပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နှစ်ဖက်အဖွဲ့ ကိုယ်စားလှယ်များသည် သဘောတူညီမှုမရရှိ၍ မပြီးပြတ်သေးသည့် IDPs ကိစ္စရပ်များဖြစ်သော လိုအပ်သည့် စစ်တမ်းများ ကောက်ယူ၍ သဘောထားခံယူရေး၊ ဘေးကင်းလုံခြုံရေးနှင့် ပူးတွဲ စောင့်ကြည့်ရေးကော်မတီကိစ္စရပ်ဆိုင်ရာများကို အသေးစိတ် အကျေအလည် ဆွေးနွေးကြပြီး သဘောတူညီချက်များထုတ်ပြန်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းကာ တွေ့ဆုံဆွေးနွေးပွဲကို ခေတ္တရပ်နားလိုက်သည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဦးဆွမ်လွတ်ဂမ် ခေါင်းဆောင်သော ကေအိုင်အိုကိုယ်စားလှယ်အဖွဲ့တို့သည် ဆွေးနွေးပွဲသို့ လေ့လာသူများအဖြစ်တက်ရောက်လာကြသူများ၏ ရှေ့မှောက်၌ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကေအိုင်အိုကိုယ်စားလှယ်အဖွဲ့တို့၏ သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ဆွေးနွေးပွဲအပြီးတွင် အဆိုပါခန်းမ၌ သတင်းစာရှင်းလင်းပွဲ **(အပေါ်ယာပုံ)**ကို ဆက်လက်ကျင်းပ၍ သတင်းမီဒီယာများ၏ တပ်ပိုင်းဆိုင်ရာကိစ္စရပ်များ၊ ပူးတွဲစောင့်ကြည့်ရေးကော်မတီကိစ္စရပ်များ၊ တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေး ကိစ္စရပ်များ၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုကိစ္စရပ်များနှင့် IDPs ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မေးမြန်းမှုများကို နှစ်ဖက်အဖွဲ့ကိုယ်စားလှယ်များက ပြန်လည်ဖြေကြားခဲ့ကြပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဦးဝင်းထွန်းနှင့် ဦးခင်မောင်စိုး၊ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး၊ ပြည်နယ်ဝန်ကြီးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းမှူးဗိုလ်ချုပ်ထွန်းထွန်းနောင်၊ တိုင်းမှူးဗိုလ်ချုပ်အောင်စိုး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဒုတိယရှေ့နေချုပ်ဦးထွန်းထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြပြီး UNFC တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြစ်ကြသည့် KNU၊ RCSS/ SSA၊ UWSA ၊ABSDF၊ MNSP၊ PLNO၊ SSPP၊ PSLF/ TNLA ၊ CNF နှင့် NDAA အဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အထူးကိုယ်စားလှယ်နှင့်အဖွဲ့ဝင်များ၊ မြစ်ကြီးနားမြို့ရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရှမ်းယဉ်ကျေးမှုအဖွဲ့နှင့် ကချင်လူမျိုးများ ရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီတို့မှ ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖများလည်း လေ့လာသူများအဖြစ်တက်ရောက်ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းနှင့် အဖွဲ့ဝင်များသည် ဦးဆွမ်လွတ်ဂမ်ခေါင်းဆောင်သောကေအိုင်အိုကိုယ်စားလှယ်အဖွဲ့များ၊ လေ့လာသူများအဖြစ် တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ မဂ္ဂလာခန်းမ၌ ညစာကို အတူတကွ သုံးဆောင်ကြသည်။ **(သတင်းစဉ်)**

ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော်

ခွဲစိတ်ရန်မလို၊ နာကျင်မှုမရှိဘဲ အသံလှိုင်းသုံး ခေတ်မီကျောက်ခွဲစက်ဖြင့်အကောင်းဆုံးကုသပေးနေပါပြီ။

- ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းတို့တွင် နာတာရှည်ကျောက်တည်ပါက ကျောက်ကပ်ပျက်စီးစေနိုင်ပါသည်။
- ဝေဒနာခံစားနေရသူတိုင်း ဆေးရုံတက်ရန်မလို၊ မနာမကျင်ဘဲ ရောဂါပျောက်ကင်းအောင် အသံလှိုင်းသုံး ခေတ်မီကျောက်ခွဲစက်ဖြင့် မေ့ဆေး၊ ထုံဆေးပေးရန်မလို၊ ခွဲစိတ်ရန်မလိုဘဲ ကုသနိုင်ပါပြီ။
- လူကြီးမင်း၏ ကျောက်ကပ်နှင့် ဆီးလမ်းကြောင်း ကျောက်တည်ခြင်းဝေဒနာကို အမြန်ဆုံးလာရောက်ကုသမှုခံယူနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ → ပျဉ်းမနား-တောင်ငူလမ်းမကြီး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

ဆက်သွယ်ရန်ဖုန်း →

"Best Quality, Best Care"

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အပြည်ပြည်ဆိုင်ရာပါလီမန်များသမဂ္ဂ ညီလာခံ ပိတ်ပွဲအခမ်းအနားသို့တက်ရောက်

နေပြည်တော် အောက်တိုဘာ ၁၀

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် အောက်တိုဘာ ၉ ရက် နံနက် ၁၁ နာရီတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပလျက်ရှိသည့် (၁၂၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ပါလီမန်များသမဂ္ဂ (IPU) ၏ တတိယနေ့အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။ (ယာပုံ)

ယင်းနောက် ညနေ ၄ နာရီတွင် အစည်းအဝေးပိတ်ပွဲ အခမ်းအနားကို ကျင်းပရာ ညီလာခံဥက္ကဋ္ဌ H.E.Mr. Abdulwahad Radi က မိန့်ခွန်း ပြောကြားခဲ့သည်။

တွေ့ဆုံ

ပြည်ထောင်စု လွှတ်တော်နာယက သည် နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ Hon.Ms. Meria Kumar (Speaker of Sabha) နှင့် CICG ဧည့်ခန်းမဆောင်၌ လည်းကောင်း၊ ဂျီနီဗာအခြေစိုက်၊ ကမ္ဘာ့စီးပွားရေးဖိုရမ်၊ အကြီးတန်း ညွှန်ကြားရေးမှူး Mr. Sushent Palakurthi Rao နှင့် အဖွဲ့အားလည်းကောင်း တွေ့ဆုံခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယက သည် ဆွစ်ဇာလန်နိုင်ငံ Speaker of the Council of States H.E.Mr. Filippo Lombardi ၏ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီး သွားရောက်ရန် ဂျီနီဗာမြို့မှ ညနေ ၆ နာရီတွင် ထွက်ခွာခဲ့ရာ ဆွစ်ဇာလန်နိုင်ငံ ဘန်းမြို့သို့ ည ၈ နာရီတွင် ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

▲ *ကျောဖုံးမှ*

ကချင်ပြည်နယ် ရှမ်းမျိုးနွယ်စုများ စာပေနှင့်ယဉ်ကျေးမှုကော်မတီမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးဆွေးနွေးရေး အကျိုးဆောင်အဖွဲ့ (Peace- talk Creation Group) အဖွဲ့ဝင်များနှင့်ဖိတ်ကြားထားသည့် မြို့မိမြို့ဖ(၁၀)ဦးတို့တက်ရောက်ခဲ့ကြပါသည်။

၂။ တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်ရေးကို အာမခံနိုင်သည့် နိုင်ငံရေးအရ သဘောတူညီမှုများ ထွက်ပေါ်လာနိုင်ရေးကို ဦးတည်၍ နှစ်ဖက်ကိုယ်စားလှယ်များမှ အသိသက်သေများရှေ့မှောက်တွင် အောက်ပါအချက်များအား နှစ်ဦးနှစ်ဖက် သဘောတူအတည်ပြုကြပါသည်-

(က) နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ (Political Dialogue) ကျင်းပနိုင်ရန်အတွက် ပြင်ဆင်မှုဖြစ်သော တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးတွင် ပါဝင်ရန် ကေအိုင်အိုအား ဖိတ်ခေါ်သည်ဖြစ်သောကြောင့် ကြိုတင်ဆွေးနွေးညှိနှိုင်းသည့် လုပ်ငန်းစဉ်အနေဖြင့် အောက်ဖော်ပြပါအတိုင်း ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် သဘောတူသည်-

  (၁) ပြည်ထောင်စုအစိုးရမှ စီမံချက်များကိုပေးပို့ခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်ဆောင်ရွက်မည်။

  (၂) ကေအိုင်အိုကိုယ်စားလှယ်အဖွဲ့မှ တောင်းဆိုသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များညီလာခံ (Ethnic Armed Groups Conference) ကျင်းပမည်။

(ခ) ၂၀၁၃ ခုနှစ်၊ မေလ ၂၈-၃၀ ရက်နေ့အတွင်း ဆွေးနွေးပွဲရလဒ်များကြောင့် ပစ်ခတ်တိုက်ခိုက်မှုများ လျှော့ချနိုင်ခြင်း၊ နှစ်ဖက်ထိတွေ့ဆက်ဆံမှုများ တိုးတက်ဆောင်ရွက်နိုင်ခြင်းတို့အပေါ် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့မှ အသိအမှတ်ပြုပြီး ပစ်ခတ်တိုက်ခိုက်မှုများ ထပ်မံမဖြစ်ပွားစေရေးကို ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန် သဘောတူသည်။

(ဂ) နယ်မြေလုံခြုံရေး အခြေအနေအရ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ကြသော ပြည်သူများမူလနေထိုင်ရာအရပ်သို့ ပြန်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အခြေခံရမည့်မူများနှင့် စီမံချက်တစ်ရပ်ရေးဆွဲနိုင်ရန် နှစ်ဖက်အဖွဲ့များ၏ အလုပ်အဖွဲ့ (Technical Team) များနှင့်သက်ဆိုင်ရာဌာနများဆက်လက်ညှိနှိုင်းဆောင်ရွက်ရန်နှင့် အနည်းဆုံးရွာ(၄)ရွာကိုရွေးချယ်ပြီး ရှေးဦးစီမံချက် (Pilot Project) အဖြစ် ညှိနှိုင်းအကောင်အထည်ဖော်သွားရန် သဘောတူသည်။

(ဃ) စစ်ရှိန်လျှော့ချရေးနှင့် တိုက်ပွဲများ ထပ်မံမဖြစ်ပွားစေရေးအတွက် ပူးတွဲစောင့်ကြည့်ကြီးကြပ်ရေးကော်မတီ (Joint Monitoring Committee) အား ပဋိပက္ခဖြစ်ပွားရာ ဒေသအားလုံး အကျုံးဝင်စေမည့် ဖွဲ့စည်းပုံဖြင့် ဖွဲ့စည်းသွားရန် သဘောတူသည်။ ပူးတွဲစောင့်ကြည့်ကြီးကြပ်ရေးကော်မတီအခြေပြဇယား (Joint Monitoring Committee Structure) (ပူးတွဲ ၁)နှင့် ပူးတွဲစောင့်ကြည့်ရေးတွင် ဆောင်ရန် ရှောင်ရန် အခြေခံမူ(၅)ချက်နှင့် စည်းကမ်းချက် (၁၈)ချက်တို့ ပါဝင်သည့် (ပူးတွဲ ၂)ကို အခြေခံ၍ အသေးစိတ်စီမံချက် (Operational Plan) ချမှတ်နိုင်ရန် နှစ်ဖက်နည်းပညာအထောက်အကူပြုအဖွဲ့များအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

(င) ပဋိပက္ခကြောင့် ပုံမှန်သွားလာနိုင်မှုမရှိသော အများပြည်သူအသုံးပြုသည့်လမ်းများနှင့် အရေးပါသောလမ်းများ ပုံမှန်ပြန်လည်သွားလာနိုင်ရေး နှစ်ဖက်ညှိနှိုင်း၍ အမြန်ဖွင့်လှစ်သွားရန် သဘောတူသည်။

(စ) ကေအိုင်အိုအနေဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကြိုတင်ညှိနှိုင်းပြီး ပြည်သူများနှင့် လွတ်လပ်စွာ တွေ့ဆုံဆွေးနွေး တိုင်ပင်ခြင်းများ (Public Consultation) ပြုလုပ်ရန် သဘောတူသည်။

(ဆ) ရှေ့လုပ်ငန်းစဉ်များကို နှစ်ဖက်အလုပ်အဖွဲ့ (Technical Team) များက ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန်နှင့် နောင်ကျင်းပမည့် ဆွေးနွေးပွဲများကို အမြန်ဆုံးကျင်းပနိုင်ရန် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ရန် သဘောတူသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လစ်သူယေးနီးယားသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်

နေပြည်တော် အောက်တိုဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လစ်သူယေးနီးယားသမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ မူကြီးများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့ကို အခြေခံ၍ သံတမန်ဆက်သွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းနှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို ထူထောင်လိုသည့် ဆန္ဒရှိကြသည့်အားလျော်စွာ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၈ ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ်ထူထောင်ကြသည်။

နှစ်နိုင်ငံ သံတမန်အဆက်အသွယ် ထူထောင်သည့် ပူးတွဲကြေညာချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဆိုင်ရာ လစ်သူယေးနီးယား အမြဲတမ်းကိုယ်စားလှယ်တို့သည် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှုတိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လစ်သူယေးနီးယားသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ (၁၁၅)နိုင်ငံမြောက် သံတမန်ဆက်ဆံရေးထူထောင်သည့် နိုင်ငံဖြစ်သည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာနမှ အမည်မည်းစာရင်းသတ်မှတ်ထားသော ဆရာဝန် ၁၀၁၀ အား ပယ်ဖျက်ခွင့်ပြု

နေပြည်တော် အောက်တိုဘာ ၁၀

ပြည်ထောင်စု အစိုးရအဖွဲ့သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်လျက်ရှိပြီး နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို အလေးထား အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ခြင်းအလို့ငှာ ကုမ္ပဏီများ၊ နယ်ပယ်အသီးသီးမှ လူပုဂ္ဂိုလ်များအား အကြောင်းအမျိုးမျိုးကြောင့် ယခင်က အမည်မည်းစာရင်း (Black List) သတ်မှတ်ရေးသွင်းပြီး ကန့်သတ်မှုများ ဆောင်ရွက်ထားရှိခဲ့သော်လည်း ယခုအခါ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိရာ အမည်မည်းစာရင်းမှ ပယ်ဖျက်ပေးခဲ့မှုများကိုလည်း နိုင်ငံတော်သမ္မတရုံး Website တွင် ဖော်ပြပေးလျက်ရှိသည်။

ယခုအခါ ထပ်မံ၍ ကျန်းမာရေးဝန်ကြီးဌာနမှ အမည်မည်းစာရင်း သတ်မှတ်ထားသူများအနက် ဆရာဝန် ၁၀၁၀ အား အမည်မည်းစာရင်းမှ ပယ်ဖျက်ပေးလိုက်ကြောင်းနှင့် ၎င်းတို့၏ အမည်စာရင်းအား နိုင်ငံတော်သမ္မတရုံး Website တွင် ဖော်ပြထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

❍ *ကျောဖုံးမှ*

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဆွေးနွေးရာတွင် ရခိုင်ပြည်နယ် ပဋိပက္ခဖြေရှင်းရေးလုပ်ငန်းစဉ်တွင် တရားမဝင် ဝင်ရောက်လာသူများ မည်မျှရှိသည်ကို သိရှိစေရန် ဦးစွာစိစစ်ပြီးမှ နှစ်ဖက်လူမှုအဖွဲ့အစည်း သဟဇာတဖြစ်မှုကို ဖြေရှင်းနိုင်မှာဖြစ်သည့်အတွက် ဖြစ်မြောက်အောင် ဆောင်ရွက်သွားရန် စီစဉ်ထားပါကြောင်း၊ ဤသို့လုပ်ဆောင်ရာတွင် တတိယအဖွဲ့၏အကူအညီလိုအပ်မှာဖြစ်ကြောင်း ဆွေးနွေးသည်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးက ယခုလုပ်ငန်းစဉ်များ ဆောင်ရွက်ရာမှာ အချိန်သတ်မှတ်ချက်ပါရှိစေလိုပါကြောင်းနှင့် သတင်းထုတ်ပြန်မှု ပိုမိုလုပ်ဆောင်ပေးစေလိုပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ ပို၍ ပါဝင်ကူညီလာစေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

ယနေ့ မိုးလေဝသ

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ အနောက်တောင် မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။

ပြည်တော်အေးအဲယားကွန်းလေအိတ်ကားကြီးများ
မြင်းခြံ-နေပြည်တော်(မြို့မဈေး)
၁၅-၁၀-၂၀၁၃ ရက် ထွက်မည်

ယာဉ်ထွက်ချိန် - မြင်းခြံ မှ နံနက် ၈း၀၀ နာရီ
မြို့မဈေး မှ နံနက် ၅း၃၀ နာရီ
ဘောဂသီရိ မှ နံနက် ၆း၁၅ နာရီ

မြင်းခြံ ဖုန်း-၀၆၆-၂၁၀၂၇၊ ၀၉-၄၀၂၆၇၅၇၂၉၊
နေပြည်တော် ဘောဂသီရိ ဖုန်း-၀၆၇-၂၆၃၇၈
မြို့မဈေး ဖုန်း-၀၆၇-၄၂၀၂၀၁၊ ၀၉-၄၀၀၄၁၅၄၀၉

အမည်ပြောင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်နေ ဦးမောင်ဆန်း၏သား မောင်နေခြည်လင်းအား မောင်နေလင်း ၁၀/ဘလန(နိုင်)၀၀၂၇၈၅ ဟုပြောင်းလဲခေါ်ပါရန်။

မောင်နေလင်း

အမည်ပြောင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်နေ ဦးသန်းဦး၏သား မောင်နိုင်နိုင်ဝင်းအား မောင်နိုင်ဝင်းအောင် ၉/အမဇ(နိုင်)၀၂၀၈၂၀ ဟုပြောင်းလဲခေါ်ပါရန်။

မောင်နိုင်ဝင်းအောင်

ပြည်သူ့လွှတ်တော်အစည်းအဝေး

ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို နိုင်ငံတကာကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ကိုင်ရန် ဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၀

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးသတ္တမနေ့ကို အစီအစဉ်(၇)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်၏ **မြန်မာနိုင်ငံ၏စွမ်းအင်ကဏ္ဍကို ပိုမိုထိရောက်သည့်စီမံမှုများပြုလုပ်ရန် တိုက်တွန်းခဲ့သည့်အဆိုအပေါ် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ထားရှိမှုများကို ပြည်သူအများ သိရှိစေရန် ပြန်ကြားပေးရန်** မေးခွန်းနှင့် **စွမ်းအင်ကဏ္ဍတိုးတက်မှုအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိစေရန် သင့်တော်မည့်အစီအစဉ်များ ဆောင်ရွက်ရန် ရှိ၊ မရှိ သိရှိလိုကြောင်း** မေးခွန်းများနှင့်စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က ပြန်လည်ဖြေကြားခဲ့သည်။

ပထမမေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏စွမ်းအင်ကဏ္ဍတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့၊ လျှပ်စစ်၊ ကျောက်မီးသွေး၊ ပြန်ပြည့်မြဲစွမ်းအင်များဖြစ်သော နေ၊ လေ၊ အသေးစား ရေအား၊ ဇီဝဒြပ်ထု၊ ဇီဝလောင်စာ၊ ဇီဝဓာတ်ငွေ့စသည်တို့နှင့်ဘူမိအပူစွမ်းအင်၊ မြို့ပြချွေးလီးယားစွမ်းအင်တို့ကို အကျိုးရှိထိရောက်စွာသုံးစွဲနိုင်ရေးနှင့် ခြိုးခြံချွေတာရေးကဏ္ဍများ ပါဝင်ပါကြောင်း၊ မြန်မာနိုင်ငံ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှု ကော်မတီနှင့်စွမ်းအင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ အမျိုးသားစွမ်းအင် မူဝါဒရေးဆွဲရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်နှင့် စွမ်းအင်အမျိုးအစားအားလုံးကို လွှမ်းခြုံသော ခိုင်မာသည့် ဥပဒေ၊ နည်းဥပဒေများရေးဆွဲရာတွင် အထောက်အကူပြုနိုင်ရန် အတွက် စွမ်းအင်ဆိုင်ရာ လုပ်ငန်းကော်မတီများဖွဲ့စည်း၍ ကဏ္ဍအလိုက် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ထို့ပြင် **ဒုတိယမေးခွန်း**နှင့် စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် တွေ့ရှိထုတ်လုပ်ရာ ဒေသတွင် ပြန်လည်အသုံးပြုနိုင်ရန် ရေနံနှင့်သဘာဝဓာတ်ငွေ့တိုးချဲ့ရှာဖွေခြင်းနှင့် Unconventional နည်းဖြင့် ရှာဖွေတူးဖော်ခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်းတွင်းနှင့်ကမ်းလွန် လုပ်ကွက်အချို့ကို အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူ၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို နိုင်ငံတကာ အတွေ့အကြုံရှိ ကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ကိုင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် ဖြေကြားစဉ်။ (သတင်းစဉ်)

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားကို ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၂၀)၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ(၁၀)ရုံနှင့်ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ (၁)ရုံတို့မှ စုစုပေါင်းလျှပ်စစ်ဓာတ်အား (၃၆၁၄ ဒသမ ၉) မဂ္ဂါဝပ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးပေးလျက် ရှိပါကြောင်း။

သတ္တုတွင်းကဏ္ဍ၌ တစ်နိုင်ငံလုံးအနေဖြင့် တူးဖော်၍ရရှိနိုင်သော ကျောက်မီးသွေးတန်ချိန် သန်းပေါင်း(၅၄၀ ဒသမ ၁၆)တန်ရှိပြီး လက်ရှိကျောက်မီးသွေးထုတ်လုပ်မှုမှာ တစ်နှစ်လျှင် တန်ချိန်(၇)သိန်းကျော်ရှိပါကြောင်း၊ သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများ ပိုမိုထိရောက် အောင်မြင်ရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍမှ ပါဝင်မှုကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာနနှင့်စာချုပ်ချုပ်ဆို၍ လုပ်ကိုင်နေသောကုမ္ပဏီပေါင်း (၄၈)ခုရှိပြီဖြစ်ပါကြောင်း။

စက်မှုဝန်ကြီးဌာန အနေဖြင့် စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေးနှင့် စွမ်းအင်ခြိုးခြံချွေတာရေးကဏ္ဍကို အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိရာ Energy Intensive စက်ရုံများကို Target ထား၍ Energy Efficiency and Conservation Law ပေါ်ပေါက်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဆည်မြောင်းစီမံကိန်းများ၏ ရေပေးမြောင်းများမှ အသေးစားရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးလျက်ရှိရာ စုစုပေါင်းစီမံကိန်း (၆၃)ခုမှ လျှပ်စစ်ဓာတ်အား (၈၇၂) ကီလိုဝပ် ထုတ်လုပ်ပေးလျက်ရှိပါကြောင်း။

ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင် မေးမြန်းစဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ပြောရေးဆိုခွင့်နှင့်သတင်းထုတ်ပြန်ရေးအဖွဲ့ကို ဖွဲ့စည်းထားပြီး သတင်းထုတ်ပြန်ပေးလျက်ရှိသည့်အပြင် အခါအားလျော်စွာကျင်းပသည့် မီဒီယာတွေ့ဆုံပွဲများသို့တက်ရောက်၍ သတင်းထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ ယနေ့နံနက်တွင်လည်း သတင်းထုတ်ပြန်ခြင်းအစီအစဉ်ကို ဆောင်ရွက်ပေးနေပါကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနနှင့်ပတ်သက်၍ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ပေးပို့မေးမြန်းလာသည့် ကိစ္စများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဖြေကြားပေးလျက်ရှိပါကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီးက ဆက်လက်ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကြမ်း** ကို ပြည်သူ့လွှတ်တော်က လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခဲ့သည်။

အစည်းအဝေးကို နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ရပ်နားခဲ့ပြီး အစည်းအဝေး အဋ္ဌမနေ့ကို အောက်တိုဘာ ၁၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ဆရာ၊ ဆရာမများ၏ စားဝတ်နေရေးပြေလည်စေရန်နှင့် ဂုဏ်သရေရှိစွာ နေထိုင်နိုင်ရန် နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးရန်လို

နေပြည်တော် အောက်တိုဘာ ၁၀

ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု၏ **"အခြေခံပညာကဏ္ဍတွင် ထင်သာမြင်သာ ပြုပြင်ပြောင်းလဲရန် ပြည်သူတို့ မျှော်လင့်စောင့်စားနေမှုများအပေါ် ပညာရေးဝန်ကြီးဌာန၏ လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို သိရှိလိုခြင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်က ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းများတွင် ဆရာ၊ ဆရာမများ ကျူရှင်လုံးဝမသင်ရ အမိန့်ထုတ်ထားပြီးဖြစ်ပါကြောင်း၊ ဆရာ၊ ဆရာမ အချို့၏ လွန်ကဲစွာ စီးပွားရေးဆန်ဆန် ကျူရှင်သင်ပြနေမှုများနှင့် အခကြေးငွေမြင့်မားစွာ ရယူသင်ကြားနေမှုများကို စုံစမ်းစစ်ဆေးပြီး မှန်ကန်ပါက သတိပေးသည့်အဆင့်မှ ရာထူးထုတ်ပယ်သည်အထိ အရေးယူအပြစ်ပေးကြပ်မတ်ဆောင်ရွက်လျက် ရှိပါကြောင်း။

အခြေခံပညာ ဆရာ၊ ဆရာမများအား လိုအပ်ချက်အရ သင့်တင့်မျှတသော အချိုးခံစားခွင့်ဖြင့် မိမိတို့ကျောင်းတွင်ပင် ကျောင်းသား၊ ကျောင်းသူများအား စနစ်တကျ အချိန်ပိုသင်ကြားခွင့်ပေးသည့်စနစ်မျိုး စီစဉ်ခွင့်ပြုထားခြင်း မရှိပါကြောင်း၊ ကလေးများ တတ်မြောက်မှုအတွက် လိုအပ်ချက်အရ အခမဲ့သင်ကြားပေးခြင်းမျိုးသာ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများကို ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေပါအချက်များနှင့် ကိုက်ညီမှုအခြေအနေကို စစ်ဆေးရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင် ဖြေကြားစဉ်။ (သတင်းစဉ်)

ချက်နှင့်ကိုက်ညီပြည့်စုံပါက ခွင့်ပြု(၅)နှစ်၊ ယာယီ(၂) နှစ်နှင့် စမ်းသပ်(၁) နှစ်ဟူ၍ သတ်မှတ်ကာ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် စနစ်တကျဖွင့်လှစ်ခွင့်ပြုခဲ့ပါကြောင်း၊ အဆိုပါကိုယ်ပိုင်ကျောင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးတို့မှ တာဝန်ရှိသူများက စစ်ဆေးကြပ်မတ်လျက် ရှိပါကြောင်း။

ဆောင်ရွက်သွားမည်

အခြေခံပညာရေးကဏ္ဍတွင် နိုင်ငံတော်အစိုးရ၏ ခွင့်ပြုလမ်းညွှန်ချက်ဖြင့် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေး Comprehensive Education Sector Review (CESR) ၂၀၁၂-၂၀၁၄ လုပ်ငန်းစဉ်ကို ဝန်ကြီးဌာနများမှ ပညာရှင်များ၊ နိုင်ငံတကာအကြံပေးပညာရှင်များ၊ ပြည်တွင်းပညာရှင်များ ပူးပေါင်း၍ စနစ်တကျ သုတေသနပြုလုပ်၍ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တွေ့ရှိချက်များအပေါ် အခြေခံပြီး ဆောင်ရွက်မည့်အစီအစဉ်များကို အစိုးရနှင့်လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီးက ဖြေကြားချက်နှင့်စပ်လျဉ်း၍ လွှတ်တော်ဉက္ကဋ္ဌက ပြောကြားရာတွင် ကျူရှင်သင်ကြားမှုကို စုံစမ်းစစ်ဆေးပြီး အရေးယူသည်ဆိုရုံဖြင့် မပပျောက်နိုင်ပါကြောင်း၊ ပညာရေးစနစ်ကို မိမိအမြင်ဖြင့် ပြောရလျှင် အစိုးရဆိုသည်မှာ ဝန်ကြီးဌာန၊ ဝန်ကြီးဌာန၏ လက်အောက်ခံတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများသည် အစိုးရဆိုသည့်အထဲတွင် ပါဝင်ပါကြောင်း၊ ဆရာ၊ ဆရာမသည် သင်ကြားရေးစီမံခန့်ခွဲမှုပိုင်းတွင် ကျောင်းသားလူငယ်များကို သင်ကြားရာ၌ မေးခွန်းပုစ္ဆာများကို စဉ်းစားတွေးခေါ်တတ်စေရန် သင်ကြားရမည်ဖြစ်ကြောင်း၊ ယင်းအတွက် မေးခွန်းများ လုပ်ပေးရမည်ဖြစ်ကြောင်း၊ ယင်းမေးခွန်းများအား ဖြေကြားရာတွင်မှားသော်လည်း အမှန်ပြင်ပေးခြင်းဖြင့် စွဲမြဲစွာ မှတ်သားတတ်သွားမည်ဖြစ်ကြောင်း။

ကျူရှင်သင်ခြင်းသည် အိမ်စာများကို ကလေးများကိုယ်စား လိုက်ဖြေပေးခြင်းသာ ဖြစ်သည့်အတွက် ကျောင်းသားဗဟိုပြု သင်ကြားရေးဟု ပြောနေသော်လည်း အမှန်တကယ် ကျောင်းသားဗဟိုပြုခြင်း မဖြစ်သေးပါကြောင်း၊ အလွတ်ကျက်၍ ဖြေနေခြင်းသာရှိသေးပါကြောင်း၊ မြန်မာနိုင်ငံတွင် သိပ္ပံနှင့်နည်းပညာ အားနည်းရခြင်းမှာ ပညာရေးစနစ်ကြောင့်ပင်ဖြစ်ပြီး စဉ်းစားခြင်း၊ တွေးခေါ်ခြင်း၊ တီထွင်ခြင်းအဆင့်ကို

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးနု မေးမြန်းစဉ်။ (သတင်းစဉ်)

မရောက်နိုင်သေးကြောင်း၊ ထို့ကြောင့် ဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် လွှတ်တော်ကလည်း ပညာရေးဘတ်ဂျက်များကို တိုးမြှင့်ချထားပေးလျက်ရှိရာ ဆရာ၊ ဆရာမများကိုလည်း ရာထူးများ တိုးပေးနိုင်မည်ဖြစ်ကြောင်း၊ နောင်မှာလည်း နိုင်ငံတော်၏ အခြေအနေပေါ်မူတည်ပြီး ဆရာ၊ ဆရာမများ၏ စားဝတ်နေရေးပြေလည်စေရန်နှင့် ဂုဏ်သရေရှိစွာ နေထိုင်နိုင်ရန် နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ လက်ရှိဆရာ၊ ဆရာမများကိုလည်း အရည်အသွေးများမြင့်မားလာအောင် သင်တန်းများပေးရန်နှင့် သင်ကြားမှုအပိုင်းကို စီမံခန့်ခွဲရန်လိုအပ်ပါကြောင်း၊ ကျူရှင်သင်ကြားမှု မပပျောက်ရခြင်းမှာ ကျောင်းတွင်သင်ကြားမှု မလုံလောက်ခြင်းကြောင့်သာဖြစ်ကြောင်း၊ ပုဂ္ဂလိကကျောင်းများရှိ ကျောင်းသားများအနေဖြင့် ပြင်ပတွင် ကျူရှင်သင်ကြားခြင်း မရှိခြင်းမှာ ကျောင်းတွင်သင်ကြားမှု အလုံအလောက်ရရှိခြင်းကြောင့်ဖြစ်ကြောင်း၊ ကျူရှင်မပြရန် အမိန့်ထုတ်ပြီး စစ်ဆေးခြင်း၊ အရေးယူခြင်းများပြုလုပ်သော်လည်း မပပျောက်ရခြင်းမှာ ထုတ်ပြန်ထားသည့် အမိန့်များသည် တရားသဖြင့်ပေးသော အမိန့်ဖြစ်ရန် လိုအပ်ပါကြောင်း၊ လိုက်နာချင်သည့် ဥပဒေများ၊ အမိန့်များဖြစ်ရန်လိုအပ်ကြောင်း၊ သို့မှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ ကျူရှင်မယူသည့် ကလေးများကို စာသင်ခန်းတွင် ခွဲခြားဆက်ဆံမှုမျိုး ယနေ့အချိန်တွင် မရှိသင့်တော့ကြောင်း၊ ယင်းမေးခွန်းမေးမြန်းခြင်းအတွက် မိမိအနေဖြင့် အံ့သြမိပါကြောင်း၊ ယနေ့ခေတ်တွင် ယခုကဲ့သို့ အဖြစ်မျိုးရှိနေခြင်းသည် ပညာရေးစနစ် စီမံခန့်ခွဲမှုအားနည်းနေသည်ဟု သုံးသပ်ရမည်ဖြစ်ကြောင်း၊ အစိုးရက မူဝါဒချမှတ်ပေးပြီးဖြစ်သော်လည်း အစိုးရကိုယ်စားဆောင်ရွက်နေသည့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆရာ၊ ဆရာမများ၏ ပညာရေးသင်ကြားမှုကို စီမံခန့်ခွဲပေးရမည်ဖြစ်ပြီး မိဘများကိုလည်း ပညာရေးစနစ် နားလည်လာစေရန် ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ ဒေသတွင်းနိုင်ငံများကဲ့သို့ ပညာရေးအဆင့်မီလာမည်ဖြစ်ကြောင်း၊ သင်ကြားမှုအပိုင်းကို ပြုပြင်သွားမှသာ ယင်းကိစ္စရပ်များ ပပျောက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ပြန်လည်စဉ်းစားသင့်

မေးခွန်းရှင် ဦးနုက "ကျွန်တော့်ရဲ့မေးခွန်းနဲ့ကိုက်ညီတဲ့ အဖြေတွေကို လွှတ်တော်ဉက္ကဋ္ဌကြီးက ပြောသွားပါတယ်။ ဝန်ကြီးဌာနဖြေကြားချက်တွေက ကျွန်တော့်အနေနဲ့စိတ်ထဲမှာ ပြည့်ပြည့်ဝဝ ကျေနပ်မှု မရခဲ့ပါဘူး။ ဉက္ကဋ္ဌကြီး၏ ပြောကြားချက်အတိုင်း ပြည်သူလူထု လိုအပ်ချက်တွေကို ဝန်ကြီးဌာနက ဆောင်ရွက်နိုင်လိမ့်မယ်လို့ထင်ပါတယ်။ သဘောတရားနဲ့ လက်တွေ့ကွာခြားတယ် ဆိုတဲ့အဖြစ်မျိုးပါပဲ၊ အမိန့်တစ်ရပ်ထုတ်ပေမယ့် လိုက်နာခြင်း မရှိတာမျိုး မဖြစ်သင့်ဘူးလို့ ဉက္ကဋ္ဌကြီးပြောကြားချက်မှာလည်းပါပါတယ်။ အမိန့်ထုတ်ထားကောင်း ထုတ်ထားပါလိမ့်မယ်။ မသက်ရောက်တဲ့အတွက် ပညာရေးဝန်ကြီးဌာနက ဒါတွေကို အလေးအနက် ပြန်လည်စဉ်းစားသင့်ပါတယ်" ဟု ပြောပြခဲ့သည်။

ယနေ့အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

✻ *ကျောဖုံးမှ*

မရှိဟုသတ်မှတ်သော်လည်း မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး၊ ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ် ရှောင်ရှားရန်လိုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(မိုး/ဇလ)

ပြည်တွင်းသတင်း

ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနယ်ပယ်သည် အာဆီယံ၏အရေးပါသော နယ်ပယ်တစ်ခုဖြစ်

ဘန်ဒါဆရီဘီဂါဝန် အောက်တိုဘာ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ကျင်းပသည့် (၁၆)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၆)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၅)ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ လီခကျန်း၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ Ms. Park Geun-hye နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အာဆီယံနှင့် အပေါင်းသုံးနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုသည် အရှေ့အာရှဒေသလုံခြုံရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါကြောင်း၊ အာဆီယံနှင့် အပေါင်းသုံးနိုင်ငံများအကြားတွင် ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် ယခင်က နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများနှင့်ကင်းကွာနေခဲ့သည့်အတွက် ငွေကြေးကိစ္စ (Financial Matters) များတွင် အာဆီယံ+ ၃ နိုင်ငံများနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းမရှိခဲ့ကြောင်း။

ယခုအခါ မိမိတို့နိုင်ငံသည် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့နှင့် ပုံမှန်ဆက်သွယ်လုပ်ကိုင်နေပြီဖြစ်သည့်အတွက် ငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စများတွင် အာဆီယံနှင့် အပေါင်းသုံးနိုင်ငံများနှင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန် ဆန္ဒရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ အထူးစီးပွားရေးဇုန်စီမံကိန်းကြီးသုံးခုဖြစ်သည့် ကျောက်ဖြူ သီလဝါနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့ကို အရှေ့တောင်အာရှနိုင်ငံများနှင့် အပေါင်းသုံးနိုင်ငံများကို ဆက်သွယ်နိုင်မည့် စီမံကိန်းများအဖြစ်လုပ်ဆောင်ရန် အခြေအနေကောင်းများရှိနေပါကြောင်း၊ အပေါင်းသုံးနိုင်ငံများအနေဖြင့် ဒေသဆိုင်ရာလွတ်လပ်စွာ ကုန်သွယ်မှု ဇရိယာ ထူထောင်မှုအတွက် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership, RCEP) စေ့စပ်ဆွေးနွေးမှုများမှာလည်း တက်ကြွစွာ ပူးပေါင်းပါဝင်ရန်အတွက် တိုက်တွန်းလိုပါကြောင်း။

ကမ္ဘာ့လူဦးရေ တိုးပွားလာမှုနှင့်အတူ စားနပ်ရိက္ခာဖူလုံမှုပြဿနာသည် ဒေသတွင်းနိုင်ငံများအတွက် စိန်ခေါ်မှု ဖြစ်လာပါကြောင်း၊ ထို့ကြောင့် အာဆီယံ+၃ အရန်ဆန်ထားရှိမှုအစီအစဉ် (ASEAN Plus Three Emergency Rice Reserve, APTERR) သည် ဒေသတွင်း စားနပ်ရိက္ခာဖူလုံမှုအတွက် အရေးကြီးသည့် ပူးပေါင်းဆောင်ရွက်မှုဖြစ်ပါကြောင်း၊ ထို့ကြောင့် ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် မျှော်လင့်ပါကြောင်း၊ အာဆီယံ+၃ နိုင်ငံတို့၏ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကိစ္စရပ်များတွင် ပံ့ပိုးကူညီမှုကို ကျေးဇူးတင်ရှိပါကြောင်း။

အာဆီယံ+၃ ပူးပေါင်းဆောင်ရွက်မှု မူဘောင်အတွင်းမှ ဆောင်ရွက်သည့် အရှေ့အာရှဖိုရမ်၊ အရှေ့အာရှမျှော်မှန်းချက်အဖွဲ့နှင့် အရှေ့အာရှပညာရှင်များ ကွန်ရက် East Asia Forum (EAF), East Asia Vision Group (EAVG), Network of ASEAN Think-Tanks (NEAT) တို့၏ လုပ်ငန်းများကို ချီးကျူးပါကြောင်း၊ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူရေး ကြိုးပမ်းဆောင်ရွက်မှုများ၌ အာဆီယံ+၃ နိုင်ငံများ၏အကူအညီပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ချိန်တွင်လည်း ဆက်လက်ထောက်ခံအားပေးမည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် (၈) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးကိုကျင်းပရာနိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အရှေ့အာရှထိပ်သီးအစည်းအဝေးသည် မဟာဗျူဟာအရ အကျိုးသက်ရောက်မှုရှိသည့် နိုင်ငံရေး၊ လုံခြုံရေးနှင့်စီးပွားရေးကိစ္စများကို ခေါင်းဆောင်များအကြား လွတ်လပ်စွာဆွေးနွေး ပူးပေါင်းဆောင်ရွက်နိုင်သည့်ဖိုရမ်တစ်ခုအဖြစ် ဆက်လက်ရှင်သန်တိုးတက်နေပါကြောင်း၊ အာရှထိပ်သီးအစည်းအဝေးကျင်းပခဲ့မှုသည် ၁၀ နှစ်နီးပါးရှိလာချိန်တွင် အရှေ့အာရှ ထိပ်သီးအစည်းအဝေးလုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ရန်အတွက် ကမကထပြု၊ အဆိုပြုလာသော ဘရူနိုင်းဒါရူဆလမ်နိုင်ငံကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ အာရှထိပ်သီးအစည်းအဝေးအနေဖြင့် အာဆီယံပေါင်းစပ်ဆက်သွယ်မှုနှင့် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) ကို တိုးချဲ့ဆောင်ရွက်လာနိုင်မှုအပေါ် အားရကျေနပ်ပါကြောင်း၊ ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနယ်ပယ်သည် အာဆီယံ၏အရေးပါသော နယ်ပယ်တစ်ခုဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်လိုပါကြောင်း။

စွမ်းအင်ဖူလုံရေးကိစ္စသည် မိမိတို့၏ အမျိုးသားဦးစားပေးကဏ္ဍဖြစ်ပြီး စွမ်းအင်တိုးချဲ့ထုတ်လုပ်မှုနှင့် နိုင်ငံအနှံ့ လျှပ်စစ်မီးရရှိရေးလုပ်ငန်းစဉ်များကို ချမှတ်ထားပါကြောင်း၊ ထိုလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် အစည်းအဝေးသို့ တက်ရောက်လာသော မိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း၊ ၂၀ ရာစုစိန်ခေါ်မှုများအနက် ရာသီဥတုပြောင်းလဲမှုသည် တစ်ခုအပါအဝင် ဖြစ်ပါကြောင်း၊ ထိုစိန်ခေါ်မှုကို မိမိတို့မျက်ကွယ်ပြု၍ မရပါကြောင်း။

ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ဖြစ်စေရန်အတွက် သီးနှံစိုက်ပျိုးထုတ်လုပ်မှုပုံစံနှင့် စိုက်ပျိုးရေးစနစ်များ ပြောင်းလဲကျင့်သုံးရန်လိုပါကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံအားလုံးနှင့် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းအားထုတ်မှုများနှင့် ဒီမိုကရေစီ ပေါ်ထွန်းရေးဖြစ်စဉ်ကို အားပေးကူညီအသိအမှတ်ပြုသည့်အတွက် အရှေ့အာရှထိပ်သီးအစည်းအဝေးအဖွဲ့ဝင်နိုင်ငံများကို ကျေးဇူးတင်ရှိပါကြောင်း။

သို့သော် မိမိတို့ကြိုးစားအားထုတ်မှုရလဒ်များကို မိမိတို့ပြည်သူများခံစားနိုင်စေရန် ဆက်လက် ဆောင်ရွက်ရဦးမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူချိန်တွင်လည်း အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကဏ္ဍပေါင်းစုံတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

(၈)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ၊ ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ နယူးဇီလန်၊ ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ယင်းနောက် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် (၁၁)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးကိုကျင်းပရာ အာဆီယံခေါင်းဆောင်များနှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ မန်မိုဟန်ဆင်းတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ကျင်းပခဲ့သည့် အာဆီယံ-အိန္ဒိယ ဆွေးနွေးဖက်ဆက်ဆံရေးနှစ်(၂၀)မြောက် ထိပ်သီးအစည်းအဝေးတွင် အာဆီယံ-အိန္ဒိယ ဆက်ဆံရေးကို မဟာဗျူဟာမြောက် ဆွေးနွေးဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်နိုင်ခြင်းအတွက် ဝမ်းမြောက်ပါကြောင်း၊ အာဆီယံ-အိန္ဒိယ ကုန်သွယ်မှုဆိုင်ရာ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက် (ASEAN-INDIA Trade in Service and Investment Agreement) ကို ဆောလျင်စွာ လက်မှတ်ရေးထိုးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အိန္ဒိယနိုင်ငံက ၂၀၁၅ ခုနှစ်တွင် အာဆီယံ- အိန္ဒိယကုန်သွယ်မှု ပမာဏကို အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံရောက်ရှိရန် ရည်မှန်းထားခြင်းကိုလည်း ကြိုဆိုပါကြောင်း။

အိန္ဒိယနိုင်ငံမှအစပြုပြီး မြန်မာနိုင်ငံကိုဖြတ်သန်းကာ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ကို ချိတ်ဆက်သွားလာနိုင်မည့် အမြန်လမ်းမစီမံကိန်းကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ မြန်မာနှင့်အိန္ဒိယ ပူးပေါင်းဆောင်ရွက်နေသည့် ကုလားတန်မြစ် ဘက်စုံသုံး နယ်စပ်ဖြတ်သန်း သယ်ယူပို့ဆောင်ရေးစီမံကိန်းသည် ပို့ဆောင်ရေးနှင့် ကုန်သွယ်ရေးအတွက်သာမက ဒေသတွင်းနိုင်ငံများနှင့် ဆက်သွယ်ရေးကိုလည်း အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း။

အာဆီယံ-အိန္ဒိယစင်တာကို ထူထောင်နိုင်သည့်အတွက် အနာဂတ်တွင် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းတို့တွင် ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဟုမျှော်လင့်ပါကြောင်း၊ အာဆီယံဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းစေရန် ရည်ရွယ်ထားသည့် အာဆီယံကနဦး ပေါင်းစည်းရေးအစီအစဉ် (Initiative for ASEAN Integration, IAI) ကို အိန္ဒိယနိုင်ငံက စဉ်ဆက်မပြတ် အားပေးကူညီမှုများကို ကျေးဇူးတင်ရှိပါကြောင်း။

အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ထောက်ခံအားပေးမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် အာဆီယံဦးဆောင်သည့် အစည်းအဝေးများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ (၅)ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးကို ဒေသစံတော်ချိန် ညနေ ၄ နာရီ ၁၅ မိနစ်တွင်ကျင်းပရာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းတို့ တက်ရောက်ကြသည်။

ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်သမ္မတက အာဆီယံ-ကုလသမဂ္ဂ မိတ်ဖက်ဆက်ဆံရေးဆိုင်ရာ ကြေညာချက်ထုတ်ပြန်ပြီးနောက်ပိုင်း နိုင်ငံရေးနှင့် လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုယဉ်ကျေးမှုစသည့် နယ်ပယ်များတွင် အာဆီယံနှင့် ကုလသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအပေါ် မိမိအနေဖြင့် များစွာကျေနပ်မိပါကြောင်း။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းနောက်ပိုင်း လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့အကူအညီပေးရေးလုပ်ငန်းအဖွဲ့တွင် ကုလသမဂ္ဂက ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ခြင်းအပေါ် အထူးကျေးဇူးတင်ရှိပါကြောင်း၊ နာဂစ်မုန်တိုင်းလွန်ကာလ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်းသည် အာဆီယံ-ကုလသမဂ္ဂ မိတ်ဖက်ဆက်ဆံရေး၏ အောင်မြင်မှုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွက် ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်က ဖွံ့ဖြိုးတိုးတက်ရေး ပုံမှန်လုပ်ငန်းစဉ် (2013-2015) (Normal Country Programme of the UNDP 2013-2015) ကို ပြန်လည်စတင်ပေးခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း။

ကုလသမဂ္ဂအဖွဲ့ကြီးနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် မြန်မာ့နိုင်ငံခြားရေးမူဝါဒတွင် အရေးပါသော အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေး အစီအစဉ်သည်လည်း မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါသည့်လုပ်ငန်းဖြစ်ပါကြောင်း၊ အစားအစာနှင့် စွမ်းအင်လုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးနယ်ပယ်တွင် အာဆီယံ၏ ကဏ္ဍအလိုက် အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂ အထူးအေဂျင်စီများအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုနှင့် အာဆီယံအသိုက်အဝန်းကို အောင်မြင်စွာ အကောင်အထည်ဖော်မှုတွင် အာဆီယံ-ကုလသမဂ္ဂ မိတ်ဖက်ဆက်ဆံရေးက အထောက်အကူဖြစ်စေမည်ဟု မိမိယုံကြည်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

● ရှေ့ဖုံးမှ

အာဆီယံဥက္ကဋ္ဌရာထူးကို လွှဲပြောင်းရယူရမည်ဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံအားလုံးနှင့် အတူ အာဆီယံအသိုက်အဝန်းလမ်းပြမြေပုံကို အကောင်အထည်ဖော်နိုင်ရန်အတွက် ကျန်ရှိနေသေးသော အစိတ်အပိုင်းများကို ဖြည့်ဆည်းနိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့ပြင် အာဆီယံအသိုက်အဝန်းကို ပိုမိုခိုင်မာစေရန် နောက်သည် ငြိမ်းချမ်းသာယာဝပြောသည့် အသိုက်အဝန်းဖြစ်ပြီး ထိုအသိုက်အဝန်းရှင်သန်ရန်အတွက် စည်းလုံးညီညွတ်မှုရှိရန်လည်း အရေးကြီးပါကြောင်း၊ အဆိုပါအချက်များကို အခြေခံပြီး ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌ၏ဆောင်ပုဒ်ကို ရှေ့သို့ တူညီတက်လှမ်း၍၊ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ (Moving Forward in Unity, To a Peaceful and Prosperous Community) ဆိုသည့် ဆောင်ပုဒ်ကို ရွေးချယ်ခဲ့ပါ

မိမိတို့အားလုံး၏ ရည်မှန်းချက်ဖြစ်သည့် အာဆီယံအသိုက်အဝန်းသည် ငြိမ်းချမ်းသာယာဝပြောသည့် အသိုက်အဝန်းဖြစ်ပြီး ထိုအသိုက်အဝန်း ရှင်သန်ရန်အတွက် စည်းလုံးညီညွတ်မှုရှိရန်လည်း အရေးကြီး

ဆက်တွဲလုပ်ငန်းစဉ်တစ်ရပ် ပေါ်ပေါက်ရေးကို ဦးတည်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

မိမိတို့အားလုံး၏ ရည်မှန်းချက်ဖြစ်သည့် အာဆီယံအသိုက်အဝန်းကြောင်း၊ အာဆီယံအနေဖြင့် စည်းလုံးညီညွတ်ခြင်းကို အစဉ်တစိုက်ပြသခဲ့ပြီး ယင်းကောင်းမြတ်သည့်အစဉ်အလာကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားရမည်ဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ယူခြင်းသည် မိမိတို့ အာဆီယံအဖွဲ့ဝင်ဖြစ်လာစဉ်မှစပြီး ပထမဆုံးအကြိမ်ဖြစ်သည့်အတွက် အလေးအနက်ထားပါကြောင်း၊ ဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရန်လည်း သန္နိဋ္ဌာန်ချမှတ်ထားပါကြောင်း။

မိမိတို့ အာဆီယံအဖွဲ့ဝင်ဖြစ်လာချိန်ကတည်းက မြန်မာပြည်သူများကို မိသားစုဝင်များကဲ့သို့ သဘောထားသည့်အတွက် အဆွေတော်တို့နှင့် အဆွေတော်တို့၏ ပြည်သူများကို ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံ တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်မှုကို ကူညီအားပေးသည့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဆွေနိုင်ငံများကို အသိအမှတ်ပြုကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ကြီး၏ ခိုင်မာတိုးတက်ရေးကို တာဝန်သိအဖွဲ့ဝင်နိုင်ငံအဖြစ် တက်ကြွစွာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော်တို့၏ ထောက်ခံအားပေးမှုများဖြင့် လာမည့်နှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် မြန်မာနိုင်ငံ၏ အာဆီယံပူးပေါင်းဆောင်ရွက်ရေး ဗီဒီယိုပြကွက်များကို ပြသခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၃)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်း အဝေး ပိတ်ပွဲနှင့် မြန်မာနိုင်ငံသို့ အာဆီယံ ဥက္ကဋ္ဌ ရာထူး လွှဲပြောင်း ပေးအပ်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဟိုတယ်နှင့်ခရီးဒုတိယဝန်ကြီး တိုကျိုကွန်ဖရင့်သို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၀

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသည့် မြန်မာဖိုရမ်၊ သဘာဝအန္တရာယ်ထိန်းချုပ်မှုပြပွဲ၊ မီးဘေးအန္တရာယ်နှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ တိုကျိုကွန်ဖရင့်သို့ ဂျပန်နိုင်ငံ Tokyo Metropolitan Assembly နှင့် Federation For Japan-Myanmar Friendship ၏ ဥက္ကဋ္ဌMr. Toshiaki Yoshino ၏ ဖိတ်ကြားချက်ဖြင့် စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၅ ရက်အထိ လေ့လာရေးခရီး သွားရောက်ခဲ့သည်။ **(အောက်ပုံ)**

ခရီးစဉ်တွင် Tokyo Metropolitan Assembly နှင့် Federation For Japan-Myanmar Friendship ၏ ဥက္ကဋ္ဌ Mr.Toshiaki Yoshino နှင့် Tokyo Governor Mr. Naoki Inose တို့နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းစနစ်တကျ ဖွံ့ဖြိုးစေရေးအတွက် လိုအပ်သည့်နည်းပညာအကူအညီများ ပံ့ပိုးပေးနိုင်ရေးကိစ္စများအား ရင်းနှီးပွင့်လင်းစွာဆွေးနွေး၍ နှစ်ဦးနှစ်ဖက် သဘောတူဆန္ဒပြုကြသည်။

ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တိုကျိုမြို့တွင် ကျင်းပသည့် မြန်မာဖိုရမ်သို့ တက်ရောက်၍ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံနိုင်မှုအခွင့်အလမ်းများ ရှင်းလင်းပြောကြားခြင်း၊ Tokyo Big Sight ၌ ကျင်းပသည့် သဘာဝဘေးအန္တရာယ် ထိန်းချုပ်မှုပြပွဲ၊ မီးဘေးအန္တရာယ်နှင့်ဘေးကင်းမှုဆိုင်ရာ တိုကျိုကွန်ဖရင့်သို့ တက်ရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့သည်။

ပြန်လည်ရောက်ရှိ

ယင်းအပြင် ဒုတိယဝန်ကြီးသည် တိုကျိုမြို့ရှိ Ryukoku University သို့ သွားရောက်လေ့လာရာ တက္ကသိုလ်မှ Vice-President ဖြစ်သူ Mr. Norio TANAKA က တက္ကသိုလ်တွင် သင်ကြားပို့ချနေမှုများ၊ မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျောင်းသားများအတွေ့အကြုံဖလှယ်ရေး အစီအစဉ်ဖြင့် လာရောက်မည့်ကိစ္စရပ်များအား ရှင်းလင်းတင်ပြခဲ့ပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။ ဒုတိယဝန်ကြီးသည် ခရီးစဉ်အတွင်း ဂျပန်နိုင်ငံတိုကျို၊ ကျိုတိုနှင့် အိုဆာကာမြို့များရှိ နိုင်ငံတကာအဆင့်မီဟိုတယ်ကြီးများ၏ ဝန်ဆောင်မှုလုပ်ငန်းများ အသေးစိတ်ကြည့်ရှုလေ့လာခြင်း၊ Tokyo Shimbun Travel Service Co.,Ltd. မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဂျပန်ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုတိုးမြှင့်လာရောက်လည်ပတ်နိုင်စေရေး ညှိနှိုင်းဆွေးနွေးခြင်းများအား ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၆ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ သတင်းထောက်များ အရည်အသွေးမြှင့်မွမ်းမံသင်တန်း(၁/၂၀၁၃)သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၀

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ မြို့နယ်သတင်းထောက်များ သတင်းရယူရေးသားရာတွင် ကျင့်ဝတ်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီဖြစ်ရေးနှင့် ဥပဒေရေးရာဗဟုသုတများ ရရှိစေရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ သတင်းထောက်များ အရည်အသွေးမြှင့်မွမ်းမံသင်တန်း (၁/၂၀၁၃)ကို အောက်တိုဘာ ၇ ရက်မှ ၁၀ ရက်အထိ နေပြည်တော်၌ လေးရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချခဲ့ပြီး သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) သင်တန်းကျောင်း ပျဉ်းမနားမြို့၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် မြန်မာ့အလင်း၊ ကြေးမုံ၊ The New Light of Myanmar တို့မှ စာတည်းမှူးချုပ်များနှင့် ဦးဟန်ညွန့်(ဥပဒေပညာရှင်) တို့က သတင်းထောက်များ လိုက်နာရမည့်ကျင့်ဝတ်၊ စည်းမျဉ်းများနှင့် သတင်းရေးသားရာတွင် လိုအပ်မည့် အခြေခံအချက်အလက်များ၊ စောင့်ထိန်းရမည့်ကျင့်ဝတ်များ၊ ဖြစ်ပေါ်ရင်ဆိုင်ရတတ်သည့် ဥပဒေရေးရာကိစ္စရပ်များကို သိရှိနားလည်ကြပြီး ပြည်သူကို အဓိကဗဟိုပြုပြီး သတင်းတစ်ပုဒ်ကို ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံတို့မှ ရှုမြင်ရေးသားတတ်ကြရန် ဆွေးနွေးပို့ချခဲ့ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးပိုက်ထွေးက သင်တန်းဆင်း အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** သင်ခန်းစာများပို့ချသူများနှင့် တာဝန်ရှိသူများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ ထို့နောက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးက သင်တန်းသား သင်တန်းသူ ၅၂ ဦး၏ သင်တန်းဆင်း လက်မှတ်များကို သင်တန်းသားများ ကိုယ်စား သင်တန်းသား ခေါင်းဆောင်ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၀၅)

ကုန်းတွင်းလုပ်ကွက် ၁၈ ကွက်အတွက် တင်ဒါအောင်မြင်သော ကုမ္ပဏီများ စာရင်းထုတ်ပြန်

နေပြည်တော် အောက်တိုဘာ ၁၀

စွမ်းအင် ဝန်ကြီးဌာနမှ ကုန်းတွင်းလုပ်ကွက် ၁၈ ကွက်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ခြင်း အကျိုးတူပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ရန် (Myanmar Onshore Blocks Second Bidding Round 2013) ခေါ်ယူခဲ့ခြင်းနှင့် စပ်လျဉ်း၍ ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန၌ တင်ဒါအောင်မြင်သော ကုမ္ပဏီများစာရင်းကိုသတင်းထုတ်ပြန်ခဲ့ကြောင်းသိရသည်။

အဆိုပါ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ အဆိုပါ သတင်းထုတ်ပြန်ခြင်းအခမ်းအနားသို့ သတင်းမီဒီယာသမား ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်တွင်းသတင်း

အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့ ဦးစီးနာယက ကမ္ဘာ့ဝိပဿနာ တရားပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဂိုအင်ကာ၏ အရိုးပြာ ရေမျှောပွဲကို အောက်တိုဘာ ၁၀ ရက် ညနေပိုင်းက ဧရာဝတီမြစ်အတွင်း၌ ကျင်းပရာ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရဦးဆောင်၍ သံဃာတော်များ၊ သီလရှင်များ၊ တပည့်ယောဂီများနှင့် မိသားစုဆွေမျိုးများက ဓမ္မဂါထာများ ရွတ်ဖွားပူဇော်၍ မန္တလေး မဟာအောင်မြေမြို့နယ် ဂေါဝိန်ဆိပ်မှ စစ်ကိုင်းတံတားအထိ ဧရာဝတီမြစ်အတွင်း သင်္ဘောဖြင့်စုန်ဆင်းသည်ကို ဤသို့တွေ့ရသည်။ တင်မောင်(မန္တလေး)

တရားဝင် တင်သွင်းခွင့်မရှိသော ဘီယာများနှင့် အကောက်ခွန်မဲ့ အချိုရည်များတွေ့ရှိသဖြင့် အမှုဖွင့်ထား

ရန်ကုန် အောက်တိုဘာ ၁၀

ရွှေပြည်သာမြို့နယ် စက်မှုဇုန်နယ်မြေ ဇုန်(၂)ရှိ သိုလှောင်ရုံတစ်ခု၌ တရားဝင်တင်သွင်းခွင့်မရှိသော နိုင်ငံခြားဖြစ်ဘီယာများ သိုလှောင်၊ ဖြန့်ဖြူးနေကြောင်း သတင်းအရ Mobile Team (ရန်ကုန်ဆိပ်ကမ်းနယ်မြေ)မှ ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ စက်မှုဇုန်နယ်မြေ ဇုန်(၂)ရှိ သံချက်ဝန် ဦးညွန့်လမ်း အမှတ် ၃၉/ ၁၂၉(B)ရှိ သိုလှောင်ရုံအတွင်း ဝင်ရောက်စစ်ဆေးခဲ့ရာ တားမြစ်ကုန်ပစ္စည်းဖြစ်သော Chang Beer, 8.6 Bavaria Beer, 12%Diablo Beer စသည့် Beer မျိုးစုံ ၁၈၄၈ ဖာနှင့် အကောက်ခွန်မဲ့ တင်သွင်းထားသော Sprite အချိုရည် ၁၂ လုံးပါ ဖာ ၅၀ကိုစစ်ဆေးတွေ့ရှိရသဖြင့် ဥပဒေအရ အရေးယူနိုင်ရေး ရွှေပြည်သာမြို့နယ် မြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ထားရှိကြောင်း သိရသည်။

(သတင်းစဉ်)

မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက်အတွင်းခွေးရူးရောဂါကာကွယ်ဆေးထိုးနှံ

ရန်ကုန် အောက်တိုဘာ ၁၀

ရပ်ကွက်နေ ပြည်သူအချို့အား ခွေးရူးရောဂါပိုးရှိသည့် မြင်းထီးတစ်ကောင်အကိုက်ခံရမှုဖြစ်စဉ်ဖြစ်ပွားခဲ့သည့် မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက်အတွင်း၌ အောက်တိုဘာ ၉ ရက် နံနက် ၁၁ နာရီက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သုတေသနနှင့် ရောဂါထိန်းချုပ်ရေးဌာနခွဲ ရောဂါပျံ့နှံ့မှုလေ့လာရေးဌာနစိတ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကျော်နိုင်ဦးနှင့်အဖွဲ့၊ မရမ်းကုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာစိန်စိန်ကြီးနှင့်ဝန်ထမ်းများက အဆိုပါ ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးသန်းဝင်းနှင့် ရပ်မိရပ်ဖ ဒေါက်တာကျော်သန်းထိုက်တို့၏ ပံ့ပိုးစီစဉ်ပေးမှုဖြင့် အိမ်မွေးတိရစ္ဆာန် ခွေးနှင့်ကြောင်တို့ကို ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးများကို (အခမဲ့)ထိုးနှံပေးသည်။ **(အောက်ပုံ)**

ယင်းရပ်ကွက် အတွင်းရှိ ခွေး ၁၈၆ ကောင်နှင့်ကြောင် ၄၃၆ ကောင်တို့အား(Anti Rabies Vaccing(ARV) ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးနှံပေးပြီး ရောဂါဖြစ်ပွားမှုအခြေအနေကို ဆက်လက်၍ ပြန့်ပွားခြင်းရှိမရှိ အခြေအနေများကို တိရစ္ဆာန်ပိုင်ရှင်များအား မေးမြန်း၍ အသိပညာပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

(၀၁၅)

နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ဖလမ်းမြို့နယ် လျှန်ရိုကျေးရွာအနီး မြေပြိုမှုဖြစ်ပွား

ဖလမ်း အောက်တိုဘာ ၁၀

ဖလမ်းမြို့မှ ၃၂ မိုင်ကွာဝေးသော ဖလမ်းမြို့နယ် လျှန်ရိုကျေးရွာ နေအိမ်များမှ ပေ ၁၀၀ ခန့် အကွာတွင် အောက်တိုဘာ ၈ ရက် မွန်းတည့် ၁၂ နာရီက မိုးသည်းထန်စွာရွာသွန်းမှုကြောင့်မြေပြိုမှုဖြစ်ပွားရာ **(ယာပုံ)** အန္တရာယ်ရှိ နေအိမ်နှစ်လုံးကို ဒေသအာဏာပိုင်နှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

လှိုက်လှဲစွာဝမ်းမြောက်ကြိုဆိုခြင်း

IKBZ Insurance (အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်း) ၏

မွန်ပြည်နယ်ရုံးချုပ် ကို ၁၀.၁၀.၂၀၁၃ ရက်နေ့တွင်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၌ အောင်မြင်စွာဖွင့်လှစ်ခဲ့ခြင်းအတွက်

အထူးဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်း နှင့် တိုးတက်အောင်မြင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့။

ရေကန်တောင်အောက်ဘက်နားက ရပ်ကွက်လေး လျှပ်စစ်ဓာတ်အားအပြည့်ရနေပြီ

လွန်ခဲ့သောရက် ညပိုင်းက လားရှိုးမြို့ ရေကန်တောင်အောက်ဘက် ရပ်ကွက်ရှိရာကို လမ်းလျှောက်ထွက်ခဲ့သည်။ "အလိုလေး မီးတွေ ထိန်လင်းလို့ပါလား။ ဒီရပ်ကွက်ဘက်ကို မရောက်ဖြစ်တာကြာပြီဖြစ်ပြီး အရင်နှင့်မတူ တစ်မူထူးခြားစွာ ပြောင်းလဲ၍နေပြီဖြစ်သည်။

ဒီရပ်ကွက်ထဲမှ မိတ်ဆွေတစ်ဦး၏ အိမ်ထဲကိုဝင်လိုက်သည်နှင့် စိတ်ချမ်းသာစရာမြင်ကွင်းကို လှမ်းမြင်မိသည်။ မီးတွေလင်းထိန်ပြီး ကလေးတွေက ရုပ်မြင်သံကြား ကြည့်၍နေသည်။ ကလေးတွေအမေက အိမ်နောက်ဘက်မှာ လျှပ်စစ်ဟင်းအိုးဖြင့် ဟင်းချက်နေသည်။ ထမင်းချက်ထားသော ထမင်းပေါင်းအိုးကလည်း မီးအနီလေးလင်းလို့ တစ်အိမ်လုံး သန့်ရှင်းလို့နေတာ မြင်တွေ့ရသည်။

အိမ်ရှင်ဖြစ်သည့် မိတ်ဆွေက "ကျွန်မတို့ရပ်ကွက်လေး မီးအားအပြည့်ရနေပြီ အစ်မရဲ့။ အရင်ကဆို ခရမ်းချဉ်သီးလို မီးအရောင်မှိန်မှိန်လေးမှာနေခဲ့ရတာ။ ထမင်းချက်တော့လည်း ထင်းမီးခိုးတွေကအိမ်ထဲဝင်နေခဲ့တာလေ။ အမေနဲ့ကလေးတွေက ခဏခဏ ချောင်းဆိုးရင်ကျပ်ဖြစ်တယ်။ မကြာခင်ရက်ပိုင်းက ထရန်စဖော်မာအသစ်တစ်လုံး လာတပ်ဆင်ပေးတယ်။ ဓာတ်မီးတိုင်အဟောင်းတွေကိုလည်း ကွန်ကရစ်တိုင်အသစ်တွေနဲ့ လဲပေးလိုက်လို့ ကျွန်မတို့ရပ်ကွက်က အုပ်ချုပ်ရေးအဖွဲ့တွေနဲ့ လျှပ်စစ်ဌာနကို ကျေးဇူးတင်နေကြပါတယ်"လို့ ပြောပြလိုက်သဖြင့် စာရေးသူက ပီတိတွေပွားမိသည်။

လားရှိုးမြို့ရှိ ရေကန်တောင်အောက်ဘက်ရပ်ကွက် လျှပ်စစ်ဓာတ်အားအပြည့်ရရှိရေးနှင့် စပ်လျဉ်း၍ မြသင်းကြူ(လျှပ်စစ်)ကုမ္ပဏီဒါရိုက်တာ ဦးကိုကိုလွင်ကို မေးမြန်းကြည့်ရာ "ရပ်ကွက်(၄) နယ်မြေ (၁၆) ရတနာပုံလမ်းမှာ ၂၅၀ ကေဗွီအေ-၁၁ ဓာတ်အားခွဲရုံတစ်ခုထိုင်ပေးလိုက်တယ်။ ဓာတ်အားလိုင်းအသစ် ပေ ၁၆၀၀ ဆွဲပေးတယ်။ ၄၀၀ ဗို့အားဓာတ်အားလိုင်း ပေ ၈၀၀ ဆွဲခဲ့တယ်။ ဆွေးမြည့်နေတဲ့ သစ်သားတိုင် ၁၆ တိုင်ကို ကွန်ကရစ်တိုင်တွေနဲ့ အသစ်လဲပေးပြီး မူလက ကြိုးဖြည့်တည်ဆောက်ပေးထားသည့် လိုင်းနှစ်လိုင်းအပြင် နောက်ထပ် နှစ်လိုင်းထပ်ဆွဲပေးပါတယ်။ ဒါကြောင့် အိမ်သုံးလျှပ်စစ်မီတာ အသစ်တွေတိုးချဲ့တပ်ဆင်ပြီး မီးအားအပြည့်ပေးနိုင်တာကလည်း အသစ်ထပ်ပြီး တပ်ဆင်ပေးလိုက်တဲ့ ဓာတ်အားခွဲရုံအသစ်ကြောင့်ပါ"ဟု ပြောပြသည်။

ချွေတာ

ဆက်လက်၍ ဒေသခံမြို့မိ မြို့ဖတစ်ဦးက "အခွန်ထမ်းပြည်သူတွေရဲ့ အမှန်တကယ်လိုအပ်ချက်ကို မြို့ရွာအုပ်ချုပ်ရေးအဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ မြို့ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တွေက လျှပ်စစ်ဌာနနဲ့ပူးပေါင်းဆောင်ရွက်ပေးတာဖြစ်တယ်။ ပြည်သူတွေဘက်ကလည်း လျှပ်စစ်ဓာတ်အားကို လိုသလောက်သုံးစွဲပြီး ချွေတာသင့်တယ်"ဟု မြို့မိမြို့ဖတစ်ဦးက ပြောပြတာကိုလည်း ကြားလိုက်ရပါကြောင်း။

မမ(လားရှိုး)

စာအုပ်စာပေ လူ့မိတ်ဆွေ

မန္တလေး အောက်တိုဘာ ၁၀

မန္တလေး ကားဈေးကွက်တွင် စလစ်ငွေကြေးလိမ်လည်မှု ပြဿနာများကြောင့် ကားဝယ်ရောင်းလုပ်ကိုင်သူတို့အကြား ကြီးမားသောရိုက်ခတ်မှုများဖြစ်ပေါ်ကာ ဆက်လက်ရင်းနှီးလုပ်ကိုင်ရန် အခက်အခဲရှိနေသဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ် နည်းပါးလျက်ရှိကြောင်း ဝယ်ရောင်းလုပ်ကိုင်သူများထံမှ သိရသည်။

"ကျွန်တော်အပါအဝင် ဝယ်ရောင်းအများစုက ယခုစလစ်လိမ်လည်မှုများ ခံထားကြရတဲ့အတွက် ဆက်လက်လုပ်ကိုင်ဖို့ အခက်အခဲဖြစ်နေတယ်။ နယ်မြို့တွေကလာဝယ်ကြသူတွေကလည်း အခုဆို စလစ်မကပ်ရသေးတဲ့ (ယာယီနံပါတ်) ကားတွေကို ဝယ်ရမှာကြောက်နေကြပြီး နံပါတ်ကျပြီးသား ကားတွေကိုသာ ဝယ်လာကြတယ်။ တချို့ဆို ရန်ကုန်ကို တိုက်ရိုက်ဆင်းဝယ်ကြသူတွေတောင် ရှိနေကြပြီ" ဟု ဝယ်ရောင်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

စလစ်လိမ်လည်မှုပြဿနာကြောင့် ကားဝယ်ရောင်းလုပ်ကိုင်သူတို့ အခက်ကြုံ

အဆိုပါ စလစ်လိမ်လည်မှုပြဿနာများကို ဖြေရှင်းနိုင်မည့် နည်းလမ်းမှာ လက်ရှိယာဉ်အိုယာဉ်ဟောင်းများအား အပ်နှံရာတွင် အက္ခရာစဉ်အလိုက် အချိန်မဆွဲဘဲ လက်ခံပေးမည်ဆိုပါက ငွေကြေးလိမ်လည်မှုပြဿနာများနှင့် စလစ်ကားဈေးမြင့်တက်မှုများကိုပါ ထိန်းချုပ်သွားနိုင်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူတစ်ဦးက သုံးသပ်သည်။

"လက်ရှိလက်ခံပေးနေတဲ့ သအက္ခရာနံပါတ်မှာတင် အချိန်အတော်လေးကြန့်ကြာနေတဲ့အတွက် သအက္ခရာအပြင် နောင်လက်ခံပေးမယ့် အ အက္ခရာနံပါတ်များပါ ဈေးကွက်မြင့်တက်သွားခြင်းဖြစ်တယ်" ဟု ၄င်းက ပြောသည်။

ယခုအခါ ဆောင်းရာသီနီးကပ်လာပြီး နိုင်ငံခြားသားများဝင်ရောက်လာမည်ဖြစ်ကာ ၄င်းတို့အများဆုံးစီးနင်းနိုင်မည့် 99 မော်ဒယ်ကား ရွှေငါးကရောင်း၊ စူပါကာစတန်၊ ကွန်ပျူတာနှင့် အာရာဖတ်ကားများသာ အရောင်းအဝယ် ဖြစ်လျက်ရှိပြီး ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေသည့် ဈေးနှုန်းများမှာ 99 မော်ဒယ်ကျပ်သိန်း ၁၅၀၊ ရွှေငါးကျပ်သိန်း ၁၆၀-၁၇၀၊ စူပါကာစတန် ကျပ်သိန်း ၁၃၀-၁၅၀၊ ကွန်ပျူတာကျပ်သိန်း ၂၁၀ မှ ၂၃၀နှင့် အာရာဖတ်ကား အမျိုးအစားမှာ ကျပ်သိန်း ၂၃၀မှ ၂၅၀ ဝန်းကျင်ရှိကြောင်းသိရပြီး စလစ်ကားဈေးကွက်အနေဖြင့် သအက္ခရာ နံပါတ်မှာ ကျပ်သိန်း ၁၁၀ ဝန်းကျင်နှင့် အ အက္ခရာနံပါတ်ကားများမှာ ကျပ် ၉၅ သိန်းဝန်းကျင်၌သာ ရှိနေကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

သီပေါမြို့နယ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ဂုဏ်ထူးရကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်

သီပေါ အောက်တိုဘာ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၆ ရက် နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမဆောင်၌ ကျင်းပသည်။

အစီအစဉ်အရ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်က ဂုဏ်ပြုပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။

ပေးအပ်

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာ လေးဦး၊ သုံးဘာသာ တစ်ဦး၊ နှစ်ဘာသာ ခုနစ်ဦးနှင့်တစ်ဘာသာဂုဏ်ထူးရှင် ၃၀ တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးထွန်းထိုက်နှင့်တာဝန်ရှိသူများက တစ်ဦးချင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဆရာ ဆရာမ ၂၅ဦးတို့၏ကိုယ်စား အထက(၁) ကျောင်းအုပ်ဆရာကြီး ဦးကြည်မင်းအား မြို့နယ်ပညာရေးမှူးဒေါ်မြင့်မြင့်က အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

စိုင်း(သီပေါ)

ပြည်တွင်းသတင်း

ရေပြောင်းဖူးစိုက်သူများ အဆင်ပြေ

ကျောက်မဲ အောက်တိုဘာ ၁၀

ကျောက်မဲမြို့တွင် ယနေ့အခါ ရေခြံများမှ ရေပြောင်းဖူးများ ပေါ်လာပြီဖြစ်၍ ရေပြောင်းဖူး စိုက်ပျိုးသူ၊ ရောင်းချသူတို့ ဝင်ငွေတိုး အဆင်ပြေလျက်ရှိကြသည်။

ရေပြောင်းဖူး ဆိုသည်မှာ ဖော့သားကဲ့သို့ ဖြူဖွေးလှပပြီး အသားမှာ နူးညံ့လှသည်။ ထူးကဲသော အရသာရှိပြီး အစိမ်းကို အမျှင်လှီးပြီး အချဉ်အစပ်သုပ်စား၍လည်း ရသည်။ ပါးပါးလှီး၍ နှစ်သက်သည့်အသားနှင့်သော်လည်းကောင်း၊ သက်သတ်လွတ်သော်လည်းကောင်း၊ ကြော်စားခြင်း၊ သီးနှံမျိုးစုံနှင့်ရော၍ အစိမ်းကြော်ကြော်စား၍လည်း ရသည်။

ပြည်သူများ နှစ်သက်စွာ စားသုံးသော သီးနှံတစ်မျိုးဖြစ်သည်။ ရေပြောင်းဖူးစိုက်ပျိုးရာတွင် စပါးစိုက်ပျိုးသကဲ့သို့ ပျိုးပင်များကို ရေသွင်းစိုက်ပျိုးရပြီး မည်သည့် ဆေးဝါး အကူအညီမျှမပါဘဲ ကြီးထွားရှင်သန်ကြသည်။ ရေပြောင်းဖူးမှာ ပင်စည်ကိုစားသုံးရသောသီးနှံ ဖြစ်သည်။ **မောင်မောင် (ကျောက်မဲ)**

နေပြည်တော် အောက်တိုဘာ ၁၀

နေပြည်တော် ပျဉ်းမနားမြို့ စိုက်ပျိုးရေး သိပ္ပံကျောင်းအတွက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ဝင်ခွင့်လျှောက်လွှာပေါင်း ၁၀၀၀ကျော် ရောက်ရှိလာခြင်းကို ထောက်ရှုခြင်းအားဖြင့် မြန်မာနိုင်ငံ၌ စိုက်ပျိုးရေးခေတ် ပြန်လည်နိုးထ ဆန်းသစ်လာပြီဖြစ်ကြောင်း ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်းရုံးဌာနခွဲ ဦးဇော်လင်းထွေးထံမှ သိရသည်။

စိုက်ပျိုးရေးကျောင်းဆင်းများ အလုပ်အကိုင်အခွင့်အလမ်းများလာ

သိရ

ရန်ကုန်တိုင်းဒေသကြီး စံပြအထူးဇုန်(ရွာသာကြီး)၊ နောင်ချိုဧက ၅၀၀၀ ပြောင်းစိုက်ခင်းနှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ရွှေနဂါးမင်းကုမ္ပဏီက လည်းကောင်း၊ ရာဇတံခွန်ကဲ့သို့သော ဓာတ်မြေဩဇာကုမ္ပဏီများက လည်းကောင်း စိုက်ပျိုးရေးသိပ္ပံနှင့် စိုက်ပျိုးရေးတက္ကသိုလ် ကျောင်းဆင်းများကို လစာကောင်းကောင်းပေး၍ အထူးတလည် ရွေးချယ်ခေါ်ယူလျက်ရှိကြောင်း၊ လစာလည်း ကောင်းကောင်းပေးသဖြင့် စိုက်ပျိုးရေးကျောင်းဆင်းများအတွက် ယခု ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ရမှတ် ၃၄၀ ကျောင်းသား ကျောင်းသူများပင်လျှင် နေပြည်တော် ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်းသို့ ဝင်ခွင့်လျှောက်လွှာတင်သူ များနေကြောင်း၊ ထိုကဲ့သို့ ခေတ်ပညာတတ် လူငယ်လူရွယ်များ စိုက်ပျိုးရေးသိပ္ပံကျောင်းများသို့ တက်လိုစိတ်ရှိသည်မှာ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထူးအရေးပါသော အားရှိစရာဖြစ်ကြောင်း၊ များမကြာမီ မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းများဖြစ်သော သထုံ၊ မြောင်းမြ၊ ရွှေဘို၊ ပုသိမ်ကြီး၊ ပွင့်ဖြူ၊ သာယာဝတီ၊ ထားဝယ်၊ အောင်ပန်းနှင့် မြစ်ကြီးနားမြို့များရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း ၁၀ ကျောင်းမှ ကျောင်းသား ကျောင်းသူသစ်များ ခေါ်ယူမည်ဖြစ်ကြောင်း အဆိုပါ စိုက်ပျိုးရေးသိပ္ပံကျောင်းရုံးမှတစ်ဆင့်သိရသည်။

ကာရန်ခ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၀-၁၀-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၈၈၀၀၀-၆၄၇၅၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၈၇၁၀၀-၆၄၇၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၆၅-၉၇၃	ကျပ်
ဥရောပ	တစ်ယူရို	၁၃၀၃-၁၃၂၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၀-၇၈၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၈-၃၁	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅. ၆	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇-၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၇-၃၀၂	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၆၀၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၃၀၀-၄၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၇၀၀-၆၈၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၅၀၀-၆၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၈၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၈၀၀-၂၀၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နှမ်းဆန်	တစ်အိတ်	၁၈၂၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၀၅၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၄၀၀၀-၂၈၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၄၈၅
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၃၀-၈၄၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၁၈၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၂၀၀-၁၂၂၅
၉။ အာလူး (အောင်ပန်း)	တစ်ပိဿာ	၄၀၀-၅၀၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၁၀၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၆၀၀-၃၂၀၀
၁၂။ သကြား	တစ်ပိဿာ	၉၇၀-၁၀၆၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲ ရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

လူကိုလူချင်းကုန်ကူးမှု ပတ်ဝန်းကျင်တွင် ဂရုပြု

(၂၅)ကြိမ်မြောက် ကခလာ/ခအေးသာယာ မိသားစု အာစင်ဝိုယပ္ပခေဒ်ပွဲအထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

နေ့ရက် - ၁၉-၁၀-၂၀၁၃ ရက် (စနေနေ့)

နေရာ - Yangon Golf Club (တညင်းကုန်းဂေါက်ကွင်း)

အချိန် - နံနက် (၁၀:၀၀) နာရီ

သို့ပါ၍ ပါဝင်ဆင်နွှဲလိုသူများအနေဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်။

ကိုမျိုးမြင့်ဝင်း (87/Civil) ၀၉-၂၀၀၀၂၆၅

ကိုသက်နိုင်မိုး (91/Civil) ၀၉-၅၃၄၀၉၄၉

ကိုတင်ကိုကို (87/MN) ၀၉-၅၅၀၀၂၅၉

ကိုကျော်တင့်နိုး (91/MN) ၀၉-၈၆၂၇၇၁၄

AMERICAN COLLEGE PROGRAM

YANGON SEMINAR

MANDALAY SEMINAR

MYANMAR CITRA ELECTRICAL CO., LTD.

1) Electrical Supervisor

2) Electrical Technician

Ph - 241863, 390141, 09430043109, 09732514227

မြောက်ဒဂုံ ၄၅/ပ-၁၁၇ မြေကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

အထက်ပါမြေကွက်၏ ဂရန်အမည်ပေါက်မှာ ဒေါ်ခိုင်ခိုင်စိုး ၁၂/မဂတ(နိုင်)၀၇၃၀၈၃ ဖြစ်သည်။ ၎င်းမြေကွက်ကို လက်ဝယ်ရှိပိုင်ဆိုင်သူ ဒေါ်ရှုလျှံ ၁၄/မမန(နိုင်)၁၄၂၃၂ ထံမှ ကျွန်တော် ဦးအောင်ကိုက ဝယ်ယူရန်အတွက် စရန်ငွေပေးထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ လူကိုယ်တိုင်လာ၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးအောင်ကို ဖုန်း-၀၉-၇၃၂၁၃၅၇၃

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ရက်ပေါင်း ၆၀ သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

ဆီးဂိမ်းတွင် ဆုတံဆိပ်ပေါင်း ၁၅၀၀ ကျော် ချီးမြှင့်မည်

နေပြည်တော် အောက်တိုဘာ ၁၀

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း)တွင် ဆုတံဆိပ်ပေါင်း ၁၅၀၀ ကျော် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံအနေဖြင့် ဒီဆီးဂိမ်းပြိုင်ပွဲမှာ အားကစားနည်း ၃၃ နည်းမှာ ဆုတံဆိပ်ပေါင်း ၁၅၅၇ ဆုချီးမြှင့်ပေးသွားမှာ ဖြစ်ပါတယ်။ ရွှေတံဆိပ်ဆု ၄၆၀၊ ငွေတံဆိပ်ဆု ၄၆၀ နဲ့ ကြေးတံဆိပ် ၆၃၇ ဆုဖြစ်ပါတယ်၊ ကြေးတံဆိပ်အရေအတွက် ပိုများရခြင်းမှာ အချို့ပြိုင်ပွဲတွေမှာ ပူးတွဲပေးရတာတွေ ရှိပါတယ်။ အဲဒီအတွက် ကြေးတံဆိပ်အရေအတွက် များရခြင်းဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ အိုလံပစ်ကော်မတီတွဲဖက်အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လွင်က ပြောကြားသည်။

အဆိုပါ ဆီးဂိမ်းအားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားရန် စီစဉ်ထားသော်လည်း အချို့သော ပြိုင်ပွဲများကို ဒီဇင်ဘာ ၁ ရက်မှ စတင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ပြိုင်ပွဲများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့်ပုသိမ်(ငွေဆောင်)တို့တွင် လေးနေရာခွဲ၍ ကျင်းပသွားမည်ဖြစ်သည်။

မန္တလေးတွင် အမျိုးသမီးဘောလုံးပွဲများကျင်းပသွားမည်ဖြစ်ပြီး ငွေဆောင်၌ ရွက်လှေအားကစားပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။ ရန်ကုန်၌ အမျိုးသားဘောလုံး အုပ်စုပွဲစဉ်များ၊ ဟော်ကီ၊ သေနတ်ပစ်၊ အလေးမ၊ ကာယဗလ၊ နပန်းနှင့် ကမ်ပိုပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပြီး ကျန်အားကစားပြိုင်ပွဲအားလုံးကို နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲတွင် အာဆီယံ ၁၀ နိုင်ငံနှင့်အတူ တီမောလက်စ်တေနိုင်ငံလည်းပါဝင်မည်ဖြစ်သည်။ စုစုပေါင်း ၁၁ နိုင်ငံမှ အားကစားသမားပေါင်း ၅၉၇၆ ဦး လာရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

မောင်ရွှေရိုး

Pre-SEA Games ဝူရှူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၀

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို Pre-SEA GamesWushu Test Match ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရုံ (A) ၌ကျင်းပရာ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်အားပေးကာ ဆုများချီးမြှင့်သည်။

ရှေးဦးစွာ နံနက်ပိုင်းပွဲစဉ်များဖြစ်သော ဝူရှူးအားကစားနည်း၏ ထောက်လုပွဲစဉ်မှ အမျိုးသားတစ်ဦးချင်း ချင်းကျန့်စုပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်း ထိုက်ချိကျန့်ပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်း နန်းချွမ်ပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်း နန်းချွမ်ပြိုင်ပွဲ ပွဲစဉ်တို့ကို ကျင်းပသည်။

နံနက်ပိုင်းပွဲစဉ်များအပြီးတွင် ဆုပေးပွဲ အခမ်းအနားများကျင်းပရာ ထောက်လုပွဲစဉ်များမှ အမျိုးသားတစ်ဦးချင်း ချင်းချွမ်ပြိုင်ပွဲမှ ဆုရရှိသူများ၊ အမျိုးသားတစ်ဦးချင်း နန်းသောင်းပြိုင်ပွဲမှ ဆုရရှိသူများ၊ အမျိုးသမီးတစ်ဦးချင်း ကျန့်စုပြိုင်ပွဲမှ ဆုရရှိသူများအား ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဆုများချီးမြှင့်ပြီး အမျိုးသား ထိုက်ချိကျန့်ပြိုင်ပွဲမှ ဆုရရှိသူများ၊ အမျိုးသမီးတစ်ဦးချင်း နန်းသောင်းပြိုင်ပွဲမှဆုရရှိသူများ၊ အမျိုးသမီး ချန်းချွန်ပြိုင်ပွဲမှ ဆုရရှိသူများအား မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဟန်မြင့်ထွန်းကလည်းကောင်း၊ အမျိုးသား ထိုက်ချိကျန့်ပြိုင်ပွဲ မှဆုရရှိသူများ၊ အမျိုးသား ဓားမောက်ပြိုင်ပွဲမှ ဆုရရှိသူများအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အကြံပေးပုဂ္ဂိုလ် ဦးအောင်ဒင်ကလည်းကောင်း၊ အမျိုးသားနှစ်ယောက်တွဲသွေ့လျှန်ပြိုင်ပွဲမှ ဆုရရှိသူများနှင့် အမျိုးသားကျန့်စုပြိုင်ပွဲမှ ဆုရရှိသူများအား ပြိုင်ပွဲကျင်းပရေး တာဝန်ခံဒိုင်ချုပ် မစ္စဝှင်ဇိုဝှိတ်ကလည်းကောင်း ဆုများချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း အိုလံပစ် အစည်းအဝေးခန်းမ၌ကျင်းပသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် အောင်နိုင်ရေးအတွက်အသုံးပြုရန် ရွှေစင်စကြာကား အသင်းမှဝန်ထမ်းများ စုပေါင်းလှူဒါန်းသော အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ကာ အလှူငွေလက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

အောက်တိုဘာ ၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ (၄၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ အခမ်းအနားကို ကမာရွတ်မြို့နယ် မူးယစ်ပြတိုက်၌ ကျင်းပရာ ရဲတပ်ဖွဲ့ဌာနချုပ် နေအိမ်လိုင်းခန်းသန့်ရှင်းမှု ပထမဆုရ လှိုင်မြို့မရဲစခန်းမှ ဒုတပ်ကြပ် သန်းဆွေဦး၏ဇနီးကို တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက ဆုချီးမြှင့်စဉ်။
မီးမီး(လှိုင်)

ကိုင်းထဲ၌ ပေါင်းဆွရင်း မိုးကြိုးထိမှန်

မိုးညို အောက်တိုဘာ ၁၀

မိုးညိုမြို့နယ် ရေကင်းအုပ်စု သက္ကယ်တန်းကျေးရွာ ဦးမျိုးကြီး ကိုင်းထဲတွင် ဒေါ်ချော(၆၂ နှစ်) နှင့် ဒေါ်လှရီ (၆၁ နှစ်)တို့အပါအဝင် ငါးဦးမှာ ခရမ်းချဉ်ပင်များ ပေါင်းဆွနေချိန် အောက်တိုဘာ ၈ ရက် ညနေ ၄ နာရီခွဲခန့်က တောင်ဘက်မှ မိုးကြိုးပစ်ရာ ဒေါ်လှရီသည် နေရာ၌ ပွဲချင်းပြီး လဲကျသေဆုံးခဲ့ပြီး ဒေါ်ချောမှာ ဦးခေါင်းမူးဝေနေ၍ မိုးညိုမြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကြော်ငြာစာအမှတ် (၂/၂၀၁၃)

၁။ တရားရေးဝန်ထမ်းအဆင့် (၄) ရာထူးနေရာများ ရွေးချယ်ခန့်ထားရေးအတွက် ရေးဖြေစာမေးပွဲကို ၉-၁၁-၂၀၁၃ရက် (စနေနေ့)တွင် ရန်ကုန်မြို့နှင့်မန္တလေးမြို့များ၌ တစ်ပြိုင်တည်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

၂။ စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို မိမိတို့လျှောက်လွှာ တင်သွင်းခဲ့သော တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အောက်ပါအစီအစဉ်အတိုင်း **ရုံးချိန်အတွင်း ဖြေဆိုမည့်သူကိုယ်တိုင်** လာရောက်ထုတ်ယူရမည်-

	စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ယူရမည့်နေရာ	ထုတ်ယူရမည့် နေ့ရက်
ကချင်၊ ကယား၊ ချင်း၊ စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ရှမ်း	မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီးတရားရေး ဦးစီးမှူးရုံး	၅-၁၁-၂၀၁၃ရက် မှ ၈-၁၁-၂၀၁၃ရက်ထိ
ကရင်၊ တနင်္သာရီ၊ ပဲခူး၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ဧရာဝတီ	ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီးတရားရေး ဦးစီးမှူးရုံး	၅-၁၁-၂၀၁၃ရက် မှ ၈-၁၁-၂၀၁၃ရက်ထိ

(စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများ လာရောက်ထုတ်ယူရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း ပြသရမည်ဖြစ်ပါသည်။)

၃။ ခုံအမှတ်စာရင်း၊ စာမေးပွဲအချိန်ဇယားနှင့် ဖြေဆိုရမည့်နေရာများကို ၅-၁၁-၂၀၁၃ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံးနှင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံးတို့တွင် ကြေညာထားပါမည်။

မှတ်ချက်။ (စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို စာပိုဒ် ၂ပါ သတ်မှတ်ရက်များအတွင်း လာရောက်ထုတ်ယူရန်ဖြစ်သည်။ သတ်မှတ်ရက်ကျော်လွန်ပါက ထုတ်ပေးမည်မဟုတ်ပါ။)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ရခိုင်ပြည်နယ် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ စစ်တွေမြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရခိုင်ပြည်နယ် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စစ်တွေမြို့တွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်မည့် ပြည်နယ်ဦးစီးမှူးရုံးနှင့် အိမ်ရာများအားရေးဆွဲထားသော ဗိသုကာပုံစံများအတိုင်းဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

အဆောက်အအုံများ

(က)	ပြည်နယ်ဦးစီးမှူးရုံး	၁ လုံး	၂၃၃၃ စ/ပေ
(ခ)	နှစ်ခန်းတွဲနှစ်ထပ်(၁)	၁ လုံး	၂၆၈၀ စ/ပေ
(ဂ)	နှစ်ခန်းတွဲနှစ်ထပ်(၂)	၁ လုံး	၂၆၈၀ စ/ပေ
(ဃ)	လေးခန်းတွဲနှစ်ထပ်	၁ လုံး	၅၃၆၀ စ/ပေ

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၄-၁၀-၂၀၁၃ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၃၁-၁၀-၂၀၁၃ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ၁၆း၀၀ နာရီ

၃။ တင်ဒါလျှောက်လွှာများကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၊စစ်တွေမြို့၊ ရုံးဖုန်း-၀၄၃-၂၂၇၅၂သို့ ၁၄-၁၀-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါကြီးကြပ်ရေးအဖွဲ့

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊စံချိန်မီအဆင့်(၂)၊မြေကွက်အမှတ်(၂၀၀၄) အမည်ပေါက် ဒေါ်စိန်မြ၏ မြေကွက်ကို လက်ရှိ လက်ဝယ်ပိုင်ဆိုင်သူ ဦးစိုးနိုင် ၁၂/ဥကမ (နိုင်) ၀၆၉၀၅၇ က မြေကွက်စလစ် (မူရင်း)၊ ငွေသွင်းချလန် (မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း) တင်ပြပြီး မြေချပါမစ် ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

သားအဖြစ်မှစွန့်လွှတ်ခြင်း

ညောင်ဦးမြို့၊ သာယာဝတီရပ်(ရှေ့)နေ ဦးတင်ဝင်း ၉/တသန(နိုင်)၀၄၃၅၇၄- ဒေါ်မြင့်မြင့်ဌေး ၉/တသန (နိုင်) ၀၄၃၅၉၆ တို့၏သား မောင်နေမျိုးမင်း ၉/တသန(နိုင်) ၁၅၀၁၉၇သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံး၀ (လုံး၀) တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးတင်ဝင်း-ဒေါ်မြင့်မြင့်ဌေး

ကန့်ကွက်နိုင်ပါသည်

တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်ကွက်၊ မြတ်လေးလမ်းသွယ်နေ ဒေါ်အေးအေးလွင် N-၀၃၅၆၃၉သည် ၂၂-၁-၁၉၉၄ ရက်တွင် ဦးအိုက်လာနှင့် ဦးစိုင်းလုံတို့ထံမှ တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်ကွက်တွင်ရှိသော(၃၅×၃၀)ပေရှိမြေကွက်နှင့် ၂၂-၁-၁၉၉၄ ရက်တွင် ဦးကျိုင်းလုံထံမှ တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်ကွက်၊ အမှတ် ၈/၂၀၇၊ ပေ(၆၀×၄၀)ရှိ မြေကွက်တို့အားဝယ်ယူပြီး လက်ရှိရယူပိုင်ဆိုင်သူဖြစ်ပါသည်။ ယခုအခါအဆိုပါမြေကွက်များအား ဒေါ်အေးအေးလွင်မှ ၎င်းအမည်ဖြင့် မြေငှားဂရန်ပြုလုပ်မည်ဖြစ်ပါသည်။ ခိုင်မာသည့်အထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာပါပြီး သုံးရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဝင်းဝင်းအေး
အထက်တန်းရှေ့နေ(စဉ်-၂၉၇၁၀)
အမှတ် ၃၂၊ ဟင်္သာလမ်း၊ ကန်သာရပ်ကွက်၊ တောင်ကြီးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ဘ/၆၅၅၀ ISUZU ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင်ဦး ၁၃/တကန(နိုင်)၁၅၀၀၁၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန(တောင်ကြီး)**

ပျောက်ဆုံးကြောင်း

ကျွန်မ မနီလာဝင်း ၁၃/လရန(နိုင်) ၁၁၉၇၄၃၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၀၃၇၃၁၆၇၆

စာအုပ်စာပေ လူ့မိတ်ဆွေ

နိုင်ငံတကာအားကစားသတင်း

မွန်တီနီဂရိုးကို ခက်ခဲစွာဖြတ်ကျော်ရမယ့် အင်္ဂလန်

၂၀၁၄ ကမ္ဘာ့ဖလား ဥရောပဇုန်ခြေစစ်ပွဲကို အောက်တိုဘာ ၁၁ ရက်နဲ့ ၁၂ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ အင်္ဂလန်တို့ မွန်တီနီဂရိုးကို ပွဲကျပ်အဖြစ် ရင်ဆိုင်ရဖွယ်ရှိနေပါတယ်။ ဒီလိုပါပဲ ယူကရိန်းနဲ့ ပိုလန်တို့ပွဲမှာလည်း နှစ်သင်းစလုံးအတွက် အပြတ်အသတ်ချေမှုန်းရမယ့်ပွဲဖြစ်ပါတယ်။

ယူကရိန်းနှင့်ပွဲတွင် အင်္ဂလန်တိုက်စစ်မှူး ရစ်ကီလမ်းဘတ်ဂိုးသွင်းယူစဉ်။

အင်္ဂလန်နှင့် မွန်တီနီဂရိုး

အုပ်စု(H)မှာ ထိပ်ဆုံးကရပ်တည်နေတဲ့ အင်္ဂလန်ဟာ ခြေစစ်ပွဲအောင်ဖို့ ကြိုးစားနေရဆဲဖြစ်ပါတယ်။ အင်္ဂလန်ဟာ မွန်တီနီဂရိုးနဲ့ဆုံတိုင်း အသည်းပေါက်မတတ် အားထုတ်ခဲ့ရတာချည်းဖြစ်တာမို့ ဒီပွဲမှာ အိမ်ကွင်းဖြစ်ပေမယ့် ခက်ခဲမယ့်အနေအထားပါပဲ။ အင်္ဂလန်အသင်းဟာ ကစားကွက်တည်ငြိမ်မှုမရှိပေမယ့် ကစားအားကောင်းတဲ့အခြေအနေရှိလို့ ဒီပွဲမှာရလဒ်ကောင်းကို မျှော်လင့်နိုင်ပေမယ့် စိတ်ချတဲ့အနေအထားတော့ မဟုတ်ပါဘူး။ မွန်တီနီဂရိုးတို့က အင်္ဂလန်ကို ဘယ်လိုကစားရမလဲသိနေတာမို့ အမှားလုပ်တတ်တဲ့ အင်္ဂလန်အတွက် ရင်လေးစရာတော့ ကောင်းနေပါတယ်။

ဂရိနှင့် ဆလိုဗက်ကီးယား

အုပ်စု(G)မှာ ဂရိတို့အုပ်စုထိပ်မှာ ရပ်တည်နိုင်ရေးအတွက် ခြေကုန်ထုတ်မှုရမယ့် သဘောပါပဲ။ ဆလိုဗက်ကီးယားဟာ အိမ်ကွင်း၊ အဝေးကွင်း ခြေစွမ်းတည်ငြိမ်တာမို့ ဂရိအတွက် ခက်ခဲပါလိမ့်မယ်။ အုပ်စု(G)မှာ နှစ်သင်းစလုံး ရမှတ်တူညီနေတာမို့ ဒီပွဲမှာတော့ ဖောင်ဖျက်တိုက်စစ်ဆင်မှုရှိလာနိုင်ပါတယ်။ အိမ်ကွင်းရလဒ်ကောင်းအောင် ဂရိတို့ကြိုးစားမှာဖြစ်ပါတယ်။

စပိန်နှင့် ဘီလာရုစ်

အုပ်စု(I)မှာ စပိန်တို့က ဘီလာရုစ်ကို ငယ်နိုင်သဘောမျိုးဖြစ်နေတာကြောင့် စိတ်ခတ်အသာစီးနဲ့ကစားပါလိမ့်မယ်။ ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံခဲ့ဖူးတဲ့ပွဲမှာ စပိန်က လေးဂိုးပြတ်သွင်းပြီး အနိုင်ယူထားတာမို့ အခုပွဲလည်း ဘီလာရုစ်တို့ရင်မောရမယ့်ကိန်းပါပဲ။

မော်လ်တာနှင့် ချက်

ခြေစစ်ပွဲအောင်ဖို့ မလွယ်တော့တဲ့ မော်လ်တာကို ချက်တို့အင်အားအပြည့်သုံးပြီး ကစားပါလိမ့်မယ်။ ဒီပွဲနိုင်မှ မျှော်လင့်ချက်ရှင်သန်နိုင်မှာဖြစ်တာမို့ ချက်ဟာ တိုက်စစ်ဖွင့်ပြီး အနိုင်ရရေးဦးတည်ချက်နဲ့ ရလဒ်ကောင်းအောင် ကြိုးစားပါလိမ့်မယ်။

မော်လ်တာနဲ့ဆုံတိုင်း ချက်တို့အနိုင်ရလေ့ မှတ်တမ်းရှိထားတာမို့ ဒီပွဲမှာလည်း အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းပါလိမ့်မယ်။

လစ်သူယေးနီးယားနှင့် လတ်ဗီးယား

အုပ်စု(G)မှာတော့ လစ်သူယေးနီးယားရော လတ်ဗီးယားတို့ခြေစစ်ပွဲအတွက် အလားအလာ မကောင်းတော့ပါဘူး။ ဒီနှစ်သင်းဆုံတွေ့တိုင်း လတ်ဗီးယားတို့ အနိုင်ရခဲ့တာချည်းဖြစ်လို့ ဒီပွဲမှာလည်း လတ်ဗီးယားတို့ ဂုဏ်သိက္ခာအတွက် အနိုင်ရလဒ်ကို သိမ်းပိုက်နိုင်ပါလိမ့်မယ်။

မိုးမြင့်လင်းလက်

ကမ္ဘာ့ဖလား ခြေစစ်ပွဲအုပ်စု ကစားမည့်ပွဲစဉ်များ

ဥရောပဇုန် အုပ်စုပွဲစဉ်များ ▶ အောက်တိုဘာ ၁၁/၁၂ ရက်

အာမေးနီးယား	-	**ဘူဂေးရီးယား**	ည	၉း၃၀
လစ်သူရေးနီးယား	-	လတ်ဗီးယား	ည	၁၀း၀၀
အဇာဘိုင်ဂျန်	-	**မြောက်အိုင်ယာလန်**	ည	၁၀း၃၀
ခရိုအေးရှား	-	ဘယ်လ်ဂျီယံ	ည	၁၀း၃၀
မော်လ်ဒိုဗာ	-	**ဆန်မာရီနို**	ည	၁၀း၃၀
ဖာရိုးကျွန်းစု	-	ကာဇက်စတန်	ည	၁၁း၃၀
မော်လ်တာ	-	**ချက်**	နံနက်	၀၀း၀၀
ဘော့စနီးယား	-	လက်ချင်စတိန်း	နံနက်	၀၀း၃၀
ယူကရိန်း	-	ပိုလန်	နံနက်	၀၀း၃၀
ဒိန်းမတ်	-	**အီတလီ**	နံနက်	၀၀း၄၅
အယ်ဘေးနီးယား	-	**ဆွစ်ဇာလန်**	နံနက်	၁း၀၀
အင်ဒိုရာ	-	**ရိုမေးနီးယား**	နံနက်	၁း၀၀
အက်စ်တိုးနီးယား	-	**တူရကီ**	နံနက်	၁း၀၀
လူဇင်ဘတ်	-	**ရုရှား**	နံနက်	၁း၀၀
နယ်သာလန်	-	ဟန်ဂေရီ	နံနက်	၁း၀၀
ဂျာမနီ	-	အိုင်ယာလန်	နံနက်	၁း၁၅
ဂရိ	-	ဆလိုဗက်ကီးယား	နံနက်	၁း၁၅
အိုက်စလန်	-	ဆိုက်ပရပ်စ်	နံနက်	၁း၁၅
ဆလိုဗေးနီးယား	-	**နော်ဝေ**	နံနက်	၁း၁၅
ဆွီဒင်	-	ဩစတြီးယား	နံနက်	၁း၁၅
ဝေးလ်	-	မက်ဆီဒိုးနီးယား	နံနက်	၁း၁၅
အင်္ဂလန်	-	မွန်တီနီဂရိုး	နံနက်	၁း၃၀
ပေါ်တူဂီ	-	အစ္စရေး	နံနက်	၂း၁၅
စပိန်	-	ဘီလာရုစ်	နံနက်	၂း၃၀

တောင်အမေရိကဇုန် အုပ်စုပွဲစဉ်များ ▶ အောက်တိုဘာ ၁၂ ရက်

ဗင်နီဇွဲလား	-	**ပါရာဂွေး**	နံနက်	၃း၀၀
အီကွေဒေါ	-	**ဥရုဂွေး**	နံနက်	၃း၃၀
ကိုလံဘီယာ	-	ချီလီ	နံနက်	၃း၃၀
အာဂျင်တီးနား	-	ပီရူး	နံနက်	၅း၃၀

သီဟ

ဘယ်လာမီ လက်ရွေးစင်အဖြစ်မှ နားမည်

ဝေလတိုက်စစ်မှူး ဘယ်လာမီက ၄င်းအနေဖြင့် မက်ဆီဒိုးနီးယားနှင့် ဘယ်လ်ဂျီယံတို့နှင့် ကစားမည့် ကမ္ဘာ့ဖလားအုပ်စု ခြေစစ်ပွဲများပြီးလျှင် နိုင်ငံ့လက်ရွေးစင်အဖြစ်မှ အနားယူတော့မည်ဖြစ်ကြောင်း အခိုင်အမာ ပြောကြားလိုက်သည်။ အသက် ၃၄ နှစ်ရှိပြီဖြစ်သော ကာဒစ်တိုက်စစ်မှူး ဘယ်လာမီသည် ဝေလအသင်းနှင့်အတူ ၁၅ နှစ်ကြာ ကစားခဲ့ပြီး ပွဲပေါင်း ၇၆ ပွဲတွင် ၁၉ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ကစားသမားများသည် လာပြီး ပြန်ကြရလေ့ရှိကြောင်း၊ မိမိဘေလုံးသမားဘဝသည်လည်း လာပြီးပြန်ရတော့မည်ဖြစ်ကြောင်း ကိုဗင်ထရီ၊ နယူးကာဆယ်နှင့် လီဗာပူးတိုက်စစ်မှူးဟောင်း ဘယ်လာမီက ပြောသည်။

လက်ရှိ လူငယ်ကစားသမားများကို ယူရို ၂၀၁၆ အတွက် အခွင့်အလမ်းပေးရမည်ဖြစ်ကြောင်း ၄င်းက ပြောကြားသည်။ ကာဒစ်ကွင်း၌ မက်ဆီဒိုးနီးယားနှင့် ကစားမည့်ပွဲတွင် ဘယ်လာမီသည် ဝေလအသင်းအတွက် နောက်ဆုံးကစားမည့်ပွဲဖြစ်သည်။ အောက်တိုဘာ ၁၁ ရက်တွင် ဘယ်လာမီက မိမိအိမ်ကွင်းပရိသတ်များကိုလည်း နှုတ်ဆက်ထွက်ခွာလိမ့်မည်ဖြစ်သည်။

အင်္ဂလန်နိုင်ငံသားများသာ အင်္ဂလန်အတွက် ကစားသင့်ကြောင်း ဂျက်ဝီလ်ရှရီပြော

အင်္ဂလန်အသင်းတွင် အင်္ဂလန်နိုင်ငံသားများသာ ကစားသင့်ကြောင်း ကွင်းလယ်ကစားသမား ဂျက်ဝီလ်ရှရီက ပြောသည်။ မန်ယူဆယ်ကျော်သက် အက်နန်ဂျာနူဂျက်သည် ဖီဖာ၏ငါးနှစ်နေထိုင်မှုခွင့်ပြုချက်ပေးလျှင် အင်္ဂလန်အတွက် ကစားပေးနိုင်လိမ့်မည်ဖြစ်သည်။ သို့သော် အခြားတစ်နိုင်ငံက လက်ခံမည်၊ မခံမည်ကို အတည်မပြုရသေးဟုဆိုသည်။ ဂျာနူဂျက်ကို ဘယ်လ်ဂျီယံနိုင်ငံအတွက် ရွေးချယ်သင့်သူဟုဆိုသည်။ အင်္ဂလန်တွင် ငါးနှစ်ကြာနေရုံမျှနှင့် အင်္ဂလန်နိုင်ငံသားဟု မပြောနိုင်ကြောင်း အသက် ၂၁ နှစ်ရှိ အာဆင်နယ်ကစားသမားဝီလ်ရှရီက ပြောသည်။

မိမိအနေဖြင့် စပိန်တွင် ငါးနှစ်နေရုံမျှနှင့် စပိန်အသင်းအတွက် ကစားပေးနိုင်လိမ့်မည် မဟုတ်ကြောင်း ၄င်းက ပြောသည်။

အင်္ဂလန်နည်းပြ ရှိုင်းဟော့ဆင်က အသက် ၁၈ နှစ်ရှိ ဂျာနူဂျက်ကို အင်္ဂလန်အသင်းအတွက် ရွေးချယ်ထားသည်။ ၄င်းသည် ဘယ်လ်ဂျီယံ ဘရပ်ဆဲလ်မြို့တွင် မွေးဖွားခဲ့သူဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

Ajinomoto အချိုမှုန့်နှင့် ကုန်အမှတ်တံဆိပ်များအတွက် သတိပေးကြေညာခြင်း၊

Ajinomoto Co., Inc, နေရပ်လိပ်စာ 15-1, Kyobashi 1-chome, Chuo-ku, Tokyo, Japan သည် အချိုမှုန့်နှင့်အခြားစားသောက်ကုန်များအတွက် အောက်ပါကုန်အမှတ်တံဆိပ်များကို လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝှမ်းတွင် တစ်ဦးတည်းပိုင်အဖြစ် တရားဝင်မှတ်ပုံတင်ပြီး ထုတ်လုပ် သုံးစွဲလျက်ရှိပါသည်။

味の素

မှတ်ပုံတင်အမှတ်၊ ၄/၁၄၁၀/၁၉၅၃

味の素

မှတ်ပုံတင်အမှတ်၊ ၄/၃၀/၁၉၅၈

AJI-NO-MOTO

မှတ်ပုံတင်အမှတ်၊ ၄/၁၄၁၁/၁၉၅၃

ယခုအခါ Ajinomoto Co., Inc ၏ ခွင့်ပြုချက်မရဘဲ "AJI-NO-MOTO®" ကုန်အမှတ်တံဆိပ်ဖြင့် အချိုမှုန့်များကို တရားမဝင် တုပထုတ်လုပ်ကာ မြန်မာနိုင်ငံဈေးကွက်တွင် ဖြန့်ဖြူးရောင်းချလာသည်ကို တွေ့ရှိရပါသည်။

Ajinomoto အချိုမှုန့်အတုနှင့်အစစ်တို့၏ ကွာခြားချက်များမှာ-

(၁) အချိုမှုန့်အတုအထုပ်မှ စာသားများနှင့် ကုန်အမှတ်တံဆိပ်တို့၏ အနီရောင်သည် အချိုမှုန့်အစစ်၏ အနီရောင်ထက် ပို၍ အရောင်ဖျော့ပါသည်၊

(၂) အချိုမှုန့်အတု၏ ဈေးနှုန်းသည် အစစ်ထက် ထက်ဝက်ခန့် လျော့နည်းပါသည်၊

(၃) အချိုမှုန့်အတုများသည် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဌာန FDA ၏ စစ်ဆေးထောက်ခံချက်မရှိသည့်အပြင် အရည်အသွေး၊ အဆင့်အတန်း၊ အထားအသို စံမပြည့်မီသဖြင့် စားသုံးသူများအတွက် အန္တရာယ်ရှိနိုင်ပါသည်။ Ajinomoto Co., Inc သည် ယင်းအရည်အသွေးမျက် ကုန်ပစ္စည်းအတုအပများအတွက် တစ်စုံတစ်ရာ တာဝန်ယူမည် မဟုတ်ပါ၊

(၄) ယခုအခါ တရားမဝင်သော "AJI-NO-MOTO®CHINA" အမည်ဖြင့် အချိုမှုန့်အတုများကို တာဝန်မဲ့ စီးပွားရေးသမားများက မြန်မာနိုင်ငံတွင် ကျယ်ပြန့်စွာ ဖြန့်ချိနေသည်။

Ajinomoto Co., Inc ၏ တစ်ဦးတည်းပိုင်ကုန်အမှတ်တံဆိပ်များကို အခြားတစ်ဦးတစ်ယောက်သို့မဟုတ်အများသို့မဟုတ်အဖွဲ့သို့မဟုတ်ကုမ္ပဏီတစ်ခုခုက ထပ်တူသော်လည်းကောင်း၊ ဆင်တူယိုးမှားသော်လည်းကောင်း၊ အရောင်အဆင်းတုပ၍သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း အချိုမှုန့်နှင့် ယင်း၏ထုပ်ပိုးပစ္စည်းများတွင် သုံးစွဲခြင်း၊ ပြည်ပမှတင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းစသည်တို့ကို ပြုလုပ်ပါက ရာဇသတ်ကြီးဥပဒေ၏ ပုဒ်မ ၄၇၈ မှ ၄၈၉ ပါ သင့်လျော်ရာ ပြစ်မှုအရဖြစ်စေ၊ အခြားပြစ်မှုကြောင်း၊ တရားမကြောင်းများအရဖြစ်စေ ထိရောက်စွာ တရားစွဲဆိုအရေးယူသွားမည် ဖြစ်ကြောင်း၊ ထပ်လောင်းသတိပေး ကြေညာအပ်ပါသည်။

Ajinomoto Co., Inc ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းမောင်၊ တရားလွှတ်တော်ရှေ့နေ၊

Kelvin Chia Yangon Ltd. Law Firm

အခန်း ၁၅၀၅-၁၅၀၈-၁၅၀၉၊ ၁၅ လွှာ၊ ဆာကူရာတာဝါ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

၂၀၁၃၊ အောက်တိုဘာလ၊ (၁၁) ရက်

ရေစကြိုမြို့နယ်တွင် မိုးရွာသွန်းမှုနောက်ကျသဖြင့် စပါးစိုက်ဧကလျော့နည်း

မြန်မာနိုင်ငံရှိလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများဖြစ်ရာ နိုင်ငံတော်၏ အဓိကစီးပွားရေးလုပ်ငန်းမှာလည်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် နည်းလမ်းမျိုးစုံဖြင့် ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးလျက်ရှိရာ စိုက်ပျိုးရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေရရှိရန် ဆည်မြောင်း၊ တာ၊ တာတမံများကို တည်ဆောက်ပေးလျက်ရှိသည်။ ရေစကြိုမြို့နယ်အတွင်း၌လည်း စိုက်ပျိုးရေးအတွက် အဓိက အားထားရသောဆည်ကြီးငါးခုနှင့် ကျေးလက်ဖွံ့ဖြိုးရေးဆည် ၁၅ ခုကို တည်ဆောက် ပေးခဲ့ပြီးဖြစ်သည်။

ယခုနှစ်မိုးရာသီတွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုနောက်ကျသဖြင့် ရေစကြိုမြို့ရှိ အဆိုပါဆည်ရေများကိုအားထား၍ စိုက်ပျိုးရသော မိုးစပါးစိုက်တောင်သူများအနေနှင့်မိုးစပါးစိုက်ပျိုးရန် အခက် ကြုံရသည့်အတွက် မိုးစပါးကို ဆည်နီးဝန်းကျင်စိုက်ခင်းအချို့သာ စိုက်ပျိုးနိုင်၍ ကျန်ဆည်ရေသောက်စိုက်ခင်းများတွင် ပဲတီစိမ်းများနှင့် အခြားသီးနှံများကို စိုက်ပျိုးခဲ့ကြရသည်ဟု သိရသည်။ ပခုက္ကူခရိုင် ရေစကြိုမြို့တွင် ၂၀၁၁ ခုနှစ်က မိုးရေချိန် ၂၃ ဒသမ ၁၈ လက်မနှင့် မိုးရွာရက် ၃၈ ရက်ရှိခဲ့၍ ၂၀၁၂ ခုနှစ်တွင် မိုးရေချိန် ၂၀ ဒသမ ၈ လက်မနှင့် မိုးရွာသွန်းရက် ၂၇ ရက်ရှိခဲ့ပြီး ယခုနှစ် ၂၀၁၃ ခုနှစ် ဧပြီလမှအောက်တိုဘာလ ၂ ရက်အထိ မိုးရေချိန် လက်မ ၁၆ ဒသမ ၅၀ သာရှိသည်ဟု သိရသည်။

ထိုကဲ့သို့ ရေစကြိုမြို့တွင် ယခုနှစ်မိုးရာသီအတွက် မိုးရွာသွန်းမှုနောက်ကျခဲ့သော်လည်း နေရာကွက်၍ မကြာခဏ မိုးရွာခဲ့သဖြင့် ကျောက်ကာကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေးဆည်ကန်တွင် ဆည်၏ တာပေါင်ကျိုးခဲ့၍ မြေနီကုန်းကျေးလက်ဖွံ့ဖြိုးရေးဆည်ကန်တွင် ဆည်ရေလျှံခဲ့သဖြင့်ဆည်အောက်ရှိ ထန်းတဲ ၁၀ လုံးခန့် ရေလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်ဟုသိရသည်။ ထို့ပြင် ဗြိုဘကျေးရွာရှိ သောက်သုံးရေကန်တွင်လည်း ရေလျှံခဲ့သည်ဟု သိရသည်။

သို့ရာတွင် ရေစကြိုမြို့၏ အဓိကဆည်ကြီး ငါးခုဖြစ်သော ဆင်ချောင်းဆည်၊ ငွေးချိုဆည်၊ မြေခဲတောင်ဆည်၊ ခင်မွန်ဆည်နှင့် ဆင်ကြို့ဆည်များတွင်မူ နှစ်စဉ်ရောက်ရှိနေကျဆည်ရေမှတ်ကို မရောက်ရှိသေးဘဲ လိုနေသေးသည်ဟုသိရသည်။ အဆိုပါ ဆည်ငါးခု၏ ယခုရောက်ရှိနေသော ဆည်မှတ်များမှာ ဆင်ချောင်းဆည်တွင် ယခုရေမှတ် ၃၃၁ ဒသမ ၉ ပေရှိ၍ ဆည်ရေပြည့်အမှတ်မှာ ၃၃၂ပေဖြစ်သဖြင့် ဆည်ရေမှတ်ပြည့်ကာ နီးနေသဖြင့်လည်းကောင်း၊ ငွေးချိုဆည်တွင်ယခုဆည်ရေမှတ် ၃၄၄ ပေရှိ၍ ဆည်ရေပြည့်အမှတ်မှာ ၃၅၂ ပေဖြစ်သဖြင့် ဆည်ရေပြည့်မှတ်ရောက်ရန်မှာ ရှစ်ပေလိုနေသေးသောအနေအထားဖြင့်လည်းကောင်း၊ မြေခဲတောင်ဆည်တွင် ယခုဆည်ရေမှတ် ၃၃၆ ဒသမ ၇ ပေရှိ၍ ဆည်ရေပြည့်အမှတ်မှာ ပေ ၃၄၀ ဖြစ်သဖြင့်ဆည်ရေပြည့်မှတ်ရောက်ရန်မှာ သုံးပေလိုနေသေးသောအနေအထားဖြင့်လည်းကောင်း၊ ခင်မွန်ဆည်တွင်ယခုဆည်ရေမှတ် ၁၂၂ ဒသမ ၆ ပေရှိ၍ ဆည်ရေပြည့်အမှတ်မှာ ၁၃၂ ပေဖြစ်သဖြင့် ဆည်ရေပြည့် မှတ်ရောက်ရန်မှာ ၁၀ပေလိုနေသေးသောအခြေအနေဖြင့် လည်းကောင်း၊ ဆင်ကြို့ဆည်တွင် မူရေအဝင်မရှိသလောက်အနေအထားဖြင့်လည်းကောင်း ရေဝင်နည်းပါးလျက်ရှိသည်ဟုသိရသည်။

ထိုကဲ့သို့ မိုးရွာချိန်နောက်ကျသည့်အတွက် စိုက်ပျိုးရေးအတွက် အဓိကကျသော ဆည်ကြီးတွင်လည်း ရေကောင်းစွာမရှိသေးသဖြင့် ရေစကြိုမြို့တွင် ယခုနှစ်အတွက် ဆည်ရေသောက်မိုးစပါးစိုက်ဧကများ စိုက်ပျိုးမှုလျော့နည်းခဲ့ရသည်ဟု သိရသည်။

အိမွန်ဆွေ(ရေစကြို)

ပါလျှံ(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မူခင်းကျဆင်းရေး ပညာပေးဟောပြော

တာချီလိတ် အောက်တိုဘာ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ ဟောင်လိတ်အုပ်စု ပါလျှံ(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ အောက်တိုဘာ ၈ ရက် မွန်းလွဲ ၂ နာရီက မူခင်းမဖြစ်ပွားစေရေးနှင့် မူခင်းကျဆင်းရေးတို့အတွက် ပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

တက်ရောက်

ဟောပြောပွဲကို တာချီလိတ်မြို့မရဲစခန်းမှူး ဒုတိယရဲမှူးကျော်သန်းနှင့်နယ်ထိန်း ခေါင်းဆောင် ဒုရဲအုပ်မြင့်ထွေး၊ နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ တာချီလိတ်မြို့ ဟောင်လိတ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းကြုံ၊ ရပ်ကွက်နေပြည်သူများနှင့် ဆိုင်ကယ်ကယ်ရီယာဉ်မောင်းများ တက်ရောက်ခဲ့သည်။

တာချီလိတ် မြို့မရဲစခန်းမှူး ဒုတိယရဲမှူးကျော်သန်းက ရပ်ကွက်နေပြည်သူများကို မူခင်းမဖြစ်ပွားစေရေးလက်တွေ့ကျသော သိကောင်းစရာများ၊ ပညာပေးဟောပြောခဲ့သည်။

မြင့်မိုရ်(တာချီလိတ်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မူဆယ်တွင် မဟာဝန်ဝုန်းမေတ္တာဆေးခန်းဖွင့်ပွဲကျင်းပ

မူဆယ် အောက်တိုဘာ ၁၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ ဝုန်းမေတ္တာ အသေးစား ငွေစုငွေချေးလုပ်ငန်း၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်အကောင်အထည် ဖော်ရန်အတွက် မူဆယ်မြို့ မြောက်ရပ်ကွက် မဟာဝန်ကျောင်းဝင်းတွင် "မဟာဝန်ဝုန်းမေတ္တာ" ဆေးခန်းဖွင့်ပွဲကို အောက်တိုဘာ ၇ ရက် နံနက် ၈ နာရီက ကျင်းပရာ မဟာဝန်ကျောင်း ဆရာတော် ဘဒ္ဒန္တနရနာထ(သဒ္ဓမ္မဇောတိကဓဇ)အမှူးပြုသော သံဃာတော်အရှင်သူမြတ်များ၊ မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးကောင်းစံဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့် ဌာနဆိုင်ရာများ၊ မဟာဝန် ဝုန်းမေတ္တာ နာယကအဖွဲ့ဝင်များ၊ ဦးစီးကော်မတီဝင်များ တာဝန်ယူကြမည့် ဆရာဝန်များ၊ သူနာပြုများ၊ ဝုန်းမေတ္တာအလုပ်အမှုဆောင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

အခမ်းအနားတွင်ဩဝါဒါစရိယ မဟာဝန်ကျောင်းဆရာတော် ဘဒ္ဒန္တနရနာထ(သဒ္ဓမ္မဇောတိကဓဇ)က အဖွင့်ဩဝါဒကထာမြွက်ကြားခြင်း၊ ဝုန်းမေတ္တာ ဆေးခန်းဦးစီးတာဝန်ယူဆောင်ရွက်သူ ဒေါက်တာနန်းစန်ချိုက နှုတ်ခွန်းဆက်အမှာစကားပြောကြားခြင်း၊ ပင့်သံဃာတော်များက အောင်ဂါထာတော်ဖြင့် ချီးမြှင့်၍ ဆရာတော်ဘဒ္ဒန္တနရ နာထ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံဦး၊ အလှူရှင်ဦးစိန်ဝင်း၊ ခရိုင်ဆရာဝန်ဒေါက်တာတင်ထွန်း၊သွားဘက်ဆိုင်ရာဆရာဝန်ဒေါက်တာခင်မောင်လတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

"ဒီဆေးခန်းကို သွားဆေးခန်းနဲ့ အထွေထွေရောဂါများအတွက်ဆရာဝန်အင်အား ၁၀ ဦး၊ သူနာပြုအင်အား၁၀ဦးနှင့်အပတ်စဉ်စနေ၊တနင်္ဂနွေ နှစ်ရက်ဖွင့်မှာဖြစ်ပြီး သံဃာတော်တွေ၊ သီလရှင်တွေ၊ ဂေါပကများကို အခမဲ့ကုသပေးမှာဖြစ်ပါတယ်၊ လာရောက်ပြသ ကုသသူများက တတ်စွမ်းသမျှ ထည့်ဝင်ပေးခြင်း၊ သဒ္ဓါကြေးဖြင့် ကုသသွားမှာဖြစ်ပြီး ဒီဆေးခန်းဖြစ်မြောက်အောင် ဝုန်းမေတ္တာ အသေးစားငွေစုငွေချေးအဖွဲ့က သူတို့အဖွဲ့ရဲ့ ရည်မှန်းချက်အတိုင်း ဆရာတော်တို့ရဲ့ ဩဝါဒကိုခံယူပြီး လူအင်အား၊အလှူငွေအားနဲ့အကောင်အထည်ဖော်ခဲ့ပါတယ်။ ဦးစိန်ဝင်း (မောင်စိန်ဝင်းနှင့်ညီများ)ကသိန်း၆၀၊ ဦးကျော်ဝင်း(သိန်းသန်းချီ ကုမ္ပဏီ) ကလည်း သိန်း ၅၀ ထည့်ဝင်လှူဒါန်းခဲ့ကြပါတယ်။ ဒီလိုအများ ပြည်သူအကျိုးပြုဆေးခန်းကြီး အကောင်အထည်ဖော်လာတာသာဓုခေါ်စရာပါ" ဟု မဟာဝန်ဆရာတော်က မိန့်ကြားခဲ့သည်။

သိန်းဇော်(ရွှေလီဦး)

(၄၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့နှင့် ထူးချွန်ဆုရ တပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်များအား ကူညီပံ့ပိုးခဲ့ကြသည့်ပြည်သူများအား ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၁ ရက်က မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ကျင်းပရာ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးဒုတိယ ရဲမှူးကြီးသန်းတင်က ဆုရမွန်ပြည်နယ်သတင်းထောက်ဦးကျော်သန်းအား ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေချီးမြှင့်စဉ်။ (၁၀၇)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင်အရောက်တန်ဖိုး DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 16/HPGE/2013-2014
(က) Micom Relay (P 643) (4) Nos
Tender No. 17/HPGE/2013-2014
(ခ) စက်ရုံများအတွက် Digital Meter (61) Nos
Tender No. 18/HPGE/2013-2014
(ဂ) ကင်းတားနှင့်ဆည်တော်ကြီးစက်ရုံအတွက် 132 kV LA (2) Sets
Tender No. 19/HPGE/2013-2014
(ဃ) ရုံးချုပ်နှင့်စက်ရုံများအတွက် ဘက်ထရီအမျိုးအစား(၅)မျိုး (280) Nos

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၇ရက် မွန်းတည့် ၁၂ နာရီဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် ၃၈၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈ နှင့် ၄၁၁၀၇၆

ငှားမည်

RC သုံးထပ် ပထမထပ်ငှားမည်။ အကျယ်အဝန်း အလျားပေ ၃၀၊ အနံပေ ၃၀ ဟောခန်း၊ ကုမ္ပဏီရုံးခန်းဖွင့်လိုသူများ၊ အခြားသင့်တော်ရာလုပ်ငန်း၊ ရုံးခန်းဖွင့်လိုသူများ ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၉၀၀၂၄၆၅။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ပြည်ထောင်စုဝန်ကြီးရုံးဝင်းအတွင်းရှိ နို့စားနွားသုတေသနခြံတွင် အောက်ပါလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူပါသည်-

(က) ပင်မဆောင် ၁၂ပေ အကျယ်လေးဖက် စတုရန်းပေ ၃၃၆၀ အား မြေပျော့များတူးထုတ်၍ ၄ဒသမ ၅လက်မအထူ ကွန်ကရစ်ခင်းခြင်း။
(ခ) ၁၀၄ပေ×၂၁ပေ ကွက်လပ်(စတုရန်း ၂၁၈၄ပေ)အား ကျောက်စရစ်အထူ ၆လက်မနှင့် အောက်ခံဖောင်ဒေးရှင်းအား အုတ်ကျိုးတို့ဖြင့် ကွန်ကရစ်အကြမ်းခင်း။

၂။ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါလျှောက်လွှာများပေးပို့ရန်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၆-၁၀-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) မှ ၂၄-၁၀-၂၀၁၃ ရက် (ကြာသပတေးနေ့)အထိ (ရုံးချိန်အတွင်း)
(ခ) **တင်ဒါလျှောက်လွှာပေးပို့ရန် နောက်ဆုံးရက်နှင့်အချိန်** - ၂၅-၁၀-၂၀၁၃ ရက် (သောကြာနေ့) မွန်းလွဲ ၁း၀၀ နာရီ
(ဂ) **တင်ဒါပုံစံနှင့်စည်းကမ်းချက် ရောင်းချမည့်နေရာ** - စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ရုံးအမှတ် ၂၁၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၄၄၄၈၊ ၀၆၇-၄၀၄၄၅၅၊ ၀၆၇-၄၀၄၅၁၁၊ ၀၁-၆၆၇၃၄၀ (ရန်ကုန်၊ ကမ္ဘာအေးဘုရားလမ်း သစ္စာလမ်းထောင့်)
(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန်** - ၄-၁၁-၂၀၁၃ရက် (တနင်္လာနေ့) (ရုံးချိန်အတွင်း)

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အထက်ပါဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ရေနံနှင့်ရေနံဓာတုဗေဒပစ္စည်းများသယ်ယူပို့ဆောင်ရေးဌာနပိုင် ရန်ကုန်မြစ်အတွင်း နစ်မြုပ်လျက်ရှိသော MT မြန်အောင်ရေယာဉ် အမြုပ်သင်္ဘောအား လက်ရှိမျက်မြင်အခြေအနေအတိုင်း လုပ်အားခဖြင့် ဆယ်ယူခြင်းလုပ်ငန်းဆောင်ရွက်ရန် တတိယအကြိမ် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၄-၁၀-၂၀၁၃ ရက်မှ ၃၀-၁၀-၂၀၁၃ ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ် ၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၃၁-၁၀-၂၀၁၃ ရက် (ကြာသပတေးနေ့)
အချိန်နှင့်နေရာ - ၁၂ နာရီ၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
တင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန် - ၃၁-၁၀-၂၀၁၃ ရက်၊ ၁၃း၀၀ နာရီ

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂၊ ၀၆၇-၄၁၁၀၉၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်

ဖခင် အမည်မှန်
ကျောက်ဖြူမြို့နယ်၊ အထက ကွမ်းချောင်း တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဝင်းကျော်ထွန်း၏ဖခင်အမည်မှန်မှာ ဦးစံကျော် ၁၁/ကဖန(နိုင်)၀၁၉၆၀၇ ဖြစ်ပါကြောင်း။
ဦးစံကျော်

ဖခင် အမည်မှန်
ကျောက်ဖြူမြို့နယ်၊ အထက ကွမ်းချောင်း တက္ကသိုလ်ဝင်တန်း(A)မှ မခင်မာရီ၏ဖခင်အမည်မှန်မှာ ဦးမောင်တင်ရွှေ ၁၁/ကဖန(နိုင်)၁၀၅၀၈၇ ဖြစ်ပါကြောင်း။
ဦးမောင်တင်ရွှေ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကလေးမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဆည်ကြီးတံတားနှင့် နတ်တံခါးချောင်းတံတားပျက်စီး

ကလေး အောက်တိုဘာ ၁၀

ကလေးမြို့နယ်တွင် စက်တင်ဘာ ၁၈ရက်နှင့် ၂၉ ရက်တွင် မိုးသည်းထန်စွာအဆက်မပြတ် ရွာသွန်းခြင်းကြောင့် ဆည်ကြီးချောင်းနှင့်နတ်တံခါးချောင်းတို့သည် ရေကြီး ရေလျှံပြီးတံတားနှစ်စင်းပျက်စီးခဲ့သည်။

အဆိုပါ ပျက်စီးသွားသည့် တံတားများဖြစ်သော ကလေးမြို့နယ်၏ အနောက်မြောက်ဘက် ဆည်ကြီးချောင်းကို ဖြတ်သည့် ဆည်ကြီးသစ်သားတံတားနှင့် နတ်တံခါးချောင်းဖြတ်သည့် နတ်တံခါးသံကူကွန်ကရစ်တံတားတို့သည် ကလေးမြို့၏ အနောက်မြောက်ဘက်ရှိ ကျေးရွာနေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးကို အလွန်အထောက်အကူပြုသည့် တံတားများဖြစ်သည်။

ဆည်ကြီးတံတား၏ ပျက်စီးသွားသော အစိတ်အပိုင်းနှင့်နတ်တံခါးတံတား၏ ပျက်စီးသွားသော ထိပ်ပိုင်းတစ်ခန်းနေရာများကို ဝါးလုံးရှည်များတန်း၍ ဝါးကပ်များခင်းကာ လူနှင့်ဆိုင်ကယ်များ သွားနိုင်အောင် ကျေးရွာနေပြည်သူများကယာယီပြုပြင်ထားပြီး ယာဉ်ကြီး ယာဉ်ငယ်များ ဖြတ်သန်းသွားလာခြင်း ပြတ်တောက်နေဆဲဖြစ်သည်။ **(အောက်ပုံ)**

ကြည့်ရှုစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းသည် တိုင်းဒေသကြီးမှ သက်ဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တံတားများ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် အောက်တိုဘာ ၄ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။

ဂျူနိုင်း

တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၀

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် အကြိမ်(၂၀)မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် ရွာမအရှေ့ရပ်ကွက်ရှိ ဆောက်လုပ်ရေးပင်မအလုပ်ရုံ (ယန္တရားတောင်) ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၅ ရက်ကကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေတက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့်ပတ်သက်သည်များကို ခရိုင်အတွင်းရှိ မြို့နယ်ပေါင်း ရှစ်မြို့နယ်မှ ပြိုင်ပွဲဝင် ၁၈၇ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

တံခွန်စိုက်ဆုရရှိသည့် ရွှေပြည်သာမြို့နယ်အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဘဏ္ဍာ/ အခွန်ဝန်ကြီးဒေါ်စန်းစန်းနွယ်က ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

မြင့်ဦး(အင်းစိန်)

ကမ္ဘာ့ဆရာများနေ့ မွန်ပြည်နယ်တွင် ကျင်းပ

မော်လမြိုင် အောက်တိုဘာ ၁၀

အောက်တိုဘာ ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းရတနာမွန်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးကျင်ဖေ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာန ဆိုင်ရာများ၊ အပူဇော်ခံဆရာ ဆရာမကြီးများနှင့်ပညာရေး မိသားစုမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖတ်ကြားတင်ပြ

ရှေးဦးစွာ အပူဇော်ခံ ဆရာဆရာမကြီးများအား ကျောင်းသားကျောင်းသူလေးများက မြတ်ဆရာတေးသီချင်းဖြင့်ဂါရဝပြုဂုဏ်ပြုသီဆိုဖျော်ဖြေကြသည်။ ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစကားပြောကြားခဲ့ပြီး မွန်ပြည်နယ်ပညာရေးဌာန ဒုတိယညွှန်ကြားရေးမှူး(စီမံ)က ယူနက်စကို၊ ယူနီဆက်ညွှန်ကြားရေးမှူးချုပ်များက ဆရာများသို့ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားတင်ပြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဗဟိုအဆင့်နှင့် ပြည်နယ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်နှင့် ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာလှဦးတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ကျော်ဝင်းအောင်

ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကျင်းပ

မုဒုံ အောက်တိုဘာ ၁၀

မွန်ပြည်နယ် မုဒုံမြို့နယ် ပညာရေးဌာနက ကြီးမှူးကျင်းပသော အောက်တိုဘာ ၅ ရက်တွင် ကျရောက်သော ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို မုဒုံမြို့ အထက (၁) ရှင်အရဟံခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။ **(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဖြူဝင်းက ကုလသမဂ္ဂမှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားကာ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံး ဆုရကျောင်းသား ကျောင်းသူ ၁၂ ဦးတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က ဆုများချီးမြှင့်ခဲ့သည်။

ထောက်ပံ့လှူဒါန်း

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းတွင် မုဒုံမြို့နယ်အတွင်း အသက် ၆၀ နှစ်နှင့်အထက် အငြိမ်းစားဆရာ ဆရာမကြီး ၂၈၂ ဦးတို့ကို ပူဇော်ကန်တော့ပြီး ဝတ္ထုငွေနှင့် လက်ဆောင်ပစ္စည်းများချီးမြှင့်ခဲ့သည်။ စုစုပေါင်း ချီးမြှင့်ငွေကျပ်သိန်း ၅၀ ကျော်ခန့်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

(၁၀၇)

အပူပိုင်းဒေသ
စိမ်းစိုဖို့
သစ်တော
သစ်ပင်တွေ
ထိန်းသိမ်းစို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့တွင် အဆောက်အအုံများအား အထွေထွေပြုပြင်ခြင်းလုပ်ငန်းများဖြစ်သည့် လက်သမားလုပ်ငန်း၊ ပန်းရံလုပ်ငန်း၊ ဆေးသုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** ၃၁-၁၀-၂၀၁၃ရက် မွန်းလွဲ ၁း၀၀နာရီ။

၃။ တင်ဒါပုံစံများကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့တွင် သတင်းစာပါ ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဌာနမှူး ဖုန်း-၀၆၄-၂၄၅၄၆၊ ဌာနခွဲမှူး(ထောက်) ဖုန်း-၀၆၄-၂၃၅၈၀၊ ၀၉-၄၀၂၇၃၉၈၀၅ တို့ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပစ္စည်းဌာနမှ အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ် လုပ်ငန်းဆောင်ရွက်မည့်မြို့အမည်		လုပ်ငန်းအမျိုးအစား
၁။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်	-	သဃ်န်းကျွန်းစာတိုက်၊ ရှေ့မျက်နှာစာ ပေ ၇၀၊ အမြင့် ၆ပေ၊ ခြံစည်းရိုးကာရံခြင်း (၆ပေ×၆ပေ) ချိန်းလင့်ဂိတ်တံခါးနှင့် (၆ပေ×၆ပေ) လူဝင်ပေါက်ပြုလုပ်ခြင်း၊ ဘယ်ဘက်မျက်နှာစာ ခြံစည်းရိုးကာရံခြင်း
၂။ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်	-	သင်တန်းကျောင်းဝင်း အရာရှိနေအိမ် သုံးထပ်ဆောင်အတွက် ရေလှောင်ကန်ဆောက်လုပ်ခြင်း၊ ဂါလန် ၁၂၅၀၀ ဆံ့ (ပေ၂၀×၁၀ပေ×၁၀ပေ)

၂။ တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို တစ်စောင်လျှင် ၁၀၀၀ိ/နှုန်းဖြင့် အောက်ဖော်ပြပါလိပ်စာတွင် ၁၅-၁၀-၂၀၁၃ ရက်မှ ၂၈-၁၀-၂၀၁၃ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

တည်ဆောက်ရေးလုပ်ငန်း၊ စိစစ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ် ၄၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၅၀၁၁၀၊ ၃၈၅၈၅၉၊ ၂၅၆၇၆၁

အမှတ်(၃)သတ္တုတွင်းလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၃) သတ္တုတွင်းလုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ ထုတ်လုပ်ရေးလုပ်ငန်းနှစ်ခုအား ပုဂ္ဂလိကကုမ္ပဏီများနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါ၍ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်၊ မောက်သရက်ဒေသ၊ မြေဖြူထုတ်လုပ်မှုလုပ်ငန်း

(ခ) ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၊ ကျေးကုန်းဒေသ၊ ဒိုလိုမိုက်ထုတ်လုပ်ရေးလုပ်ငန်း

၂။ တင်ဒါပုံစံများကို ၁၀-၁၀-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ တင်ဒါပိတ်ရက်နှင့်အချိန်မှာ ၃၁-၁၀-၂၀၁၃ရက် ၁၆း၀၀နာရီဖြစ်ပါသည်။ တင်ဒါပုံစံနှင့် စည်းကမ်းများဝယ်ယူခြင်း၊ ဈေးနှုန်းလွှာတင်သွင်းခြင်း အသေးစိတ်အချက်အလက်များ စုံစမ်းခြင်းကို သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃)သတ္တုတွင်းလုပ်ငန်း၊ ထုတ်လုပ်ရေးဌာနခွဲ၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၀၁၆၊ ၀၆၇-၄၀၉၁၆၂နှင့် ဆက်သွယ်ရယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့မှ အောက်ပါတည်ဆောက်ရေးနှင့် လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်လိုပါသည်-

(က) (11/0.4 KV) 160 KVA Transformer တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း၊ တည်ဆောက်ခြင်း။

(ခ) ဓာတ်ခွဲခန်းသုံးပစ္စည်း ၁၈ မျိုး၊ စိုက်ပျိုးရေးသုံး ဆေး ၁၁ မျိုး၊ ရော်ဘာခြံသုံး ဖွန်း၊ ခွက်၊ ချိတ်ပစ္စည်းများ၊ တာယာ/ဘက်ထရီများ၊ စက်ဆီ/ချောဆီများ၊ စာရေးကိရိယာနှင့် Computer၊ Copier ၊ Fax တို့အတွက် ဆေးဘူးများနှင့် စာရွက်လိပ်များ။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၅-၁၀-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၆-၁၁-၂၀၁၃ ရက် ၁၃း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါ လိပ်စာများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန	ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်	ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန
ရုံးအမှတ် ၅၀၊ နေပြည်တော်၊	ဖုန်း-၀၆၇-၄၁၆၅၁၂	ရုံးအမှတ် ၅၀၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၁၂၀၊ ၀၆၇-၄၃၁၁၀၄		ဖုန်း-၀၆၇-၄၃၁၃၀၈၊ ၀၆၇-၄၃၁၂၇၅

စိုးနှောင့်ဗျာပွေ

ကုက္ကိုင်းမီးပွိုင့်မှကွေ့ကာ အရှိန်နှင့်ပြေးလာသော လိုင်းကားကို လှမ်းမြင်လိုက်သဖြင့် မှတ်တိုင်သို့ပြေးပြီး လက်ပြတားလိုက်သည်။ သို့သော် မရပ်ပါ။ ကားက အရှိန်မလျှော့ဘဲ လှည်းတန်းဘက်ဆီသို့ မောင်းသွားလေသည်။

တက်မည့်သူတစ်ယောက်တည်းမို့ မတင်ချင်၍လား၊ အင်ဂျင်တစ်ခုခု ဖြစ်နေသဖြင့် လူပိုမတင်ချင်၍လား မသိပါ။ ကျွန်မကတော့ ရင်မောလျက် မှတ်တိုင်တွင် ကျန်ရစ်ခဲ့ပါသည်။ နောက်ကားစောင့်ရမည်။ အနည်းဆုံး မိနစ် ၄၀ ခန့်တော့စောင့်ရမည်။ မိုးထဲလေထဲ၊ သစ်ပင်အောက်မိုးခိုလျက်။

တက္ကသိုလ်ရိပ်သာလမ်းတွင် အင်းစိန်သို့ရောက်သော ဘတ်စ်ကား ယခင်က မရှိ။ လွန်ခဲ့သော လေးလခန့်ကမှ နံပါတ် (၄၈) အထူးယာဉ်များစတင်ပြေးဆွဲလာသည်ကို ဝမ်းမြောက်ဖွယ်မြင်ရသည်။အင်းစိန် (ရွာမ)၊ လှည်းတန်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကလေးဆေးရုံ၊ ရန်ကင်းစာတိုက်၊ ရန်ကင်းစင်တာ၊ တာမွေ၊ ကျောက်မြောင်း၊ မင်္ဂလာဈေး၊ သိမ်ဖြူလမ်း၊ ဆူးလေ၊ စံပြရုံ၊ မြေနီကုန်း၊ လှည်းတန်း၊ သမိုင်း၊ အင်းစိန်(ရွာမ)သို့ လက်ယာရစ်၊ လက်ဝဲရစ် ပြေးဆွဲနေခြင်းဖြစ်သည်။ ကားများကိုမြင်ရတော့ ကျွန်မအပါအဝင် ကျောက်မြောင်း၊ တာမွေ၊ ရန်ကင်း၊ကုက္ကိုင်းနေခရီးသည်များ ယခင်ကလို နှစ်ဆင့်သုံးဆင့်ကားပြောင်းစီးရန်မလိုဘဲ အချိန်တိုတို ငွေ ၂၀၀ နှင့် လိုရာသို့ ရောက်ကြသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကြရသည်။ တစ်စီးနှင့်တစ်စီး မိနစ် ၄၀ခြားပြီးမှ ရောက်လာသော်လည်း ကားပြောင်းစီးရသည်ထက် အချိန် သက်သာ၊ လူသက်သာသဖြင့် (၄၈) ကိုပဲစောင့်ကာ စီးနေကြရသည်။

စီးသာစီးနေရသည်။ သောကမအေးပါ။

ကားပေါ်ရောက်လျှင် စပယ်ယာများ၏ ပြောစကားအရ ကုက္ကိုင်း(တက္ကသိုလ်ရိပ်သာလမ်း)ကိုဖြတ်သန်းပြေးဆွဲနေကြသော ၄၈ အထူးယာဉ်သည် ဝင်ငွေမကောင်းဟုသိရသည်။ ဝင်ငွေမကောင်းလျှင် ပိုင်ရှင်အတွက်လည်း တွက်ခြေမကိုက်၊ စပယ်ယာနှင့် ယာဉ်မောင်းတို့အတွက်လည်းထမင်းဝိုင်းမစို။ ဒီလိုင်းကမြန်မြန်ထွက်တာပဲကောင်းပါတယ်ကွာဟူသောကားဆရာတို့၏အသံကိုအခေါက်တိုင်းလိုလိုနားညည်းအောင်ကြားရသည်။ ကြားရလေတိုင်းသူတို့ဆန္ဒ၊ သူတို့ဆုတောင်းမပြည့်ပါစေနှင့်ဟု ကျွန်မပြန်လည်ဆုတောင်းမိသည်။

လွန်ခဲ့သည့် ငါးနှစ်လောက်က အမှတ် (၄၄) လိုင်းကား အင်းစိန်မှ ကမ္ဘာအေးဘုရားလမ်း ဆူးလေသို့ သွားပြန်ပြေးဆွဲလို့ စီးဖူးသည်။ နောက်တော့ ဝင်ငွေမကောင်းဟုဆိုကာ လိုင်းပိတ်သွားသည်၊ ယနေ့အထိပင်။ ထို့ကြောင့် ယခု (၄၈) အထူးယာဉ်လိုင်း ဝင်ငွေမကောင်းလို့ လိုင်းပိတ်သွားမှာ ကျွန်မအထူးစိုးရိမ်မိပါသည်။

တကယ်တော့ ကားပိုင်ရှင်၊ ယာဉ်မောင်း၊ စပယ်ယာတို့သည်ဝမ်းစာရှာနေကြခြင်းဖြစ်သည်။ ပရဟိတလုပ်ငန်း လုပ်ကိုင်နေခြင်းမဟုတ်ပါ။ ရနိုင်သမျှငွေကိုရှာဖွေကြမည်သာဖြစ်ပါသည်။ သို့သော် ဝင်ငွေမကောင်းလို့ လိုင်းပိတ်သိမ်းလိုက်လျှင် စီးနေကျခရီးသည်များ အဘယ်မျှ ကသီလင်တဖြစ်ကြရသည်ကိုလည်း စဉ်းစားသင့်ပါသည်။ ဤနေရာတွင် ကျွန်မအမြင်လေးတစ်ခု တင်ပြချင်ပါသည်။ ဘတ်စ်ကားများကို ဝင်ငွေကောင်းသောလိုင်းတွင် တစ်လှည့်၊ ဝင်ငွေမကောင်းသော လိုင်းတွင်တစ်လှည့်၊ တစ်လစီဖြစ်ဖြစ်၊ ခြောက်လစီ ဖြစ်ဖြစ် ပြောင်းရွှေ့ပြေးဆွဲစေလျှင် သားရွှေအိုးထမ်းလုပ်ငန်းတစ်ခု မဖြစ်ပေဘူးလား။

မည်သူလုပ်ပေးနိုင်သနည်း။ ယာဉ်ပိုင်ရှင်များလား၊ မထသလား။ ရန်ကုန်မြို့တွင်း၌ မီးပွိုင့်များတွင် ခရီးသည်အတင်အချလုပ်နေသောကား၊ မိုးယို၊ တံခါးပေါက်ဖွင့်မရသောကား၊ ကားခပိုတောင်းသောကား၊ မှတ်တိုင်တွင် တမေ့တမောရပ်နေသောကား၊ ခရီးသည်များကို အတင်းဆွဲ တင်၊ တွန်းချလုပ်နေသောကားများ၊ လမ်းတွင်ကားပျက်ပါက ကားခပြန်မပေးသောကား၊ ကားဂိတ်များတွင် နောက်ဆုံးကားထွက်ချိန်ကို တိတိကျကျ သတ်မှတ်မထားသောကားဂိတ်များ ရှိနေသည်ကို မြင်ရ၊ ကြားရသည်မှာ တော်တော်လေး ဝမ်းနည်းစရာကောင်းလှပါသည်။ သို့သော် အပြောင်းအလဲများဖြစ်ပေါ်နေချိန်မို့ မကြာခင်ကာလတွင် ခရီးသည်အကျိုးပြု အပြောင်းအလဲများ ရန်ကုန်ဘတ်စ်ကားလောက၌ ဖြစ်ပေါ်လာလိမ့်မည်ဟု အကောင်းဘက်မှ မြင်မိပါသည်။

အပြောင်းအလဲကောင်းများကို မျှော်လင့်စောင့်စားနေချိန်တွင် ယခု ကျွန်မနေ့တိုင်း စီးနေသော တက္ကသိုလ်ရိပ်သာကို ဖြတ်လျက် ပြေးဆွဲနေသည့် အမှတ် (၄၈) အထူးယာဉ်လိုင်းကိုတော့ ဝင်ငွေမကောင်းလို့ဟူသော အကြောင်းတစ်ခုကြောင့် လိုင်းပိတ်မသွားပါစေနှင့်ဟု စီးနေကျခရီးသည်များ ကိုယ်စား ဆုတောင်းပြုလျက်. . .။

နုငယ်(ပုသိမ်)

အောင်လံမြို့ တာဝတိံသာဘုရားဆင်း ဝါကျွတ်ပွဲတော်ကျင်းပမည်

အောင်လံ အောက်တိုဘာ ၁၀

မကွေးတိုင်းဒေသကြီး အောင်လံမြို့ ကန်ကြီးရပ်ကွက် သိမ်ကုန်း ဓမ္မာရုံဘုရားကြီးတွင် **(အပေါ်ပုံ)** (၁၁၉)နှစ်မြောက် တာဝတိံသာ ဘုရားဆင်း ဝါကျွတ်ပွဲတော်တွင် ဗုဒ္ဓပူဇာအဖြစ် ဆွမ်းတော်ကြီး ကပ်လှူခြင်း၊တာဝတိံသာဘုရားဆင်း အခမ်းအနားကျင်းပခြင်း၊ ဓမ္မပူဇာ အဖြစ် အဘိဓမ္မာတရားပွဲများကို ဝါတွင်း သုံးလ၊ ရက်ပေါင်း ၉၀ စဉ်ဆက်မပြတ်ကျင်းပခြင်း၊ သံဃာ့ပူဇာ အဖြစ် အောက်တိုဘာ ၂၁ ရက် နံနက် အရုဏ်တက်ချိန်တွင် ဆွမ်း၊ ဆွမ်းဟင်း အပြည့်အဝ ပါဝင်သော သပိတ်များကို မြို့ပေါ်ရှိ ကျောင်းတိုက်ပေါင်း ၇၄တိုက်မှ သံဃာတော်များအား ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်သည်။ စေတနာရှင်များကလည်း အမြို့မြို့အနယ်နယ်မှ ဘုရားဖူးဧည့်ပရိသတ်များကို စတုဒိသာ ထမင်းထုပ်များ ဝေငှဒါနပြုကြမည်ဖြစ်သည်။ ပွဲတော်ကို အောက်တိုဘာ ၁၅ ရက် မှ ၂၁ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(၁၁၉)**

မဟာဗျူဟာဖွံ့ဖြိုးရေးစီမံကိန်း လေ့လာရေးအစီအစဉ်ရေးဆွဲရန် အလုပ်ရုံဆွေးနွေး

ရှာင် အောက်တိုဘာ ၁၀

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာင်မြို့နယ် မဟာဗျူဟာဖွံ့ဖြိုးရေးစီမံကိန်းလေ့လာရေး အစီအစဉ်ရေးဆွဲရန် အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၈ ရက် နံနက် ၁၀ နာရီက ဗထူးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရွာင်မြို့နယ်နှင့် ပင်းတယမြို့နယ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်များရေးဆွဲနိုင်ရန် ဂျာမနီနိုင်ငံအစိုးရနှင့် IID အဖွဲ့တို့၏ ပံ့ပိုးမှုကိုရရှိရန်၊ ဓနုလူမျိုးတို့၏စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်ရန်အလို့ငှာ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်အဖွဲ့အစည်း၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များက စိုက်ပျိုးရေးပညာပေး သင်တန်းများပို့ချရန် ခရီးသွားလာရေးအဖွဲ့အစည်းများဖွံ့ဖြိုးရေး၊ အခြေခံအဆောက်အအုံ ကဏ္ဍဖွံ့ဖြိုးရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ၊ သတ္တုနှင့်သစ်တောကဏ္ဍများ၊ ရေအရင်းအမြစ်ကိုကောင်းမွန်စွာအသုံးချရေး၊ လျှပ်စစ်မီးရရှိရေး၊ ဈေးကွက်အတွက် အသေးစား၊ အလတ်စား လုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို IID The Institute for International Development Myanmar မှ Joern Kristensen ကလည်းကောင်း၊ ရွာင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်က ရွာင်မြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များကိုလည်းကောင်းရှင်းလင်းဆွေးနွေးကြသည်။

အခမ်းအနားတွင် IID အဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဓနုတိုင်းရင်းသားများ၊ ကုန်သည်များ၊ လူမှုရေးအဖွဲ့အစည်းများ၊အထောက်အကူပြုကော်မတီများ၊အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြောင်း သိရသည်။

ထွန်းထွန်းဝင်း (ရွာင်)

အောင်ပန်းမြိုင် လူမှုကူညီရေးအသင်း ဂုဏ်ပြုလွှာပေးအပ်

နေပြည်တော် အောက်တိုဘာ ၁၀

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အောင်ပန်းမြိုင်လူမှုကူညီရေးအသင်းက အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲကို နေသိဒ္ဓိရပ်ကွက်နှင့် ဉာဏသိဒ္ဓိရပ်ကွက်ရှိ သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက်၌ အောက်တိုဘာ ၆ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက် ဩဝါဒါစရိယဆရာတော်ဦးစာရိတ္တထံမှ ငါးပါးသီလခံယူ၍ အောင်ပန်းမြိုင်လူမှုကူညီရေးအသင်းသို့ အလှူငွေများ လှူဒါန်းသော အလှူရှင်များကို တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ ထို့နောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။ အောင်ပန်းမြိုင် လူမှုကူညီရေးအသင်းကို ဩဝါဒါစရိယဆရာတော် ဦးစာရိတ္တ(သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက်) ကျောင်းထိုင်ဆရာတော်က ကြီးမှူး၍ စက်တင်ဘာ ၁၄ ရက်က စတင်တည်ထောင်ခဲ့ပြီး နာရေးကိစ္စများအား အဓိကဦးစားပေးကူညီဆောင်ရွက်လျက်ရှိရာ နာရေးကိစ္စတစ်ခုဖြစ်ပေါ်လာလျှင် အသင်းသို့ ဆက်သွယ်ပါက ဆေးရုံ သို့မဟုတ် နေအိမ်မှ ရေခဲတိုက်သို့ ပို့ဆောင်ပေးခြင်း၊ မီးသင်္ဂြိုဟ်မည့်ရက်တွင် အလောင်းကို ပြင်ဆင်ပေးခြင်း၊ ရေသန့်ဘူး၊ ယပ်တောင်တို့လှူဒါန်းခြင်း၊ ကျန်းမာရေးအတွက် သွေးလှူဒါန်းခြင်း၊ ယာဉ်တိုက်မှုဖြစ်ပွားပါက လူနာများကို ဆေးရုံသို့ ပို့ဆောင်ပေးခြင်းများဆောင်ရွက်လျက်ရှိပြီး အသင်းသို့ ဆက်သွယ်အကူအညီတောင်းခံလိုပါက ဦးစာရိတ္တ(ဆရာတော်) ဖုန်း-၀၉-၃၁၃၄၄၉၃၈၊ ဦးစောလင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဖုန်း-၀၉-၄၉၂၉၈၅၅၃၊ ဦးစန်းမောင် ဖုန်း-၀၉-၄၂၈၁၂၅၁၆၀၊ ဦးစိုင်းဇော်ဇော် ဖုန်း-၀၉-၄၂၀၇၂၈၅၁၉တို့ထံသို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့်။ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။

၂။ မီးစတင် လောင်ကျွမ်းသော အချိန်တွင်ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှုမများနိုင်ပါ။

၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P (Dry Chemical Powder Extinguisher) ဓာတုဗေဒ ပေါင်ဒါမှုန့်ခြောက်မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

မီးသတ်ဦးစီးဌာန

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ဌာနမှ Equipment for Substation Maintenance အတွက် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်-

(၁) Testing Instrument
(၂) Accessories for Transformer
(၃) Control Cable
(၄) SF6 gas bottle
(၅) Steel Ferrule & rope for kWh meter seallng
(၆) Testing Instrument for Communication

တင်ဒါပုံစံ ရောင်းချမည့်ရက် - ၁၁-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၁၁-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊
ရုံးအမှတ် ၂၇၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

သတ္တုတွင်းဝန်ကြီးဌာန
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက်တန်ဖိုး(DDP နေပြည်တော်/ရန်ကုန်)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) ရုံးသုံးပရိဘောဂပစ္စည်း ၈ မျိုး
(ခ) Air Conditioner အပါအဝင် ရုံးသုံးလျှပ်စစ်ပစ္စည်း ၄ မျိုး
(ဂ) စာရေးကိရိယာ ၆ မျိုး
(ဃ) Copier Toner & Printer Toner Catridge ၉ မျိုး
(င) သန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်း ၉ မျိုး
(စ) မြို့ပြရေသွယ်ပစ္စည်း ၇ မျိုး
(ဆ) X-Ray Tube(For XRD-6000 Shimudzu) ၁ မျိုး

၂။ တင်ဒါတင်သွင်းခြင်းကို ၇-၁၀-၂၀၁၃ ရက် မှ ၆-၁၁-၂၀၁၃ ရက် ၁၂း၀၀နာရီ အတွင်း မည်သူမဆိုလွတ်လပ်စွာတင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနစု
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၄၀၇၉

တိုင်းရင်းဆေးသိပ္ပံ
အမှတ်စဉ်(၂၂) ကျောင်းသား ကျောင်းသူများ၏
အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

အနန္တောအနန္တငါးပါးဦးထိပ်ထား၍ တိုင်းရင်းဆေးသိပ္ပံ အမှတ်စဉ်(၂၂) ကျောင်းသားကျောင်းသူများမှ ပထမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော်၇ရက်၊ ၂၆-၁၀-၂၀၁၃ရက်(စနေနေ့)တွင် ရွှေကျင်တိုက်မကြီး မန္တလေးမြို့၌ ဂါရဝတရားနှင့်အညီ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဆရာကြီး ဆရာမကြီးတို့အား ကိုယ်တိုင်ကိုယ်ကျကန်တော့ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

အထက(၁)မြောက်ဥက္ကလာ
(၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

မြောက်ဥက္ကလာပမြို့၊ အထက(၁) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၅ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ပါသဖြင့် ညှိနှိုင်းအစည်းအဝေးများအား ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီမှစ၍ အပတ်စဉ် တနင်္ဂနွေနေ့များတွင် ကျင်းပပါမည်။ အစည်းအဝေးများသို့ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့



ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၉-၂၀၁၃ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ ၁၈ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် G.P ဦးအောင်စိုးထွန်း၏ မြေပုံကူးတွင် ဒေါ်တင်ရီ(ခ)ဒေါ်တင်တင်ဝင်းအစား ဒေါ်တင်ရီ(ခ)ဒေါ်ခင်ခင်ဝင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၂)၊ နဝမတန်းမှ မမြနဒီကျော်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးအောင်ကိုလတ် ဖြစ်ပါကြောင်း။

ဦးအောင်ကိုလတ် ၆/တသရ(နိုင်)၀၄၂၂၆၃

မှုခင်းသတင်းနှင့်ကြော်ငြာ

ဂန့်ဂေါမိုးစိုသစ်နယ်တွင် ပိုင်ရှင်မဲ့သစ်များ ဖမ်းဆီးရမိ

ဂန့်ဂေါ အောက်တိုဘာ ၁၀

ဂန့်ဂေါမြို့နယ်တွင် တရားမဝင်သစ်များ ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်းများကို ဖမ်းဆီးခြင်း၊ ပညာပေးခြင်း၊ အရေးယူခြင်းများ မြို့နယ်သစ်တောဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)**

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် အောက်တိုဘာ ၃ ရက်က ၅ ဒသမ ၁၀ တန်ရှိ ပျဉ်းကတိုးခွဲသား ၂၄ ချောင်း၊ ၂ ဒသမ ၃၄ တန်ရှိ ပျဉ်းကတိုးသစ်လေးလုံး၊ အောက်တိုဘာ ၄ ရက်က ဝ ဒသမ ၁၉ တန်ရှိ ပျဉ်းကတိုးသစ်တစ်လုံး၊ ဝ ဒသမ ၁၈ တန်ရှိ ပိတောက်ခွဲသား တစ်ချောင်း၊ ဝ ဒသမ ၄၉ တန်ရှိ ပိတ်တောက်သစ် တစ်လုံး၊ ၁ ဒသမ ၈၂ တန်ရှိ ပိတောက်ခွဲ သား ၅၄ ချောင်း၊ အောက်တိုဘာ ၅ ရက်က ၁ ဒသမ ၈၀ တန်ရှိ ပျဉ်းကတိုးခွဲသား ကိုးချောင်း၊ ဝ ဒသမ ၈၁ တန်ရှိ ကျွန်းသစ်လုံး သုံးလုံးတို့ကို ဂန့်ဂေါခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းသိန်း၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းကျော်၊ တောအုပ်ကြီး ဦးသန်းဌေးတို့ ပါဝင်သည့်အဖွဲ့က မိုးစိုသစ်နယ်တွင် ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ကြသည်။ အဆိုပါ ဖမ်းဆီးရမိခဲ့သည့်သစ်လုံးနှင့်ခွဲသားများကို မြန်မာ့သစ်လုပ်ငန်းသို့ အမြန်ဆုံး လွှဲအပ်သွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းကျော်၏ ပြောပြချက်အရ သိရသည်။ **(၁၀၁)**

မန္တလေးမြို့၌ ဘိန်းဖြူ ၂၀၄ ဂရမ်နှင့် ဘိန်းဆီခဲ သုံးကီလို ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၀

အောက်တိုဘာ ၆ ရက်တွင် အမှတ်(၁၈)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ထွန်တုံး ရပ်ကွက် ၅၁×၅၂ လမ်းကြားနေ အိုက်စံ(ခ) လောက်စံ(၄၆နှစ်)၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၁၈၈ ဂရမ်နှင့် ဘိန်းဆီခဲ၊ သုံးဂရမ် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၆၆၆၀၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အိုက်စံ(ခ)လောက်စံအား အောင်ပင်လယ်နယ်မြေရဲစခန်း မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူခဲ့သည်။

စစ်ဆေး ဖော်ထုတ်ချက်အရ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင် ရပ်ကွက်၊ ၆၂×၆၃ လမ်းကြားရှိ လွေးသာဟုန်(ခ) တာဟုန်း (၄၇နှစ်)၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ ဘိန်းဖြူ ၁၆ဂရမ်၊ တန်ဖိုးငွေကျပ် ၇၄၂၀၀၀ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား အမှတ် (၃) နယ်မြေရဲစခန်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ကမ်းနားလမ်းနှင့်ဗားကရာလမ်းဆုံ နံနက်ဝေလီဝေလင်းယာဉ်တိုက်မှု

ရန်ကုန် အောက်တိုဘာ ၁၀

အောက်တိုဘာ ၆ ရက် နံနက် ၄ နာရီခွဲက ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းမကြီးနှင့် ဗားကရာလမ်းဆုံ၌ ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းရှိ အလတ်ချောင်းရပ်ကွက်တွင်နေထိုင်သူ ဦးချစ်လွင် (၅၇နှစ်)သည်ကမ်းနားဆိပ် ငှက်ပျောတန်းမှ တက်၍ ကမ်းနားလမ်းမကြီးကို ဖြတ်ကူးစဉ်မြောက်မှတောင်သို့ ယာဉ်မောင်း ကျော်ခင်လှိုင် အသက်(၃၃နှစ်) မောင်းနှင်လာသည့် စူပါကာ စတန်နက်ပြာရောင်စ၈/--ကအရှိန်မထိန်းနိုင်မှုကြောင့် ဝင်တိုက်မိခြင်းဖြစ်သည်။ ယာဉ်အတိုက်ခံရသူကို ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သူနာပြုယာဉ်ဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့သော်လည်း**(ယာပုံ)**နံနက် ၅ နာရီခွဲတွင် သေဆုံးသွားခဲ့ကြောင်း သက်ဆိုင်ရာမှထပ်မံသတင်းရခဲ့သည်။

ယခုကဲ့သို့ အမှောင်အားကောင်းချိန်၊ အမှောင်အားကောင်းသောနေရာများ၌ ယာဉ်မှလူကိုတိုက်မိသွားပါက များသောအားဖြင့် ယာဉ်မောင်းသူတို့မှာ ကိုယ်လွတ်ရုန်းထွက်ပြေးသွားကြသော်လည်း ထိုစူပါကာ စတန်ယာဉ်မောင်းမှာ အတော်ဝေးဝေးအမှောင်တွင် ပျောက်သွားပြီးခါမှ တာဝန်သိစွာ ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်ကိုတွေ့ရှိရသည်။

ယာဉ်တိုက်မှုဖြစ်သောနေရာများမှာ အုန်း၊ ငှက်ပျော၊ ကြံ၊ သစ်သီးနှင့် ဆန်များသယ်ရာ ရောင်းရာနေရာဖြစ်သည်။လှိုင်မြစ်တစ်ဖက်ကမ်းမှ ပြည်သူများ ဒီဘက်ကမ်းသို့လာရာ စုံရပ်ဖြစ်သည်။ ခရီးသွားပြည်သူတို့နှင့်အရောင်းအဝယ်တို့နေ့ညမပြတ်စည်ကားသောနေရာတစ်ခုဖြစ်သည်။ လမ်းမီးဓာတ်တိုင်များအလင်း ရောင်နည်းခြင်း၊ မီးပွိုင့်မရှိခြင်း၊ လူကူးမျဉ်းကျားမရှိခြင်းတို့ကြောင့် ယာဉ်တိုက်မှုများမကြာခဏဖြစ်ပွားသောနေရာတစ်ခုဖြစ်သည်။ ထိုဝန်းကျင်နေပြည်သူများ၏ဆန္ဒအရမီးပွိုင့်တစ်ခုအမြန်ဆုံးထားရှိရန်နှင့် လူကူးမျဉ်းကျားတစ်ခု အမြန်ဆုံးထားရှိရန် လိုအပ်ကြောင်း ထပ်လောင်းကြားသိရသည်။

ကိုကြီးတင်

စကားများရာမှ ဓားထိုးမှုဖြစ်

စစ်ကိုင်း အောက်တိုဘာ ၁၀

အိမ်ရှေ့လမ်းပိတ်ဆို့နေ၍ နွားလှည်းမောင်းမရဖြစ်နေ၍ အိမ်နီးချင်းအား လမ်းဖယ်ပေးရန် ပြောဆိုရာ တစ်ယောက်တစ်ခွန်းစကားများရာမှ အိမ်နီးချင်းသားအဖနှစ်ဦးက ဝိုင်းဝန်းရိုက်နှက်ဓားဖြင့်ထိုးကာ ထွက်ပြေးသွားသည့် လူသတ်မှု စစ်ကိုင်းမြို့နယ် ရှမ်းတပ်ကျေးရွာတွင် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ စစ်ကိုင်းမြို့နယ် ရှမ်းတပ်ကျေးရွာနေ ဦးစိန်မောင်သည် အောက်တိုဘာ ၄ ရက် ညနေ ၆ နာရီက တစ်ရွာတည်းနေသားဖြစ်သူ ကျော်မင်းဇော်၏နေအိမ်သို့ အလည်အပတ် သွားရောက်စဉ် သားဖြစ်သူ ကျော်မင်းဇော်မှာ တောဘက်မှ နွားလှည်းဖြင့် အိမ်ဘက်သို့ ပြန်လာသည်ကို တွေ့ရပြီး အိမ်နီးချင်း မြောက်ဘက်တစ်အိမ်ကျော်နေ အောင်စောလွင်သည် ၎င်းအိမ်ရှေ့၌ လမ်းပိတ်နေသဖြင့် ကျော်မင်းဇော်က နွားလှည်းမောင်းမရ ဖြစ်နေသဖြင့် လမ်းဖယ်ပေးရန် အောင်စောလွင်ကို သွားရောက်ပြောဆိုရာမှတစ်ယောက်တစ်ခွန်းစကားများပြီး အောင်စောလွင်နှင့် ၎င်း၏သားဖြစ်သူ ထက်မြက်၊ ကျော်မင်းဇော်တို့ လုံးထွေးသတ်ပုတ်နေသည်ကို တွေ့ရပြီးသားဖြစ်သူကျော်မင်းဇော်မှာ ဒဏ်ရာများဖြင့်လမ်းပေါ်သို့လဲကျသွားပြီး အောင်စောလွင်နှင့်ထက်မြက်တို့မှာ ထွက်ပြေးသွားကြသည်ကို တွေ့မြင်ရသည်။ အိမ်နီးချင်းနေ ကျော်ခိုင်နှင့် အောင်အောင်တို့က သွားရောက်ကြည့်ရှုရာ ကျော်မင်းဇော်မှာ ရင်ဘတ်တွင်သွေးထွက်ထိုးသွင်းဒဏ်ရာ နှစ်ချက်တွေ့မြင်ရပြီး နေအိမ်သို့ခေါ်ဆောင်လာစဉ် လမ်း၌ကျော်မင်းဇော်မှာ ရရှိသော ဒဏ်ရာများဖြင့် သေဆုံးသွား၍ ဦးစိန်မောင်က သားဖြစ်သူ ကျော်မင်းဇော်အား ဓားနှင့်ထိုးကာထွက်ပြေးတိမ်းရှောင်သွားသော အောင်စောလွင်နှင့်သားဖြစ်သူ ထက်မြက်တို့အား ဥပဒေအရအရေးယူပေးပါရန် စစ်ကိုင်းမြို့မရဲစခန်းသို့ လာရောက်တိုင်တန်းသဖြင့် အောင်စောလွင်နှင့်ထက်မြက်တို့ကို အမှုဖွင့်ပြီး ဆောင်ရွက်လျက်ရှိသည်။ **(၁၃၇)**

လမ်းဆုံတွင် ကားသုံးစီးဆင့်ကဲတိုက်

ရန်ကုန် အောက်တိုဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်းနှင့် တောင်ဥက္ကလာပလမ်းဆုံတွင် အောက်တိုဘာ ၈ ရက် နံနက် ၁၀ နာရီက ကားသုံးစီးဆင့်ကဲတိုက်မှု ဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

ဖြစ်ပွားပုံမှာ သံသုမာလမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသော မာဇဒါဂျစ် ၆ခ/..နှင့် ဒိုင်နာ ၉က/... တို့သည် သစ္စာလမ်းနှင့် သံသုမာလမ်းဆုံအရောက်တွင် တိုက်မိပြီး မာဇဒါဂျစ်ကားမှာ ဒိုင်နာယာဉ်နှင့်ချိတ်ပါသွားပြီး သစ္စာလမ်းသို့ကွေ့ရန် စောင့်ဆိုင်းနေသော ကက ၅က/...ကို ဝင်ရောက်တိုက်မှု ဖြစ်ပွားခဲ့သည်။ ယာဉ်တိုက်မှုတွင် သေဆုံး ဒဏ်ရာရရှိမှု မရှိဘဲ ယာဉ်အမှုစစ်က ဥပဒေအရ ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

၎င်းလမ်းဆုံတွင် မီးပွိုင့်မရှိသဖြင့် ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားနေသဖြင့် မီးပွိုင့်တပ်ဆင်ပေးရန် ပြည်သူများကလိုလားနေကြကြောင်း သိရသည်။ **(ဝ၂၃)**

RIVER VIEW HOTEL

သီတင်းကျွတ်အထူးအစီအစဉ်

20% Discount

10.10.2013 မှ 11.11.2013 ထိ

ပြည်တွင်းပြည်ပဧည့်သည်များ ဈေးနှုန်းချိုသာစွာဖြင့် တည်းခိုနိုင်ပါပြီ။

No.374, Strand Road, Botahtaung Tsp, Yangon, Myanmar.

Tel : 95-01-296731, 95-01-297355

ရွှေမဟာ SMH ရွှေမဟာ SMH အပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း

ရွှေမဟာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့မှအထူးခရီးစဉ်အဖြစ်(၈-၁၁-၂၀၁၃)မှ(၁၅-၁၁-၂၀၁၃)

[illegible]

အမှတ်(၆၃)၊ မြေညီထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်။

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ် ၈၂၇၊ မြေကွက်တည်နေရာအမှတ် ၂၂၊ အောင်ချမ်းသာလမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်း ဦးခင်မောင် ၁၂/သဃက(နိုင်)၀၈၆၇၈၀ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်သန်း ၁၂/သဃက(နိုင်)၁၄၃၆၆၈က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

၁။ မူဆယ်မြို့၊ ကောင်းမူးတုံရပ်ကွက်၊ ရွှေသမင်ကွက်သစ်၊ အကွက်အမှတ်(၁၁၊ ၁၈)၊ ဧရိယာ ဝဒသမ ဝ၉၆ဧကစီရှိ မြေကွက်နှစ်ကွက်အား မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်တွင် ဦးဘရန်ဆိုင်း(ကေဒီအေ) (ဘ) ဦးဇော်နန် ၁၃/လရန(နိုင်)ဝ၉၁၆၅၄ အမည်ဖြင့် မြေနေရာချထားပေးခဲ့ပါသည်။

၂။ အဆိုပါမြေကွက်နှစ်ကွက်အား ဦးဘရန်ဆိုင်း၏ သဘောတူခွင့်ပြုချက်အရ ကောင်းခါးပြည်သူ့စစ်(ဌာနေ)အဖွဲ့၏အမည်ဖြင့် ပြန်လည်ပြောင်းလဲပြင်ဆင်ပေးရန် ဦးဘရန်ဒီး ၁/မကန(နိုင်)ဝဝ၅၃၈၅ မူဆယ်ဆက်ဆံရေးဌာန ကောင်းခါးပြည်သူ့စစ်(ဌာနေ)တာဝန်ခံမှ တင်ပြလာမှုအပေါ် မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားအပြည့်အစုံဖြင့် ကြော်ငြာသည့်ရက်မှ ၂၁ရက်အတွင်း မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖုန်း-၀၈၂-၅၀၅၀၃၊ ၀၈၂-၅၀၆၉၀

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ

[illegible] (LL.B)

[illegible]

အမှတ် (၅၈၅/၅၈၇) MAC TOWER [illegible]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ ၈ လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၁)၊ မြေကွက်အမှတ်(၁၀၂/၁)၊ ဧရိယာပေ(၃၀×၅၇)၊ စတုရန်းပေ ၁၇၁၀ရှိ၊ မြေအမျိုးအစား နှစ် ၆၀ ဂရန်မြေဟု ခေါ်တွင်သောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ခင်လှ(ခ)ဒေါ်ခင်ခင် ၁၂/ဥကတ(နိုင်)၁၀၂၆၉၂ အမည်ပေါက်ပြီး ၎င်းထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၈၉၃၆/၂၀၁၃ရရှိသူ ဒေါ်ညိုမီလှိုင် ၁၂/တမန(နိုင်)၀၇၆၁၂၇က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ပစ္စည်းဖြစ်ပြီး အပေါင်အနှံ့အရှုပ်အရှင်းကင်းရှင်း၍ ၎င်းတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်တင်တင်လှိုင်	ဒေါ်ခင်မာနွယ်	ဒေါ်ဌေးဌေးဝင်း
LL.B	LL.B,D.B.L	LL.B,D.I.L

တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ
အမှတ်-၃/ခ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၄၀၈၁၄၊ ၀၉-၇၃၀၇၁၇၉၂

မြန်မာနိုင်ငံသားများ ကမ္ဘာ့နိုင်ငံအသီးသီး၌ ကြိုက်သည့်ငွေကြေး ထုတ်ယူနိုင်သည့် ငွေထုတ်ကတ်

ရန်ကုန် အောက်တိုဘာ ၁၀

နိုင်ငံတကာတွင် ငွေကြေးစနစ်များကို ဝန်ဆောင်မှုပေးရာတွင် ခေတ်မီနည်းစနစ်များဖြင့် အသုံးပြုလျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း နိုင်ငံသားများ ပြည်ပနိုင်ငံများသို့ ခရီးသွားသည့်အခါ အသုံးပြုနိုင်သည့် CB Bank EASI Travel Master Card ကို စတင်အသုံးပြုနိုင်တော့ မည်ဖြစ်သည်။

ယင်းကတ်သည် မြန်မာနိုင်ငံတွင် ပထမဆုံးဖြစ်ပြီး ကမ္ဘာ့နိုင်ငံပေါင်း ၂၁၀ခန့်တွင် ကွန်ရက်ချိတ်ဆက်ကာ ငွေကြေးဝန်ဆောင်မှုများပေးနေသော Master Card နှင့် CB Bank တို့က အနီးကပ် ပူးပေါင်းဆောင်ရွက်ကာ EASI Travel Master Card ကို မြန်မာနိုင်ငံတွင် အသုံးပြုနိုင်ရန် ကြိုးစားခဲ့ရာမှ အကောင်အထည်ပေါ်လာခြင်းဖြစ်သည်။

“ကျွန်တော်တို့ CB Bank က မြန်မာနိုင်ငံမှာပထမဆုံးအီလက်ထရွန်နစ် ငွေပေးချေမှုများကို စတင်ခဲ့တာဖြစ်ပြီး အခုလို တစ်ကမ္ဘာလုံးမှာ အသုံးပြုနိုင်တဲ့ ကြိုတင်ငွေပေးချေရတဲ့EASI Travel Master Card ကို နိုင်ငံတကာသို့ ခရီးသွားရောက်ကြမယ့် မြန်မာနိုင်ငံသားတွေအတွက် ဘယ်နိုင်ငံရောက်ရောက် ငွေကြေးထုတ်ယူသုံးစွဲမှု အဆင်ပြေစေအောင် ကြိုးစားဆောင်ရွက်ပေးထားခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာကြီးတစ်ခုလုံးအတွက် ပွင့်လင်းလာပြီဖြစ်သလို ကမ္ဘာကြီးတစ်ခုလုံးကလည်း မြန်မာနိုင်ငံသားတွေအတွက်ပွင့်လင်းလာပြီဖြစ်လို့ နိုင်ငံရပ်ခြားကို ခရီးသွားတဲ့အခါ လုံခြုံစိတ်ချရပြီး ငွေအများကြီးသယ်ဆောင်သွားစရာမလိုဘဲ ကမ္ဘာ့နိုင်ငံပေါင်း ၂၀၀ ကျော်မှာရှိတဲ့ ATM များမှာ ငွေထုတ်ယူနိုင်မှာ ဖြစ်ပါတယ်”ဟုCB Bank၏ အမှုဆောင်ဒုတိယဥက္ကဋ္ဌနှင့် CEO ဖြစ်သူ ဦးကျော်လင်းက ပြောပြသည်။

EASI Travel Master Card သည် နိုင်ငံခြားတိုင်းပြည်များတွင်ရှိသော စားသောက်ဆိုင်များ ဟိုတယ်များ၊ ရှောပင်းစင်တာများ၊ ဆေးရုံများ စသည်တို့တွင် အသုံးပြုနိုင်သည့်အပြင် အွန်လိုင်းငွေပေးချေမှု ပြုလုပ်ရန် ယင်းကတ်ကိုအသုံးပြုနိုင်မည်ဖြစ်သည်။ မိမိရောက်ရှိနေသည့် နိုင်ငံ၏ ငွေကြေးကိုလည်း ထုတ်ယူသုံးစွဲနိုင်သည့်အပြင် ယင်းနိုင်ငံ၏ လက်ရှိအချိန် ငွေကြေးပေါက်ဈေးအတိုင်း ATM စက်မှ ထုတ်ယူနိုင်မည်ဖြစ်သည်။

သတင်းဆောင်းပါး - မောင်သစ္စာ
ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

EASI TRAVEL PREPAID Master Card ဆိုသည်မှာ ချက်လက်မှတ်များဖြင့် ငွေပေးချေခြင်းနှင့် ငွေသား သယ်ဆောင်ပေးချေခြင်းတို့နေရာတွင် အစားထိုးအသုံးပြုသည့် စရိတ်သက်သာပြီး လုံခြုံစိတ်ချရသော နိုင်ငံတကာငွေပေးချေနိုင်သည့် ကတ်ဖြစ်သည်။

အဆိုပါကတ်ကို အသက် ၂၁နှစ်ပြည့်ပြီးသူများ လျှောက်ထားနိုင်ပြီး ၄င်းကတ်ထဲသို့ ငွေဖြည့်သွင်းမည်ဆိုပါက ကနဦးစာရင်းဖွင့်သည့်အခါ အမေရိကန်ဒေါ်လာ ၅၀ဖြင့် စတင်စာရင်းဖွင့်ရမည်ဖြစ်ပြီး အများဆုံးထည့်သွင်းနိုင်သည့် ငွေကြေးမှာ အမေရိကန်ဒေါ်လာ၅၀၀၀သို့မဟုတ် ၄င်းနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့် ပေးသွင်းရမည်ဖြစ်သည်။ အနည်းဆုံး ကတ်ထဲတွင်ချန်ထားရမည့်ငွေပမာဏမှာအမေရိကန်ဒေါ်လာ ၂၀ သို့မဟုတ် ယင်းနှင့်ညီမျှသော မြန်မာကျပ်ငွေဖြစ်သည်။ ကတ်ထဲ ငွေမည်မျှကျန်သည်ကို ကတ်နောက်ကျော၌ရှိသော Hot Line ဖုန်းနံပါတ်ဖြင့် ဆက်သွယ်မေးမြန်းနိုင်သည်။

ယခုကတ်ကို အသုံးပြုခြင်းဖြင့် ကျောင်းသားများ အွန်လိုင်းပေါ်မှ စာမေးပွဲကြေးပေးသွင်းခြင်း၊ လိုအပ်သောအချက်အလက်များဝယ်ယူခြင်း၊ ပြည်ပသွားရောက်သည့်အခါနှင့် သင်တန်းတက်သည့်အခါအသုံးပြုနိုင်ခြင်း၊ စီးပွားရေးသမားများ၊ ပြည်ပသို့ ဆေးကုသခံယူသည့်သူများအတွက် လုံခြုံစိတ်ချလွယ်ကူစွာ အသုံးပြုနိုင်သောကတ်ဖြစ်သည်။**(မြန်မာ့အလင်း)**

ကုန်တင်ကုန်ချ အလုပ်သမားများအား ချေးငွေထုတ်ပေး

ဗန်းမော် အောက်တိုဘာ ၁၀

ဗန်းမော်မြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချအလုပ်သမားများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မြို့နယ်အတွင်း ဖွဲ့စည်းထားရှိသည့် ကုန်တင်ကုန်ချအလုပ်သမား အစုအဖွဲ့ (၁၁)ရှိ အလုပ်သမား ၆၂ ဦးအား ချေးငွေကျပ် ၃၂ သိန်းပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၄ရက် နံနက် ၁၁နာရီက မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ကျင်းပရာ မြို့နယ်သမဦးစီးမှူး ဦးညွန့်အောင်က ချေးငွေများကို ပေးအပ်ရာ အလုပ်သမား ခေါင်းဆောင် ဦးသန်းဦးက လက်ခံရယူပြီး အစုအဖွဲ့ခေါင်းဆောင်များသို့ ခွဲဝေ၍ ပြန်လည်ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

နယ်သတင်းနှင့်ကြော်ငြာ

သီတင်းကျွတ်ရိုးရာ မီးပုံးအရုပ်လုပ်ငန်းများစတင်

ပခုက္ကူ အောက်တိုဘာ ၁၀

သီတင်းကျွတ် မီးထွန်းပွဲတော်အတွင်း ပခုက္ကူမြို့ပေါ်နှင့် နယ်ဒေသကျေးရွာများတွင် တရုတ်နိုင်ငံလုပ်မီးပုံးလုပ်ငန်းများ ခေတ်စားလာခဲ့ပြီး မြန်မာ့ရိုးရာ မီးပုံးလုပ်ငန်းမှာ တရုတ်နိုင်ငံလုပ် မီးပုံးထက် သုံးစွဲသူနည်းပါးလာခဲ့သည်။

ပခုက္ကူမြို့ပေါ်ရှိ ရွှေသည်စုရပ်နှင့် သီဟိုဠ်ရှင်ဘုရားကြီးအနီးတို့တွင် မြန်မာ့ရိုးရာ ကလေးကစားစရာအရုပ်များဖြစ်သည့် ကား၊ သင်္ဘော၊ ဟယ်လီကော်ပတာ၊ ငှက်ရုပ်စသည့်အပြင် ချိတ်ဆွဲစရာ အသည်းပုံ၊ ကြယ်ပုံ၊ ပန်းပွင့်ပုံ၊ စတုဂံပုံမီးအိမ်ကလေးများစသော ရိုးရာကစားစရာ စက္ကူ မီးပုံးလုပ်ငန်းများ ပြန်လည်လှုပ်ရှားဆောင်ရွက်လာပြီဖြစ်သည်။

မြန်မာ့ရိုးရာ လက်မှုပညာရပ်တစ်ခုဖြစ်သည့် စက္ကူမီးပုံး အရုပ်ဈေးကွက်သည် ပခုက္ကူမြို့ပေါ်တွင်သာမက ကျေးလက်နှင့်အခြားမြို့များအထိ ပြန့်နှံ့လျက်ရှိရာ ဝါးဖြင့်နှီးပါးလေးများရအောင် ခွဲစိတ်ခြင်း၊ ပုံစံချိုးခြင်း၊ ရောင်စုံစက္ကူကပ်ခြင်း၊ ဆေးရေးပန်းချီဆွဲခြင်းလုပ်ငန်းဖြင့် အဆင့်ဆင့် လုပ်ကိုင်ရကြောင်းလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မြန်မာ့ရိုးရာ မီးပုံးလုပ်ငန်းသည် ဝါခေါင်လအတွင်း ဝါး၊ ရောင်စုံစက္ကူ ဘီးလုံးအဝိုင်းပြားကလေးများစုဆောင်းထားပြီး သင်္ဘောမီးပုံးတို့အပြင် ပစ်တိုင်းထောင်ရုပ်၊ ဖိုးဝရုပ်၊ ဇီးကွက်ရုပ် စသည့် မြန်မာ့ရိုးရာကလေးကစားစရာ လာဘ်အဆောင် အရုပ်ကလေးများကို ပြုလုပ်လေ့ရှိပြီး အမျိုးအစားအလိုက် ကျပ် ၅၀၀ မှ ကျပ် ၂၀၀၀ အထိ အမျိုးမျိုးရှိကြောင်း ကိုယ်တိုင်ထုတ်လုပ်ရောင်းချသူတစ်ဦးက ပြောသည်။

အောင် (မန်းတက္ကသိုလ်)

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနား တက်ရောက်

ပုသိမ် အောက်တိုဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဥပဒေချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ တာဝန်ရှိတိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဧရာဝတီတိုင်းဒေသကြီး ၂၆ မြို့နယ်မှ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ/ဆရာမများ၊ ဆုရကျောင်းသား/ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်အတူ ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရတနာတန်ဆောင်ခန်းမ၌ ကျင်းပပြုလုပ်သည့် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနား တက်ရောက်ခဲ့သည်။

ထို့နောက်ယနေ့နိုင်ငံတော်သည် စည်ကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်လျက်ရှိရာမှာ အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရေးသည်လွန်စွာအရေးကြီးပါကြောင်း။

ဆက်လက်၍ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ယူနက်စ်ကို ညွှန်ကြားရေးမှူးချုပ်၊ အိုင်အယ်လ်အို ညွှန်ကြားရေးမှူးချုပ်၊ ယူအန်ဒီပီအုပ်ချုပ်ရေးမှူး၊ ယူနီဆက်အမှုဆောင်ဒါရိုက်တာနှင့်နိုင်ငံတကာပညာရေးအထွေထွေအတွင်းရေးမှူးချုပ်တို့ထံမှ ပေးပို့သော သဝဏ်လွှာအားဧရာဝတီတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးကြည်အောင်က ဖတ်ကြားခဲ့သည်။

ထို့နောက်ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင်က ၂၀၁၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများကိုလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်တရားသူကြီးချုပ် ဦးသန်းထွန်းက အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသူများကိုလည်းကောင်း၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးမောင်မောင်ဝင်းက အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများကိုလည်းကောင်း၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)ဦးဉာဏ်ဌေးက အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသူများကိုလည်းကောင်း အသီးသီးဆုများချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ပုသိမ်မြို့ အမက (၉) ကျောင်းသား၊ ကျောင်းသူများက “အာစရိယဆရာများသို့” သီချင်းဖြင့်လည်းကောင်း၊ အမက(၂၀) ကျောင်းသား၊ ကျောင်းသူများက “ဥယျာဉ်မှူး၏ ပန်းပျိုးလက်” သီချင်းဖြင့်လည်းကောင်း၊ အမက(၂၄) ကျောင်းသား၊ ကျောင်းသူများက “မြင့်မြတ်နှလုံးသားပိုင်ရှင်” သီချင်းဖြင့်လည်းကောင်း အသီးသီးတေးသရုပ်ဖော်ဂုဏ်ပြုဖျော်ဖြေခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည်ဖိတ်ကြားထားသောဧည့်သည်တော်များနှင့်အတူ ၂၀၁၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် လှုပ်ရှားဆောင်ရွက်မှုပြခန်းများကိုလှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆိုက်ကာရေးတီး ခရိုင်အဆင့်ပြိုင်

တောင်ငူ အောက်တိုဘာ ၁၀

၂၀၁၃ခုနှစ် အကြိမ်(၂၀)မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အဆင့် လူရွေးချယ်ပွဲကို အောက်တိုဘာ ၂ရက် နံနက် ၉နာရီက တောင်ငူမြို့နယ် ခပေါင်းခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ တောင်ငူခရိုင်အတွင်းရှိ မြို့နယ်များမှ ပြိုင်ပွဲဝင် ၂၈ ဦးက မဟာဂီတ၊ ကာလပေါ်၊ ခေတ်အကြိုက် အဆိုခြောက်မျိုး၊ ဆိုင်းအဖွဲ့လိုက် အတီးတစ်မျိုး စုစုပေါင်းဘာသာရပ်ခုနစ်မျိုးတို့အတွက် လူစိစစ်ရွေးချယ်ကြသည်။

(ခရိုင် ပြန်/ဆက်)

မွေးနေ့မင်္ဂလာဆုတောင်း

၁၁-၁၀-၂၀၁၃ရက်တွင် ကျရောက်သော ချစ်ပါးပါး ဒေါက်တာအေးကိုကို (သားဖွား၊ မီးယပ်အထူးကုဆရာဝန်ကြီး၊ ရွှေဘိုပြည်သူ့ဆေးရုံကြီး)၏ မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်ဇနီး၊ ချစ်သမီးများနှင့်အတူ အောင်မြင်ပျော်ရွှင်ချမ်းမြေ့သောမိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်ဇနီး - ဒေါက်တာခိုင်ခိုင်ထွန်း
ချစ်သမီးများ - ဒေါက်တာမြတ်မွန်ထိုက်
- မလင်းသီရိဝေ (1 st yr, M.C.C.I)
- မမေမြတ်နိုးကို (Grade-9 CAE)

အောက်တိုဘာဆုတောင်း

၁၁-၁၀-၂၀၁၃ ရက်က ဖေဖေ ဦးအေးပိုင် မွေးနေ့
၁၃-၁၀-၂၀၁၃ ရက်က ဖေဖေနဲ့ မေမေတို့ရဲ့ နှစ်(၃၀)မြောက် မင်္ဂလာရက်မြတ်နေ့
၁၄-၁၀-၂၀၁၃ ရက်က မောင်လေး ဒေါက်တာသက်ပိုင်ဆက် မွေးနေ့
၂၇-၁၀-၂၀၁၃ ရက်က မေမေ ဒေါ်စန်းစန်းရွှေ မွေးနေ့
အောက်တိုဘာလ မင်္ဂလာရက်မြတ်ရှင် ဖေဖေ၊ မေမေနှင့် မောင်လေးတို့ အားလုံး ကောင်းကျိုးအဖြာဖြာနဲ့ ပြည့်စုံပါစေရှင်

သမီး- စုသက်ပိုင်အေး
ခေတ္တ-စင်ကာပူ

ကန့်ကွက်နိုင်ပါကြောင်း

၁။ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဦးဆွမ်လွတ်ဂမ် ဦးဆောင်သော ကေအိုင်အို ဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့တို့သည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မနောကွင်းအတွင်းရှိ မဂ္ဂယ်ခန်းမတွင် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၈ ရက်မှ ၁၀ ရက်နေ့အထိ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ ဤဆွေးနွေးပွဲတွင် လေ့လာသူများ (Observers) အဖြစ် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Vijay Nambiar ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အာရှရေးရာအထူးကိုယ်စားလှယ် Mr. Wang Ying Fan ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၁၀)ဖွဲ့မှကိုယ်စားလှယ်များ၊ ကချင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်(၄)ဦး၊ ကချင်ပြည်နယ်အတွင်းရှိ တရားဝင်နိုင်ငံရေးပါတီများဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစု၊ တိုင်းလိုင်(ရှမ်းနီ) အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ ကိုယ်စားလှယ်များ၊ ကချင်လူမျိုးများ၊ ရိုးရာယဉ်ကျေးမှုဗဟိုကော်မတီနှင့်

စာမျက်နှာ ၆ ကော်လံ ၁ ▲

ဖောင်းပြင်မြို့နယ်တွင် မိုးများရွာသွန်းမှုကြောင့် တံတားကျိုးမှုဖြစ်ပွား

ဖောင်းပြင် အောက်တိုဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် အောက်တိုဘာ ၇ ရက် နံနက်ပိုင်းမှစတင်၍ မိုးများရွာသွန်းခဲ့ရာ တောင်ကျမိုးရေများကြောင့် မြို့နယ်အတွင်းရှိ ချောင်းများရေကြီးမှုဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ချောင်းရေနှင့်အတူ အမှိုက်ဒိုက်များ မျောပါခဲ့သဖြင့် သဏ္ဌာယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း ဗျူဟာလမ်းပေါ်ရှိ ကောက်စားချောင်းပေါ်တွင် တည်ဆောက်ထားသော တံတားအမှတ် (၅/၁၃၆) ပေ ၁၂၀ရှိ ကောက်စားတံတား ပေ ၆၀ ခန့်သည် အောက်တိုဘာ ၇ ရက် ညနေ ၄ နာရီခွဲခန့်က ချောင်းရေနှင့်အတူ ကျိုးကျမျောပါသွားခဲ့သည်။ **(ယာပုံ)**

ထိုသို့မျောပါသွားခဲ့သဖြင့် တာဝန်ရှိသူများက လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးဆောင်ရွက်လျက်ရှိပြီး ထိုနေ့မိုးရွာသွန်းခဲ့သည့် မိုးရေချိန်အမှတ်မှာ ၂ ဒသမ ၀၅ လက်မ ရှိခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း

၂၀၁၃ခုနှစ်၊ အောက်တိုဘာ ၁၁ရက်၊ သောကြာနေ့။

SUPER
စူပါလီမွန်တီး



ခရီးသွား

သူ့မြေမှာဖြူပြာပွင့်ရင်ဖြင့် ကိုယ့်မြေမှာ နီဝါတင့်ရမယ်

စာ-၃



လူမှုစီးပွား

လွိုင်ကော်မြို့၌ မြို့ပြနှင့်ကျေးလက် ကူးလူးဆက်ဆံမှု တိုးတက်

စာ-၅

ကြော်ငြာ

ကမ္ဘာ့သစ်မီဒီယာ စီးပွားရေး ရောင်စုံကြော်ငြာများ



အာဆင်နယ်ရဲ့ လျှို့ဝှက်ကစားသမားလို့ဆိုရတဲ့ ဖလာမီနီ

စာ - ၂

မျှော်လင့်ချက် ခပ်ပါးပါးအောက်က ပေါ်တူဂီရဲ့လားရာ

စာ - ၂

ဖလာမီနီ

နိုဝင်ဘာလကုန်ပိုင်းတွင် ဗြိတိန်လက်ရွေးသမား ချီဆိုရာ ဥရောပဟဲဗီးဝိတ်ချန်ပီယံ ခါးပတ်ကာကွယ်ပွဲ ထိုးသတ်မည်

စာ - ၇

1 2 3 4 Mobile Special

အမှတ်(၁၀၀)၊ လသာလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

Email:1234mobilespecial@gmail.com

www.facebook.com/onetwothreefourmobilespecial

1 2 3 4 Mobile Special မှ ဖုန်းမြတ်နိုးသူတွေအတွက် စိတ်ဝင်စားစရာကောင်းအောင် ချိုသာလွန်းသောဖုန်းဈေးနှုန်းကို ၁ ခါ (တစ်ခါ) လောက်လာကြည့်ပြီး ဖုန်းမြတ်နိုးသူ၏ မည်သည့်ဆိုင်တွင်ဝယ်သည့် ဖုန်းကိုမဆို Software Service များကို 30-9-2013 မှ 30-11-2013 အထိ အခမဲ့ (အခမဲ့) ထည့်သွင်းပြီး ဝန်ဆောင်မှုပေးသည်။ အမှတ်တရလက်ဆောင် များကိုလည်း ရယူနိုင်ပါသည်။

❖ One Two Three Four Mobile Special မှ ဖုန်းပြုပြင်ခြင်း (Hardware Service)များကို ချိုသာသော ဈေးနှုန်း ကောင်းမွန်သေသပ်သော လက်ရာများဖြင့် ပြုပြင်ဝန်ဆောင်မှုပေးနေပါသည်။

လက်ရှိပွဲစဉ် (၇)အပြီးမှာ အာဆင်နယ်ကို ကြည့်မယ်ဆိုရင် ရမှတ် ၁၆ မှတ်နဲ့ ထိပ်ဆုံးမှာ ရှိနေတယ်။ ဒါကြောင့် ပြီးခဲ့တဲ့ရာသီတွေနဲ့ ယှဉ်ရင်တော့ အလွန်ကို ကောင်းမွန်တဲ့အနေအထားလို့ ပြောရမှာပါ။ ဒါကြောင့် ဒီရာသီမှာမန်နေဂျာ အာဆင်ဝင်းဂါးရဲ့ လူခေါ်ယူမှုဟာမှန်ကန်တယ်လို့ ပြောရမှာပါ။ အာဆင်နယ်အသင်းအနေနဲ့ ဒီနှစ်ရာသီမှာ အဓိကခေါ်ယူထားတယ်လို့ ပြောလို့ရတဲ့ ကစားသမားတွေက ဆာနာဂို၊ ဖလာမီနီနဲ့ အိုဇေးလ်တို့ ဖြစ်ပါတယ်။ အဲဒီထဲမှာမှ ဖလာမီနီကတော့ အာဆင်နယ်အတွက် တစ်ကျော့ပြန် ရောက်ရှိလာခဲ့တဲ့သူလို့ ပြောရမှာပါ။

အာဆင်နယ်ရဲ့လျှို့ဝှက်ကစားသမားလို့ ဆိုရတဲ့ ဖလာမီနီ

အောင်က

ဖလာမီနီဟာ ပထမကြိမ်က အာဆင်နယ် အသင်းမှာ ၂၀၀၄ ခုနှစ်ကနေ ၂၀၀၈ ခုနှစ်အထိ ကစားခဲ့တာဖြစ်ပြီး အသင်းနဲ့အတူ နောက်ဆုံးဆုဖလားလို့ ပြောလို့ရတဲ့ အက်ဖ်အေဆုဖလားတို့ကို ရယူနိုင်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့သူဟာ အေစီမီလန်အသင်းကို အလွတ် ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့ သွားခဲ့ပါတယ်။ ဒါပေမယ့်အဲဒီအချိန်ကတည်းက ဖလာမီနီက သူ့ရဲ့နှလုံးသားထဲမှာ အာဆင်နယ်အသင်းဟာ အမြဲတမ်းရှိနေပြီး အာဆင်နယ်ရဲ့ ထာဝရပရိသတ်တစ်ဦးပါလို့တောင် ပြောဆိုခဲ့ပါတယ်။ ဒါကြောင့်လည်း သူဟာ အေစီမီလန်အသင်းမှာ ငါးနှစ်ကြာ ကစားခဲ့ပြီးတဲ့နောက်မှာ သူ့ရဲ့အသင်းဟောင်း အာဆင်နယ်နဲ့ သူ့ရဲ့ ဆရာဟောင်းဖြစ်တဲ့ အာဆင်ဝင်းဂါးရဲ့ ရင်ခွင်ကို ပြန်လည်ခိုဝင်လာခဲ့ပါတယ်။ လက်ရှိအခြေအနေနဲ့ပွဲထွက်ခွင့်ကို ကြည့်မယ်ဆိုရင်တော့ အခုလိုအသင်း ဟောင်းကို တစ်ကျော့ပြန်လာခဲ့တဲ့ ကစားသမားတွေထဲမှာတော့ ဖလာမီနီဟာ နေရာပေးခံရတဲ့ ကစားသမားတစ်ဦးလို့ ပြောရမှာပါ။ ဒါ့အပြင် သူ့ရဲ့ ဆရာဖြစ်တဲ့အာဆင်ဝင်းဂါးကိုယ်တိုင်က "ဖလာမီနီဟာ အသင်းရဲ့ခံစစ်ပိုင်းနဲ့ တိုက်စစ်ပိုင်းကို အကောင်းဆုံးထိန်းညှိပေးနိုင်တဲ့ ကစားသမားတစ်ဦးပါ။ သူဟာအသင်းအတွက်တော့ မထင်ပေါ်တဲ့ လျှို့ဝှက်ကစားသမားတစ်ဦးလို့လည်း ပြောရမှာပါ။ ဒါကြောင့် ဒီနှစ်နွေရာသီမှာ သူ့ကို ပြန်လည်ခေါ်ယူနိုင်ခဲ့ခြင်းဟာ ကျွန်တော့်အတွက် ကံကောင်းမှုတစ်ခုလို့ ပြောရမှာပါ" ဟုလည်း ပြောဆိုခဲ့ပါတယ်။ ဒါ့အပြင် ဖလာမီနီရဲ့ လက်ရှိအသက်အရွယ်နဲ့ ကြံ့ခိုင်မှုဟာလည်း အာဆင်ဝင်းဂါးအတွက်တော့ အားရကျေနပ်စရာပါပဲ။ သူ့ရဲ့အသက်ဟာ ၂၉ နှစ်ဆိုတာ ကစားသမားတစ်ဦးအတွက်တော့ အရွယ်ကောင်းလို့ ပြောရမှာပါ။ သူဟာအသင်းရဲ့ တိုက်စစ်ပိုင်းသာမက ခံစစ်ပိုင်းမှာပါ ပံ့ပိုးကူညီမှုတွေ အများကြီးရရှိပါ တယ်"ဟု အာဆင်ဝင်းဂါးက ထပ်မံပြောဆိုခဲ့သည်။

ဒါပေမယ့် ဖလာမီနီဟာ အသင်းကို ရာသီအစကတည်းက ပြန်ရောက်ရှိခဲ့ပေမယ့် စပါးနဲ့ပွဲမှာ စတင်ပါဝင်ပွဲထွက်ခွင့်ရရှိခဲ့ပါတယ်။အဲဒီပွဲဟာသူ့အတွက်တော့ အသင်းဟောင်းမှာ ပထမဦးဆုံးအကြိမ် ခြေစွမ်းပြသခွင့်ရရှိခဲ့တဲ့ညလို့ ပြောရမှာပါ။ ဒါပေမယ့်အဲဒီပွဲမှာ သူဟာပွဲချိန်ပြည့် ပါဝင်ကစားခွင့်မရရှိခဲ့ပေမယ့် သူ့ရဲ့ဆရာဟောင်းအာဆင်ဝင်းဂါးရဲ့ ယုံကြည်မှုကို အပြည့်အဝ ပြန်လည်ရရှိခဲ့တဲ့ညလို့ ပြောရမှာပါ။ ဒါကြောင့်လည်း အာဆင်ဝင်းဂါးဟာ နောက်ပိုင်းပွဲတွေတိုင်းမှာ သူ့ကိုယုံကြည်ကိုးစားစွာနဲ့ ပွဲချိန်ပြည့်အသင်းမှာ ပါဝင်ကစားစေခဲ့ပါတယ်။ ဒါပေမယ့်အာဆင်ဝင်းဂါးရဲ့ ယုံကြည်မှုကို ဖလာမီနီက အလွဲသုံးစားလုပ်ခြင်းတော့ မရှိပါဘူး။ သူဟာအာဆင်ဝင်းဂါးယုံကြည်သလိုပဲ အသင်းအတွက် တိုက်စစ်ပိုင်းတွေနဲ့ ခံစစ်ပိုင်းတွေမှာ အင်ပြည့်အားပြည့်နဲ့ အကောင်းဆုံးထိန်းညှိ ကစားပေးထားပါတယ်။ သူပါဝင်ကစားခဲ့တဲ့ပွဲတိုင်းမှာလည်း အသင်းဟာ ရှုံးပွဲမရှိသေးသလို ပေးဂိုး ၁ဂိုးထက်ပိုပြီးပေးရတဲ့ပွဲလည်း မရှိသေးပါဘူး။

ဒါကြောင့်အာဆင်နယ်အသင်းရဲ့ တစ်ကျော့ပြန်ကစားသမားလို့ ပြောလို့ရတဲ့ ဖလာမီနီဟာ အသင်းမှာ ထင်ပေါ်ကျော်ကြားမှုမရှိဘဲအသင်းကို လျှို့ဝှက်စွာပံ့ပိုးမှုတွေနဲ့အတူ ဖလားလက်မဲ့ ရှစ်ရာသီတိုင်ရှိနေခဲ့တဲ့ အာဆင်နယ်အသင်းကို ဆုဖလားတွေရယူနိုင်ဖို့အတွက် ကူညီပေးနိုင်မလားဆိုတာကတော့. . . . ။

> ဖလာမီနီရဲ့ လက်ရှိအသက်အရွယ်နဲ့ ကြံ့ခိုင်မှုဟာလည်း အာဆင်ဝင်းဂါးအတွက်တော့ အားရကျေနပ်စရာပါပဲ။ သူ့ရဲ့အသက်ဟာ ၂၉ နှစ်ဆိုတာ ကစားသမားတစ်ဦးအတွက်တော့ အရွယ်ကောင်းလို့ ပြောရမှာပါ

စာမျက်နှာ ၈ မှ

အမေးများလည်း ထွက်ပေါ်လာသည်။ ပြောရလျှင် ယခုနှစ်ဘောလုံးရာသီတွင် ဘိန်းစ်၏ ခြေစွမ်းနှင့် စွမ်းဆောင်ရည်မှာ အက်ရှ်လေကိုးလ်ထက် များစွာသာလွန်လျက်ရှိသည်။ တိုက်စစ်ကို လိုက်ပါမှု၊ ပြစ်ဒဏ်ဖြစ်မှု၊ ဖြတ်ပိုနိုင်အား၊ ဘောလုံးပေးပို့နိုင်မှု၊ အခွင့်အရေးရအောင် ဖန်တီးပေးနိုင်မှုများကအစ ပြစ်ဒဏ်ဘောများမှတစ်ဆင့် ဂိုးသွင်းယူနိုင်မှုအဆုံး ဘိန်းစ်သည် အက်ရှ်လေကိုးလ်ထက် အစစအရာရာ သာလွန်သည်ကို နှိုင်းယှဉ်ကြည့်ရုံဖြင့်ပင် သိနိုင်လေသည်။ ထို့အပြင် အင်္ဂလန်၏ ကစားပြီးသော ခြေစမ်းပွဲရှစ်ပွဲတွင် ဘိန်းစ်သည် လေးပွဲတိတိပွဲထွက်ခွင့်ရခဲ့ရာ ထိုလေးပွဲတွင် အင်္ဂလန်သည် တစ်ဂိုးသာပေးရသည်။

သို့သော် ဘိန်းစ်သည် နိုင်ငံတကာပွဲ အတွေ့အကြုံနုသေးပေရာ ရှုံး၍မဖြစ်သောပွဲမျိုး၌ ဖိအားကို တည်တည်ငြိမ်ငြိမ်တုံ့ပြန်နိုင်မည် လောဆိုသည်မှာ မသေချာ။ ထို့ကြောင့် ရွှိုင်ဟော့ဂ်ဆန်၏ ယုံကြည်မှုကို ဘိန်းစ်မည်သို့ တုံ့ပြန်မည်နည်းဆိုသည်ကို အားလုံးက စောင့်ကြည့်နေကြသည်။

မျှော်လင့်ချက် ခပ်ပါးပါးအောက်က ပေါ်တူဂီရဲ့ လားရာ

ဝေမိုးဆက်

ကမ္ဘာ့ဖလားခြေစစ်ပွဲတွေက ပြီးတော့မယ်။ အာဖရိကဇုန်ခြေစစ်ပွဲတွေဆိုရင် နောက်ဆုံးအဆင့် ရှုံးထွက်ပြိုင်ပွဲရောက်ပြီ။ ဥရောပဇုန်၊ တောင်အမေရိကဇုန်နဲ့ ကွန်ကာကပ်ဖ်ဇုန် ခြေစစ်ပွဲဆိုရင်လည်း ထပ်ကစားဖို့ နှစ်ပွဲစီသာ ကျန်တော့တယ်။အရှင်းဆုံးပြောရရင် တက်ကုန်၊ ရွက်ကုန်ဖွင့်ရမယ့် အဆုံးအဖြတ်ကာလ။ တစ်ချက်ကလေးမှားတာနဲ့ မှားတဲ့အသင်းပေးဆပ်မှု ကြီးမားသွားမယ့်အချိန်။ စိတ်ဝင်စားဖို့ကောင်းသလို တွေးစရာတွေကလည်း ဒုနဲ့ဒေး။

အထူးသဖြင့် ဒီလိုအချိန်၊ ဒီလိုကာလ ရောက်တာတောင် တိုက်ရိုက်ခြေစစ်ပွဲ အောင်ပါ့မယ်လို့ ပြောလို့မရသေးတဲ့ အထဲမှာ ပေါ်တူဂီ၊ အင်္ဂလန်၊ ဥရုဂွေး၊ မက္ကဆီကိုတို့လို ထိပ်တန်းအသင်းကြီးတွေကအစပါတယ်။ ဒီတော့ ဘယ်အသင်းတွေ ခြေစစ်ပွဲတိုက်ရိုက်အောင်လာမလဲ ဆိုတာကအစ။ ဒီအသင်းတွေရဲ့ အနာဂတ်ဘာဖြစ်မလဲဆိုတာအဆုံး။ တွေးစရာတွေက အပြည့်။ ချိန်ထိုးနှိုင်းဆစရာတွေက အများအပြား။ ဘာကြောင့်လဲ၊ အင်္ဂလန်ဆိုရင် ၁၉၇၄၊ ၁၉၇၈၊ ၁၉၉၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ ခြေစစ်ပွဲမအောင်ဘူး။ ပေါ်တူဂီဆိုရင် ၁၉၃၄ ကနေ ၁၉၆၂ အထိ တစ်ကြိမ်၊ ၁၉၇၀ကနေ ၁၉၈၂ အထိ တစ်ကြိမ်၊၁၉၉၀က ၁၉၉၈အထိ တစ်ကြိမ် ကမ္ဘာ့ဖလားပွဲနဲ့ ခြေစစ်ပွဲမအောင်လို့ လွဲဖူးတယ်။ ဥရုဂွေးဆိုရင်လည်း ၁၉၇၈၊ ၁၉၈၂၊ ၁၉၉၄၊ ၁၉၉၈၊ ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွေကို ခြေစစ်ပွဲ မအောင်ဘူး။

ပြောချင်တာက လက်ရှိရုန်းကန်နေရတဲ့ ပေါ်တူဂီ၊ အင်္ဂလန်၊ ဥရုဂွေး၊ မက္ကဆီကိုတို့ဟာ နာမည်ကြီးတွေဖြစ်ပေမယ့် ကမ္ဘာ့ဖလားနဲ့ လွဲချော်ဖူးတဲ့ အစဉ်အလာတွေရှိတယ်။ ခြေစစ်ပွဲမှာ ရုန်းကန်ရတဲ့ အစဉ်အလာရှိတယ်။ ဒီတော့ ဒီတစ်ကြိမ်မှာလည်း ဒီအသင်းတွေ တိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့ မတင်မကျဖြစ်လာတဲ့အခါ စိုးရိမ်လာကြတယ်။ နှိုင်းယှဉ်တွက်ဆလာကြတယ်။ အထူးသဖြင့် ဒီအသင်းတွေထဲမှာတောင် ပေါ်တူဂီရဲ့ အလားအလာက ဘဝင်မကျချင်စရာအကောင်းဆုံး။ တွေးပူချင်စရာအကောင်းဆုံး။ ဘာကြောင့်လဲ။ အဖြေက ရှင်းရှင်းလေး။ သူတို့မှာ သူတို့ရဲ့ အနာဂတ်ကို ကိုယ်တိုင်ပုံဖော်နိုင်လောက်တဲ့ အခွင့်အရေးတောင်မရှိတဲ့ဘဝ။ သူတို့ရဲ့ကြမ္မာက ရုရှားရဲ့လက်ထဲမှာ။ အရှင်းဆုံးပြောရရင် လက်ကျန်နှစ်ပွဲမှာ သူတို့ဘယ်လောက်ပဲ ကြိုးစားကြိုးစား။ ဘယ်လိုပဲ အားထုတ်၊ အားထုတ်။ ရုရှားရဲ့ ခြေလှမ်းတည်ငြိမ်နေသမျှ ကာလပတ်လုံး သူတို့ရဲ့အားထုတ်မှုနဲ့ ကြိုးစားမှုက အရာမထင်မယ့်သဘော။

ဒီတော့ သူတို့ ဘယ်လိုခရီးဆက်မလဲ။ အဖြေက ရှင်းရှင်းလေး။ ရုရှားကိုမေ့။ အရာမထင်မှာသာအရာမထင်ရော။ စိတ်ဓာတ်ကောင်းတစ်ခုကို အဖော်ပြုပြီး ကိုယ့်တာကိုယ်လုံအောင် ထိန်းဖို့ကလွဲလို့ အခြားမရှိဘူး။ ဒီတော့ တွက်ရမှာလည်း တစ်ခုတည်း။ အဓိကကတော့ လက်ကျန်နှစ်ပွဲမှာ သူတို့ဘယ်လောက်အထိ စွမ်းဆောင်နိုင်မလဲဆိုတဲ့အချက်။ ဒါက သူတို့ရဲ့ အနာဂတ်စစ်စစ်မဟုတ်တောင် ပတ်သက်မှုရှိတော့ ဒါကိုပဲ အဓိကထားတွက်ရမယ်။ ဒီတော့ သူတို့ ဘယ်အသင်းတွေနဲ့ တွေ့ရမလဲ။ ဒါက အဓိကကျပြီ။ ဒီအချက်အတွက် ငဲ့ကြည့်တော့ ပထမပွဲက အစ္စရေး။ ဒုတိယပွဲက လူဇင်ဘတ် ဆိုတော့ အဓိကထားတွက်ရမှာက တစ်ပွဲပဲရှိတယ်။ ဒီပွဲက အစ္စရေးနဲ့တွေ့ရမယ့် ပထမပွဲ။

ဘာကြောင့်လဲ။ အဖြေက ရှင်းရှင်းလေး။ လူဇင်ဘတ်ဆိုတာက ထည့်တွက်စရာမလိုဘူး။ ကစားပြီးသမျှခြေစစ်ပွဲ ရှစ်ပွဲမှာ တစ်ပွဲပဲနိုင်သေးတဲ့အသင်း။ ကစားသမားအင်အားကို ကြည့်မလား။ သူတို့ကို ယှဉ်နိုင်တဲ့အား လုံးဝမရှိတဲ့ အသင်း။ ပြီးတော့ ကစားရမှာက သူတို့ရဲ့ကွင်း။ ဒီတော့ ဒီပွဲက မေ့ထားလို့ရလောက်အောင် သူတို့အတွက် ပြည့်စုံတယ်။ ပြောချင်တာက အစ္စရေးကို နိုင်ပြီဆိုတာနဲ့ သူတို့တာ သူတို့လုံပြီလို့ ပြောလို့ရမယ့်အခြေအနေ။ ဒီတော့ အစ္စရေးကိုရော သူတို့နိုင်ပါ့မလား။

တကယ်တော့ အစ္စရေးကလည်း မျှော်လင့်ချက်ခပ်ပါးပါးရှိနေတာကိုက သူတို့အတွက် အဟန့်အတားတစ်ခု။ ပြောရရင် အစ္စရေးက ၁၂မှတ်။ ဒီပွဲမှာ ပေါ်တူဂီကိုနိုင်မယ်။ နောက်ဆုံးပွဲမှာလည်း မြောက်အိုင်ယာလန်ကို နိုင်မယ်ဆိုရင် ၆ မှတ်ထပ်ရပြီး စုစုပေါင်း ၁၈ မှတ်ရမယ်။ ပေါ်တူဂီရဲ့လက်ရှိအမှတ်က ၁၇ မှတ်၊ ဒီတော့ အစ္စရေးသာ လက်ကျန်နှစ်ပွဲစလုံးနိုင်ပြီး ပေါ်တူဂီက နှစ်ပွဲစလုံးရှုံးရင် အဆုံးအဖြတ်ခြေစစ်ပွဲ ကစားခွင့်ရမယ့် ဒုတိယနေရာဟာ အစ္စရေးအတွက်တောင်ဖြစ်သွားမယ့် သဘော။ ဒီတော့ ဒီအခြေအနေက အစ္စရေးရဲ့ ရုန်းအားကို နှစ်ဆမြင့်လာစေမယ့် အခြေအနေ။ ဒါကို သူတို့ဘယ်လိုကျော်လွှားမလဲ။ ပထမအကျော့ တွန်းအားနိမ့်တုန်းကတောင် သူတို့ အစ္စရေးကို မနိုင်ဘူး။ ၃-၃ သရေ။ အခုပွဲက အိမ်ကွင်းတော့ မှန်တယ်။ အိမ်ကွင်းဖြစ်လို့ မရှုံးဘူးဆိုပြီး အကောင်းမြင်ကြည့်ရင်တောင် နိုင်ဖို့ကလွယ်တဲ့ အခြေအနေတစ်ရပ်မှာ မရှိဘူး။

ပြောရရင်သူတို့အတွက် အဲဒီပွဲက မနိုင်လို့ကို မဖြစ်တဲ့ပွဲ။ ဘာကြောင့်လဲ။ အဖြေက ရှင်းရှင်းလေး။ ဒီပွဲမှာ သူတို့ သရေကျလိုက်တာနဲ့ ရုရှားက နိုင်ပွဲရသွားရင် တစ်ပွဲအလိုမှာ သုံးမှတ်ကွာသွားမယ်။တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခွင့်က ပိုဝေးသွားမယ်။ ဒါက သူတို့အတွက် ဖိအားဖြစ်သွားမလား။ မနိုင်လို့မဖြစ်ဘူးဆိုတဲ့ စိတ်နဲ့ကစားခြင်းဟာ စိုးရိမ်စိတ်ကိုဖြစ်စေသလို ပုံမှန်ခြေကိုပါ ထိခိုက်နိုင်တော့ သူတို့အနေနဲ့ စိတ်ဓာတ်ကောင်းတစ်ခုကို အခြေခံတာတောင် သူတို့တာသူတို့လုံအောင် ထိန်းနိုင်ဖို့ကအစ ဖျစ်ဖျစ်မြည် ရုန်းရမယ့်အခြေအနေ။

ဒီတော့ သူတို့ဘာလဲ၊ ဘယ်လဲ၊ တွေးစရာတွေက ဒုနဲ့ဒေး၊ သူတို့မှမဟုတ်ဘူး။ သူတို့နည်းတူရုန်းကန်နေရတဲ့ အင်္ဂလန်၊ ဥရုဂွေး၊ မက္ကဆီကိုတို့ရော ဘယ်လိုလဲ။ ၂၀၁၄ ကမ္ဘာ့ဖလား ခြေစစ်ပွဲတွေရဲ့ အဆုံးသတ်ချိန်ဟာအတွေးလှိုင်းကို လှုပ်နှိုးလွန်းပါတယ်။

ပေါ်တူဂီရဲ့ လက်ရှိအမှတ်က ၁၇ မှတ်၊ ဒီတော့ အစ္စရေးသာ လက်ကျန်နှစ်ပွဲစလုံးနိုင်ပြီး ပေါ်တူဂီက နှစ်ပွဲစလုံးရှုံးရင် အဆုံးအဖြတ် ခြေစစ်ပွဲ ကစားခွင့်ရမယ့် ဒုတိယနေရာဟာ အစ္စရေးအတွက်တောင်ဖြစ်သွားမယ့် သဘော။

နိုဝင်ဘာလကုန်ပိုင်းတွင် ဗြိတိန်လက်ဝှေ့သမား ချီဆိုရာ ဥရောပဟဲဗီးဝိတ်ချန်ပီယံခါးပတ်ကာကွယ်ပွဲထိုးသတ်မည်

ဗြိတိန်ဟဲဗီးဝိတ်လက်ဝှေ့သမား ဒီရက် ချီဆိုရာသည် လာမည့် နိုဝင်ဘာ ၃၀ ရက်တွင် သူ၏ ဥရောပဟဲဗီးဝိတ် ချန်ပီယံခါးပတ် ကာကွယ်ပွဲအဖြစ် လန်ဒန်မြို့ရှိ Copper Box Arena ၌ ထိုးသတ်သွားမည်ဖြစ်သည်။ ဇင်ဘာဘွေနိုင်ငံ၌ မွေးဖွားခဲ့သူ ချီဆိုရာနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ပြိုင်ဘက်၏ အမည်ကိုမူ တာဝန်ရှိသူများက ထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။

ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားသက်တမ်းအတွင်း စုစုပေါင်း ၂၂ ပွဲ ထိုးသတ်ခဲ့ပြီး ၁၈ ပွဲ အနိုင်ရကာ ၄ ပွဲ ရှုံးနိမ့်ခဲ့ပြီး ၁၂ပွဲ အလဲထိုးနိုင်ခဲ့သူချီဆိုရာ (၂၉နှစ်)သည် ဥရောပဟဲဗီးဝိတ် ချန်ပီယံခါးပတ်အား ပြီးခဲ့သည့် စက်တင်ဘာ ၂၁ ရက်တွင် Copper BoxArena ၌ပင် ဂျာမနီနိုင်ငံသား ဂါဘာအား အနိုင်ယူကာရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါပွဲ၌ ချီဆိုရာသည် အသက် ၂၅ နှစ်အရွယ်ရှိ ဂါဘာအား တစ်ဖက်သတ်ဖိထိုးနိုင်ခဲ့ပြီး ပဉ္စမအချီ၌ ဒိုင်လူကြီး ပွဲကိုရပ်ဆိုင်းကာချီဆိုရာအား အနိုင်ပေးခဲ့ခြင်းဖြစ်သည်။ ချီဆိုရာက "Copper Box Arena မှာ ထိုးသတ်ရတာကို ကျွန်တော်နှစ်သက်ပါတယ်။ လာမယ့်နိုဝင်ဘာ လ ၃၀ ရက်မှာ ကျွန်တော်နဲ့ ယှဉ်ပြိုင်ထိုးသတ်မယ့် ဘယ်သူမဆို ကျွန်တော့်ရဲ့ ချေမှုန်းခြင်းကို ခံရပါလိမ့်မယ်"ဟု ကြုံးဝါး ပြောဆိုသွားသည်။

ချီဆိုရာသည် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်တွင် WBC ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံခါးပတ်အတွက် ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ ဗီတာလီကလစ်ချ်ကိုနှင့် ထိုးသတ်ခဲ့ရာ ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

ဥရောပ ဟဲဗီးဝိတ်လက်ဝှေ့ပြိုင်ပွဲကို ၁၉၀၉ ခုနှစ်တွင်စတင်ကျင်းပခဲ့ပြီး ဗြိတိန်နိုင်ငံသား ဟဲဗီးဝိတ်လက်ဝှေ့သမား ဝီလီယံဟုချ်က ပထမဆုံး ချန်ပီယံခါးပတ်ကို ရယူနိုင်ခဲ့သည်။ ဥရောပဟဲဗီးဝိတ်လက်ဝှေ့ပြိုင်ပွဲ သမိုင်းကြောင်းတစ်လျှောက်တွင် ဗြိတိန်လက်ဝှေ့သမားများက ချန်ပီယံခါးပတ် ၂၁ ကြိမ် ရရှိခဲ့သည်။

ထက်အောင်

ဟဲဗီးဝိတ်ကာကွယ်ပွဲ ကလစ်ရှ်ကိုက ပိုဗက်ကင်ကို အနိုင်ရ

ယူကရိန်း ဟဲဗီးဝိတ်လက်ဝှေ့သမား ဝလာဒီမာကလစ်ရှ်ကို (၃၇နှစ်)သည် ပြီးခဲ့သည့် အောက်တိုဘာ ၅ ရက်တွင် WBO၊ IBF နှင့် WBA ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံခါးပတ်များ ကာကွယ်ပွဲအဖြစ် ရုရှားနိုင်ငံသား အလက်ဇန်းဒါး ပိုဗက်ကင်(၃၄နှစ်)နှင့် ရုရှားနိုင်ငံ မော်စကိုမြို့၌ ထိုးသတ်ခဲ့ရာ အမှတ်ဖြင့် အနိုင်ရရှိသွားခဲ့သည်။

ပိုဗက်ကင်သည် ကလစ်ရှ်ကိုနှင့် ထိုးသတ်ခဲ့သည့်ပွဲမတိုင်မီ ထိုးသတ်ခဲ့သော ၂၆ ပွဲ၌ ပွဲတိုင်း အနိုင်ရရှိခဲ့ကာ ၁၈ ပွဲ အလဲထိုးနိုင်ခဲ့သူဖြစ်သည်။

သို့သော်လည်း ပိုဗက်ကင်သည် ကလစ်ရှ်ကိုနှင့် ထိုးသတ်ခဲ့သည့် ၇ ချီအတွင်း ကလစ်ရှ်ကို၏ ထိုးသတ်ချက်ကြောင့် ဒုတိယအချီတွင် တစ်ကြိမ်၊ သတ္တမအချီတွင် သုံးကြိမ် လဲကျခဲ့ရသည်။ ဒိုင်လူကြီး သုံးဦးစလုံးက ကလစ်ရှ်ကိုအား ၁၁၉-၁၀၄ မှတ်ဖြင့် အနိုင်ပေးခဲ့သည်။

စာမျက်နှာ ၈ မှ

လာရောက်ယှဉ်ပြိုင်သော်လည်း မြန်မာကစားသမားများ ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားရ၍ လက်ရည်များပိုမိုတိုးတက်လာပေသည်။ ယင်းပြိုင်ပွဲတွင် မြန်မာဝူရှူးအဖွဲ့က ရွှေ ၁၆ ခု၊ ငွေ ၁၄ ခု၊ ကြေးကိုးခု ဆွတ်ခူးနိုင်ခဲ့သည်။

ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်နေသည့် မြန်မာဝူရှူးအဖွဲ့တွင် နည်းပြချုပ် ဦးခင်စိုး၊ ဆန်းဆိုနည်းပြ ဦးမင်းမင်းထွန်း၊ ဦးဟာဟုန်၊ ထောက်လုနည်းပြ ဒေါ်နှင်းယုဇံ၊ ဒေါ်ဆွေဆွေသန့် ကစားသမားများအဖြစ် ထောက်လု (အမျိုးသား) အောင်စည်သူ၊ စိုးကျော်၊ ဝေဖြိုးအောင်၊ ကျော်ဇင်သစ်၊ သူရစိုး၊ ထက်ဟန်ကျော်၊ စိန်သီဟကျော်၊ ငြိမ်းချမ်းကိုကို၊ (အမျိုးသမီး)စန္ဒီဦး၊ အိမ့်မိမိ၊ ဝေမာထွန်းသိန်း၊ အေးသစ္စာမြင့်၊ မြတ်သက်ဆုဝေဖြိုး၊ ဆန်းဆို(အ မျိုးသား)ရာစုမောင်၊ ဝေယံလင်း၊ ထွန်းထွန်းဝင်း၊ ကျော်လင်းထွန်း၊ ကျော်ဇင်ဝင်း၊ ကျော်ကျော်သန့်ဇင်အောင်၊ ညီအောင်ဝင်း၊ ရဲမင်းစိုး၊ စိုးထက်လင်း၊ သိန်းထိုက်ဦး၊ (အမျိုးသမီး)စုလှိုင်ဦး၊ နော်ဖောလော်အယ်၊ ဝါဆိုနိုင်နှင့် လှလှဝင်းတို့ ပါဝင်ကြသည်။

မြန်မာယူ-၂၃ နှင့် ဗီယက်နမ်ယူ-၂၃ တို့ ခြေစမ်းမည်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာယူ-၂၃ အသင်းနှင့် ဗီယက်နမ်ယူ-၂၃အသင်းတို့သည် လာမည့် အောက်တိုဘာ ၁၅ ရက်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းတွင် ခြေစမ်းကစားမည် ဖြစ်သည်။

ဗီယက်နမ် ယူ-၂၃ အသင်းသည် အောက်တိုဘာ ၁၁ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာမည်ဖြစ်ပြီး အောက်တိုဘာ ၁၃ ရက်တွင် MNL ကလပ် နေပြည်တော်အသင်းနှင့် သုဝဏ္ဏကွင်းတွင် ခြေစမ်းကစားမည်ဖြစ်သည်။ မြန်မာယူ-၂၃ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင်ကစားသမား ၂၈ ဦးဖြင့် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး မြန်မာယူ-၁၉ အသင်းနှင့် ခြေစမ်းပွဲတွင် သုံးဂိုး-နှစ်ဂိုး၊ နေပြည်တော်အသင်းနှင့် ခြေစမ်းပွဲတွင် လေးဂိုး-တစ်ဂိုး တို့ဖြင့် အနိုင်ရရှိခဲ့သည်။ ဗီယက်နမ်နှင့် ခြေစမ်းပွဲအပြီးတွင် မြန်မာယူ-၂၃ အသင်းသည် အောက်တိုဘာ ၁၇ ရက်မှ နိုဝင်ဘာ ၁၀ ရက်အထိ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံများသို့ သွားရောက်၍ ခြေစမ်းပွဲများ ကစားမည်ဖြစ်သည်။

ဖိုးသော်ဇင်

ရှမ်းပြည်နယ်(မြောက်ပိုင်း)

သူ့မြေမှာဖြူပြာပွင့်ရင်ဖြင့် ကိုယ့်မြေမှာ နီဝါတင့်ရမယ်

အရောင်စုံ၊ ဒီဇိုင်းစုံ နွားယဉ်အလှပြအဖွဲ့များ ယှဉ်ပြိုင်အလှပြမှုကို လမ်းတစ်လျှောက် ပရိသတ်များ ကြည့်ရှုအားပေးစဉ်။

အရှေ့ဆီမှ အရုဏ်ဦးအလင်းရောင်နှင့်အတူ ရှမ်းအိုးစည်သံတွေ အဝေးဆီမှ ပျံ့လွင့်လာနေသည်ကို ကြားနေရသည်။ ရွှေလီမြစ်အမိရင်ခွင်၏ ပိုက်ထွေးမှုကိုခံယူနေသော သားငယ်ပမာမြို့မူဆယ်မှာ သာယာသောနံနက်ခင်းအလှဝယ် နိုးထပါချေပြီ၊ အဝေးသို့ထွက်ခွာ၊ အဝေးမှလာသော ခရီးသွားဧည့်သည်များ၊ ကားကြီး၊ ကားငယ်များအဆက်မပြတ်တွေ့နေရသလို မူဆယ်မြို့ခံ တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့်အတူ ယဉ်ကျေးမှုအဖွဲ့များက တူညီဝတ်စုံများ အရောင်အသွေးစုံတို့နှင့်လည်းကောင်း၊ တာဝန်ကျဝန်ထမ်း၊ ဌာနဆိုင်ရာတို့ကလည်း စည်းကမ်းတကျ ဝတ်ဆင်၍လည်းကောင်း၊ မူဆယ်မြို့လယ်ရှိ လားရှိုး- မူဆယ်-နမ့်ခမ်း-ဗန်းမော် ပြည်ထောင်စုလမ်းမကြီးပေါ်ဝယ်တွေ့နေရသည်။ နံနက် ၇နာရီကျော်နယ်ခြား မှတ်တိုင် အမှတ်(၈၁) နန်းတော်ဂိတ်မြန်မာ-တရုတ်နှစ် နိုင်ငံဝင်/ထွက်ပေါက် ရှေ့ဝယ် ဆုံစည်းမိကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လာရောက်ကြိုဆိုသော ကားများပေါ်ဝယ် နေရာယူ၍ ရွှေလီမြို့ဘက်သို့ ကားတန်းကြီးဖြင့် ခရီးဆက်ခဲ့ကြသည်။

(၁၃) ကြိမ်မြောက်ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးပွဲတော်သဘင်

ကြီးမားကျယ်ပြန့်သော လမ်းမကြီးအနက် ကြိုးတန်းများနှင့် ရောင်စုံအလံလေးများလေထဲတွင်တဖျပ်ဖျပ်လွင့်နေသည်။ နောက်ခံပိတ်ကားကြီးနှင့် စင်မြင့်ကြီးပေါ်ဝယ် မြန်မာ-တရုတ် နှစ်နိုင်ငံမှ ဧည့်သည်တော်များ နေရာယူထားကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်အလံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံများ တစ်ပြိုင်နက်တည်းလွင့်ထူပြီး အခမ်းအနားကိုဖွင့်လှစ်သည်။

"ကျွန်တော်တို့ ရွှေလီမြစ်ရေအတူသောက်ကြတဲ့ ညီအစ်ကိုမောင်နှမတွေ တွေ့ဆုံပြီး နှစ်နိုင်ငံ ယဉ်ကျေးမှု၊ အားကစား၊ ပျော်ပွဲရွှင်ပွဲအကအလှ၊ ဝတ်စားဆင်ယင်မှု၊ ဓလေ့ထုံးစံတွေ ဖလှယ်ကြတဲ့ ပွဲသဘင်မို့လာရောက်လည်ပတ်လေ့လာသူတွေများပါတယ်"ဟု ပွဲတော်တွင် တွေ့ရသော သမိုင်းသုတေသီ ဦးသန်းမြိုင်က ပြောကြားသလို ထိုဖွင့်ပွဲနေ့တွင် နှစ်နိုင်ငံဧည့်သည်တော်ကြီးများ၊ လာရောက်ကြည့်ရှုသူများရှေ့ သန့်ရှင်းကျယ်ပြန့်သော လမ်းမကြီးပေါ်တွင် အကအလှ အဖွဲ့များဖြစ်သော ဆင်ဖြူတော်အက၊ ဗုဒ္ဓသာသနာအဖွဲ့၊ ရှမ်းရိုးရာရှင်လောင်းလှည့်အဖွဲ့၊ ရှမ်းတိုင်းရင်းသားမောင်းကအဖွဲ့၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ရှမ်း၊ ကချင်၊ ပလောင် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ပွဲတိုင်းကျော် ဦးရွှေရိုး-ဒေါ်မိုးအကနှင့် ဒိုးပတ်ဝိုင်း၊ ရှမ်းတိုင်းရင်းသားရိုးရာအကအဖွဲ့၊ ရှမ်းတိုင်းရင်းသား တူရိယာအကအဖွဲ့၊ အရှေ့တောင်အာရှက တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့၊ ကချင်ရိုးရာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့၊ ပလောင်ရိုးရာ ရွှေအိုးစည်အကအဖွဲ့၊ လီရှောတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့၊ တရုတ်အားရှန်ရိုးရာအဖွဲ့၊တရုတ်-မြန်မာတိုင်းရင်းသားရိုးရာအက၊ အားကစားသမားများအဖွဲ့၊ တရုတ်မူကြိုကျောင်းသားလေးများအဖွဲ့၊ ကာတွန်းဇာတ်လိုက်၊ ရုပ်ရှင်ဇာတ်ကောင်အတိုင်း လှလှပပဝတ်ဆင်ထားသည့် ရုပ်ပြောင်လူငယ်များအဖွဲ့၊ ရွှေလီမြို့ရပ်ကွက်ပေါင်းစုံမှ ယဉ်ကျေးမှုအဖွဲ့များ အစဉ်လိုက်သရုပ်ပြချီတက်လမ်းလျှောက်သွားကြသလို သူ့ဘက်ကိုယ့်ဘက် အားပေးသူတွေ လက်ခုပ်သံတဖြောင်းဖြောင်းဖြင့် မျှမျှတတအားပေးနေကြပြီး ကင်မရာမျိုးစုံဖြင့် မှတ်တမ်းတင်နေသူတွေကလည်းနေရာတိုင်းတွေ့နေရသည်။ ထို့နောက် အားလုံး စိတ်ဝင်တစားရှိကြသော နွားလှည်းယဉ်အလှပြအဖွဲ့များက တစ်စီးချင်းမောင်းနှင်လာကြသည်။ သရုပ်ဖော်ပုံစံအမျိုးမျိုးဖြင့် ခြေကျင်လျှောက် လှည်းအနီးလိုက်ပါလာသူများက စိတ်ဝင်စားစရာ အပြင်အဆင်များ ဝတ်ဆင်ထားသလို ပို၍စိတ်ဝင်စားစရာမှာ လှည်းယဉ်ပေါ်တွင် လိုက်ပါလာသော သရုပ်ဖော် လှယဉ်ကျေးမယ်လေးများဖြစ်သည်။ ဒဂုံမြို့သူ၊ ပုဂံမြို့သူ၊ စစ်ကိုင်းမြို့သူ၊ ပင်လုံမယ်၊ ဟံသာဝတီသူ၊ မကွေးမြို့သူ၊ ထားဝယ်သူ၊ ဂျိန်းဖောမယ်ဟု အမည်ပေးထားသော လှည်းယဉ် ရှစ်စီးဖြင့် ပါဝင်ယှဉ်ပြိုင်အလှပြသလို၊ အလှမယ်များကိုလည်း အမည်ပေးထားသည်နှင့် ကိုက်ညီအောင် ဆင်ယင်ထားသည်မှာ ကျက်သရေရှိလှသည်။ ထို့အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှလည်း ဇီဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဆောက်လုပ်ရေး၊ ကျောက်မျက်ရတနာရောင်းဝယ်ရေးစသည်ဖြင့် ကိုယ်စားပြုလှည်းယဉ်များကလည်း အမည်နှင့်လိုက်လျောညီစွာ ပြင်ဆင်ထားပုံကလည်း အသွင်ဆန်းအမြင်ဆန်းလှသည်။

ထိုဖွင့်ပွဲတွင် မူဆယ်မြို့မှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံဦးနှင့် ဌာနဆိုင်ရာဧည့်သည်တော်များတက်ရောက်ကြသလို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်းပြည်နယ်ခွဲမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးက နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

သို့ဖြင့် ထိုနေ့ နေ့လယ်ပိုင်းအထိ ဖွင့်ပွဲမှအစီအစဉ်အတိုင်းထွက်ခွာသွားသော ယဉ်ကျေးမှု အကအလှအဖွဲ့များ ရွှေလီမြို့အတွင်းလှည့် လည်နေကြသည်မှာ ရှမ်းအိုးစည်၊ ရှမ်းမောင်းသံ၊ ဒိုးပတ်သံနှင့် တူရိယာအသံမျိုးစုံပျံ့လွင့်လျက်ရှိနေသည်။ အားကစားပြိုင်ပွဲများပြီးချိန် ယဉ်ကျေးမှုကွင်းပြင် ဇာတ်ခုံကြီးအတွင်းမီးရောင်ထိန်ထိန်ညီးနေပြီး ဗီဒီယိုဆလိုက်ဖြင့်ရှေးနှစ်ပေါင်းများစွာက ဒေါင်းအကဖျော်ဖြေမှုများ ဗီဒီယိုဆလိုက်များဖြင့် ပြသပေးထားသည်။ ထို့ နောက် ည ၇ နာရီတွင် ဒေါင်းအကများကိုတစ်ဦးချင်း၊ အဖွဲ့လိုက်၊ ဒေါင်းသဘာဝနှင့်အလွန်တူအောင် ကပြယှဉ်ပြိုင်ကြသည်။ ဒေါင်းအကနှင့် ကိန္နရီကိန္နရာ အကပြိုင်ပွဲတွင် မူဆယ်မြို့ရှမ်းယဉ်ကျေးမှု ကိန္နရီ ကိန္နရာအကအဖွဲ့က ဒုတိယဆု ဆွတ်ခူးခဲ့သည်။ ပွဲတော်အကြို အောက်တိုဘာ ၁ ရက်ကလည်း ထိုလဟာပြင် ယဉ်ကျေးမှုကွင်းပြင်စင်ကြီးပေါ်တွင် တရုတ်-မြန်မာတိုင်းရင်းသား ရိုးရာဝတ်စားဆင်ယင်မှု ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပရာ မူဆယ်မြို့နယ်မှ နှစ်ဦး၊ နမ့်ခမ်းမြို့နယ်မှ လေးဦး၊ ကွတ်ခိုင်မြို့နယ်မှလေးဦး၊ စုစုပေါင်း ၁၀ ဦး ယှဉ်ပြိုင်ခဲ့ကြရာ မူဆယ်မြို့နယ်မှ မခင်စန်းမြင့်က ပထမဆု၊ နမ့်ခမ်းမြို့နယ်မှ မနန်းဆိုင်တွမ်က တတိယဆုစသည်ဖြင့် ယှဉ်ပြိုင်ဆွတ်ခူးနိုင်ခဲ့၍ အားလုံးဝမ်းသာပီတိဖြစ်ကြရသည်။

ထိုနေ့မှာပင် ရွှေလီမြို့၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် ဆွေမျိုးပေါက်ဖော်ပွဲတော်အကြောင်း သတင်းစာရှင်းလင်းပွဲကို အဆင့်မြင့် ဟိုတယ်ကြီး၌ကျင်းပသည်။

ထိုပြပွဲ၊ ပြိုင်ပွဲများအားလုံးကို အစီအစဉ်အတိုင်း ထိုက်တန်သော ဆုပေးပွဲများ ပွဲတော်အတွင်းချီးမြှင့်ခဲ့ပြီး နွားလှည်းအလှယဉ်သတ်မှတ်ပြီး ရွေးချယ်ခြင်းကို ပွဲတော်နောက်ဆုံးရက် အောက်တိုဘာ ၃ ရက်တွင် ရွှေလီမြို့ကျင်းချိန့်ဟိုတယ်ကြီးရှေ့ ရွှေလီမြို့လမ်းမကြီးပေါ်၌ ကျင်းပရာ လမ်းမကြီးတစ်လျှောက်အားပေးကြည့်ရှုနေကြသည်မှာ နေရာမလပ်ပေ။ "အခုပြိုင်ပွဲမှာ တရုတ်ဘက်ကရော မြန်မာဘက်ကပါ လှည်းယဉ် အလှပြ ၄၉စီးပြိုင်ပွဲဝင်ကြပါတယ်။ သူ့ဟန် သူ့အယူအဆနှင့် ယဉ်ကျေးမှုလက်ရာတွေ ပေါင်းစပ်ပြီး အစွမ်းကုန် ပြင်ဆင်ထားကြတာပါ။ ကျွန်တော့်အနေနဲ့ ဒီဘက်က လှည်းအလှယဉ်ခုနစ်စီး ပြင်ပေးရပါတယ်။ မြန်မာလှည်းအလှတွေကတော့ ခေတ် အဆက်ဆက်ဝတ်စားဆင်ယင်ထားတဲ့ အလှမယ်လေးတွေကြောင့် ပိုပြီး သူတို့အတွက် အမြင်ဆန်းပြီးဆွဲဆောင်မှုရှိပါတယ်" ဟု ပွဲတော်တွင် တွေ့ရှိရသော မြန်မာ့ဗိသုကာလက်ရာရှင် ဦးမင်းမြတ်ခေါင်က သူ့အမြင်ကိုပြောပြသလို၊ ရွှေလီမြို့အလှမှာ နေ့ဘက်ဆိုလျှင် လမ်းများတစ်လျှောက်ပန်းအလှများနှင့် ပြသထားသလို ညဘက်တွင် ရှုမငြီးအောင်မီးအလှဆင်၍ နေ့ပန်းအလှ၊ ညမီးအလှဖြင့် ဧည့်သည်တော်များကို ဆွဲဆောင်မှုရှိအောင် ပြင်ဆင်ထားကြောင်း၊ ခရီးသွားလာရေးဝန်ဆောင်သူ ဦးသိန်းလှိုင်က ပြောကြားသည်။ သို့ဖြင့် နွားလှည်းယဉ်အလှပြပြိုင်ပွဲတွင် မြန်မာဘက်မှ ဒဂုံမြို့သူလှည်းယဉ်က ပထမ ယွမ်နှစ်သောင်း၊ ပုဂံမြို့သူက ဒုတိယ ယွမ်တစ်သောင်း၊ စစ်ကိုင်းမြို့သူက တတိယ ယွမ်ရှစ်ထောင် အသီးသီးဆုချီးမြှင့်ခံခဲ့ရပြီး ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့သည်။

တကယ်လည်း (၁၃)ကြိမ်မြောက် မြန်မာ-တရုတ်ဆွေမျိုးပေါက်ဖော်ပွဲကြီးပြီးဆုံး၍ နွားလှည်းအလှယဉ်များ ယဉ်ကျေးမှုအဖွဲ့ဝင်များအပြန် မြန်မာ-တရုတ် အဝင်၊ အထွက် မုခ်ဦးအထိ စိတ်ဝင်တစားကြည့်ရှုသူ၊ မှတ်တမ်းတင်သူတွေရှိနေသလို ကျွန်တော်တို့လည်း ထိုပွဲကြီးအပြန်ခရီးတွင် ရင်ထဲသို့အတွေးများ ဝင်လာခဲ့သည်။ ယေဘုယျအနေဖြင့် ရွှေလီမြစ်သာခြားနေသည့် ဟိုဘက်ကမ်းက တရုတ်ပြည်ရွှေလီမြို့နှင့် ဒီဘက်ကမ်းက မူဆယ်မြို့၏မြို့ပြတိုက်တာပုံရိပ်များသည် ရွှေလီမြစ်ရေကိုထင်ဟပ်နေသည်မှာ အလှကိုယ်စီရှိနေသည်။ ထိုအလှကိုယ်စီထဲမှ သည်ပွဲတော်ကြီးအလှကသူတို့ဘက်ကို အလှပိုစေသည်ဟု ထင်မြင်ယူဆမိခဲ့သလို ယဉ်ကျေးမှုပွဲတော်ကြီးတွင် ကြည့်ရှုခံစားခဲ့ရသော အကအလှများ၊ အလှမယ်များ၊ နွားလှည်းယဉ်များ၊ အနုပညာပန်းချီပြခန်းများ၊ အရောင်းမြှင့်တင်မှုများ၊ စီမံကိန်းမြင်ကွင်းများ၊ မီဒီယာများ သတင်းယူကြပုံ ပွဲတော်တွင်လာရောက်လည်ပတ်သူများက သူတို့အလှကိုပိုစေသည်ဟု ယူဆမိပါသည်။ ထိုကဲ့သို့ သူ့မြေမှာ ဝင့်ထည်နေသည့်အလှကိုကြည့်ရင်း ကဗျာဆရာမငွေတာရီ၏ သာသည့်မြေသို့ ကဗျာထဲက "သူ့မြေမှာဖြူပြာပွင့်ရင်ဖြင့် ငါ့မြေမှာ နီဝါတင့်ရမပေါ့"ဟူသော ကဗျာစာသားကလေးကို စိတ်တွင်းမှရေရွတ်ကာ အားအင်အပြည့်ဖြင့် အမိမြေကို ခြေလှမ်းဝင်လိုက်ပါတော့သည်။

သိန်းဇော် (ရွှေလီဦး)

ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးပွဲတော်သဘင်၌ မီဒီယာများ သတင်းရယူနေသည်ကို တွေ့ရစဉ်။

ရွှေလီမြစ်သာခြားနေသည့် ဟိုဘက်ကမ်းက တရုတ်ပြည် ရွှေလီမြို့နှင့် ဒီဘက်ကမ်းက မူဆယ်မြို့၏ မြို့ပြတိုက်တာပုံရိပ်များသည် ရွှေလီမြစ်ရေကို ထင်ဟပ်နေသည်မှာ အလှကိုယ်စီရှိနေ



ရှမ်းပြည်နယ် (အရှေ့ပိုင်း)

မိုင်းလား (သို့မဟုတ်) ချိုးဖြူငှက်တို့ နားခိုရာ

မိုင်းလားအထူးဒေသ(၄) အဖွဲ့၏ တည်ဆောက်ဆဲ မိုင်း၀ရေအားလျှပ်စစ်စက်ရုံစီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။

ဆီလူး၊ နမ့်ပန်း၊ မိုင်းလားဒေသလမ်းများ အဆင့်မြှင့်တင်

နယ်စပ်ရေးရာ၀န်ကြီးဌာနသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဆီလူး၊ နမ့်ပန်း၊ မိုင်းလား ဒေသရှိ လမ်းများအဆင့်မြှင့်တင်ခြင်း၊ အသစ်ဖောက်လုပ်ခြင်းတို့အတွက် မိုင်းလားအထူးဒေသ (၄) အဖွဲ့အား ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နယ်စပ်ဖွံ့ဖြိုးရေး ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၂၀၃၁ ဒသမ ၂၅ သန်းဖြင့် အောက်ဖော်ပြပါလမ်းများကို အဆင့်မြှင့်တင်ဖောက်လုပ်နေပြီဖြစ်သည်။ (က) နမ့်ပန်းဒေသ နာဖီးဆွပ်နမ့်-ပါဆာကြီး လမ်း ၃၅ မိုင်အနက် ၁၉ မိုင် ၄ ဖာလုံ ကတ္တရာခင်းခြင်း၊ (ခ)ဆီလူးဒေသ ဆီလူး-မိုင်းယန်းလမ်း ၁၀ မိုင် ကတ္တရာခင်းခြင်း၊ (ဂ)ဆီလူးဒေသ ဝမ်ခါး-ယမ်းကောင်းလမ်း ၁၂ မိုင်အနက် ၇ မိုင် ၆ ဖာလုံ ကျောက်ခင်းခြင်း၊ (ဃ) ဆီလူး-မိုင်းလားလမ်းပေါ်ရှိ လမ်းခွဲမှ မူကြမ်းအထိ ၁၈ မိုင်အနက် ၁၀ မိုင် ကျောက်ခင်းခြင်း၊ (င)မိုင်းလား- ကျိုင်းခမ်းလမ်း မိုင် ၆၀ မြေသားလမ်းဖောက်လုပ်ခြင်း၊ (စ)မိုင်း၀-မိုင်းယောင်းလမ်း ၃၂ မိုင် ၄ ဖာလုံ မြေသားလမ်းဖောက်လုပ်ခြင်း။

အထူးဒေသ(၄)နှင့် စပ်လျဉ်း၍

၁၉၈၉ခုနှစ် ဇွန်လ ၃၀ရက်နေ့တွင် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ တရားဥပဒေဘောင်အတွင်းဝင်ရောက်လာသောအဖွဲ့ဖြစ်သည်။ မိုင်းလားအထူးဒေသ(၄)အဖွဲ့အား ဦးစိုင်းလင်းက ခေါင်းဆောင်လျက် အိမ်ခြေလေးငါးဆယ်သာရှိသော မိုင်းလားကျေးရွာငယ်လေးအခြေအနေမှ ယနေ့တွေ့မြင်နိုင်သည့် မြို့ကြီးပြကြီးအခြေအနေသို့ ရောက်ရှိအောင် ကြိုးစားတည်ဆောက်ခဲ့ကြသည်။ နိုင်ငံတော်အစိုးရကလည်း ၁၉၈၉ခုနှစ်မှစ၍ ယနေ့အချိန်အထိ မိုင်းလားအထူး ဒေသ(၄)နယ်မြေ၊ ဒေသခံတိုင်းရင်းသားများအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စွမ်းအင်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးစသည့် ကဏ္ဍများ ဖွံ့ဖြိုးတိုး တက်လာစေရန်ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။ မိုင်းလားမြို့ ပြည်သူ့ဆေးရုံကို ခုတင် ၅၀ ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးထားပြီး မိုင်းလားအထက၊ နမ့်ပန်အလက၊ ဆီလူးအလက၊ မိုင်း၀ မူလွန်ကျောင်းနှင့်အခြားအမက ကျောင်းများတွင် တိုင်းရင်းသားငယ်လေးများပညာသင်ကြားလျက်ရှိသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိုင်းလားအထူး ဒေသ (၄)အဖွဲ့သည် ကိုယ့်အားကိုယ်ကိုး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိရာ မိုင်း၀ရေအားလျှပ်စစ် စက်ရုံတည်ဆောက်ရေးလုပ်ငန်းသည် တစ်ခုအပါအဝင် ဖြစ်သည်။ ယင်းစီမံကိန်းသည် မိုင်းလားမြို့အရှေ့တောင် ဘက် ၄၃ ကီလိုမီတာအကွာ နမ့်လွေချောင်းပေါ်တွင် တည်ရှိပြီး ၂၀၁၂ခုနှစ် ဇန်န ၀ါရီလမှ စတင်၍ လုပ်ငန်း များ ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ ထို စက်ရုံမှ တစ်နှစ်ပျမ်းမျှ ကီလိုဝပ် နာရီ သန်းပေါင်း ၃၃၀ ဒသမ၄၅သန်းထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားသည်။

၁၉၉၇ခုနှစ် ကမ္ဘာသိမိုင်းလား

မူးယစ်ဆေးဝါးကင်းစင်ပြီး ဘိန်းပပျောက်သည့် ဒေသ (opium freezone) အဖြစ် ၁၉၉၇ ခုနှစ် ဧပြီလ ၂၂ ရက်တွင် ကမ္ဘာသိကြေညာနိုင်ခဲ့သည်။ မိုင်းလားအထူး ဒေသ(၄)နယ်မြေ ဘိန်းပပျောက်သည့် အထိမ်းအမှတ် ပြတိုက်ကိုလည်း ဖွင့်လှစ်ပြသနိုင်ခဲ့ပြီး နယ်စပ်ဒေသများ၏ စံနမူနာပြအဖြစ် ရပ်တည်လာခဲ့ကြသည်။ ယနေ့အချိန်ထိလည်း ယင်းမှတ်တမ်းကောင်းကို ဆက်လက် ထိန်းသိမ်းလျက်ရှိကြသည်။

မြင့်စိုး(နတလ)

ကယားပြည်နယ်

လွိုင်ကော်မြို့၌ မြို့ပြနှင့် ကျေးလက်ကူးလူးဆက်ဆံမှု တိုးတက်


ကြီးမြင့်နိုင် (လွိုင်ကော်)

ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးအစရှိသည့် လူမှုကိစ္စအ၀၀ကို လွယ်ကူချောမွေ့စွာဆောင်ရွက်နိုင်ရန် အခြေခံကျသော လိုအပ်ချက်တစ်ခုမှာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုမရှိပါက လူမှုကိစ္စများ ဆောင်ရွက်ရာတွင် ထိရောက်မှုမရှိဘဲ အချိန်လည်းကုန်၊ လူလည်းပင်ပန်းဖြစ်ကြရသည်။ ငွေကြေး၊ ပစ္စည်း၊ လူအင်အား အပိုကုန်ကျမှုတွေလည်း ဖြစ်ရသည်။

ယခုအခါ လွိုင်ကော်မြို့နယ်တွင် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် မြို့ပြလမ်းများ အဆင့်မြှင့်တင်ခြင်း၊ ကျေးလက်လမ်းများတိုးချဲ့ဖောက်လုပ်ခြင်းတို့ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ လွိုင်ကော်မြို့နယ်ကို ရပ်ကွက် ၁၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၂ အုပ်စု၊ ကျေးရွာ ပေါင်း ၁၂၇ ရွာဖြင့် ဖွဲ့စည်းထားသည်။

ယခင်က လွိုင်ကော်မြို့နယ်တွင် ငြိမ်းချမ်းမှုမရှိခဲ့သောကြောင့် ကျေးလက်တောရွာများသည် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး အစစအရာရာတွင် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည်။ ငြိမ်းချမ်းမှုမရှိသဖြင့် အကြောက်တရားလွှမ်းမိုးခြင်းဖြင့် လူနှင့်လူချင်းဆက်ဆံရမည်ကိုပင် မဝံ့မရဲရှိနေခဲ့ကြသည်။ လူစိမ်းမြင်လျှင် မသင်္ကာမျက်လုံးနှင့် ကြည့်ခဲ့ကြသည်။

ယခုအခါ ကယားပြည်နယ်သည် ငြိမ်းချမ်းမှုရှိလာပြီဖြစ်၍ ကျေးလက်နှင့်မြို့ပြဆက်သွယ်ကူးသန်းသွားလာမှု များပြားလာသည်။ လွိုင်ကော်မြို့နယ်တွင် လူဦးရေ ၁၅၀၀၀၀ ကျော်ခန့်ရှိသည်။ မြို့နေလူဦးရေ ၇၀၀၀၀ ကျော်၊ ကျေးလက်လူဦးရေ ၇၀၀၀၀ကျော် အသီးသီးရှိသည်။

ယခုအခါ ထိုသူတို့သည် ငြိမ်းချမ်းမှု၏ အသီးအပွင့်အဖြစ် မြို့ပြနှင့်ကျေးလက်ကူးလူးဆက်ဆံမှုများလာပြီဖြစ်သည်။ ဤသို့ လူမှုကိစ္စအ၀၀ဖြင့် ကူးလူးဆက်သွယ်သွားလာမှုများပြားလာသည်နှင့်အမျှ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် အထူးလိုအပ်လာသည်။ ထိုလိုအပ်ချက်ကို နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ မျက်မြင်လက်တွေ့ပင်ဖြစ်သည်။

လွိုင်ကော်မြို့နယ်တွင် မြို့ပြလမ်း ၂၂၈ လမ်းရှိသည်။ အရှည်အားဖြင့် စုစုပေါင်း ၆၀ မိုင်၊ ၁ ဒသမ ၁၁၃ ဖာလုံဖြစ်သည်။ လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းအမျိုးအစားအလိုက် မြို့ပြလမ်းအခြေအနေကိုဇယားတွင် ဖော်ပြထားသည့်အတိုင်းတွေ့နိုင်သည်။

စဉ်	လမ်းအမျိုးအစား	လမ်းအရေအတွက်	စုစုပေါင်းလမ်းအရှည်		မှတ်ချက်
			မိုင်	ဖာလုံ	
၁	ကွန်ကရစ်	၃	-	၄. ၀၄၅	
၂	ကတ္တရာ	၈၁	၂၀	၅. ၈၃၅	
၃	ကျောက်	၆၈	၁၅	၄. ၆၀၂	
၄	မြေ	၇၆	၂၂	၂. ၆၂၀	
	စုစုပေါင်း	၂၂၈	၆၀	၁. ၁၁၃	

ယခုအခါ မြို့၏အစွန်အဖျားနေရာများတွင်သာ မြေလမ်းကျန်ရှိနေပြီး မြေလမ်းမှ ကျောက်လမ်း၊ ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်ဆင့် အဆင့်မြှင့်တင်အသွင်ပြောင်းပေးလျက်ရှိသည်။ လမ်းကောင်းသဖြင့် စိတ်ချမ်းသာကြရသည်။

လွိုင်ကော်မြို့သည် အိမ်ခြံမြေကွက်များ နေရာချထားပုံနှင့် လမ်းများဖောက်လုပ်ထားပုံမှာ စနစ်တကျရှိသည်။ အိမ်ခြံမြေကွက်များမှာ ကျယ်ဝန်းပြီး အိမ်ခြံမြေများ ပြွတ်သိပ်နေခြင်းမရှိပါ။ လမ်းများမှာလည်း ဖြောင့်ဖြူးနေသည်။ လွိုင်ကော်မြို့ရှိ တောင်ကွဲ၊ ရွှေတောင်၊ သစ်တစ်ပင်တောင်၊ ဘီလူးချောင်း၊ နောင်ယားကန်သာ၊ ထေးငှားလျှားကန်သာ အစရှိသည့် သဘာ၀အရင်းအမြစ်များကလည်း အလှဆင်ပေးလျက်ရှိသည်။ ထူးခြားသည်မှာ ဖုန်မထူသဖြင့် လမ်းနှင့်အဆောက်အအုံများ အမြဲတမ်းသန့်ရှင်းနေခြင်းပင်ဖြစ်သည်။

ကျေးလက်လမ်းများကိုလည်း လိုအပ်သည့်နေရာများတွင် ဖောက်လုပ်ပေးလျက်ရှိသည်။ လက်ရှိအခြေအနေတွင် လွိုင်ကော်မြို့နယ်၌ ကျေးလက်လမ်းစုစုပေါင်း ၃၈ လမ်းခန့် ဖောက်လုပ်ထားပြီးဖြစ်ကြောင်း သိရသည်။ အရှည်မှာ ၃၈ မိုင်၊ ၂ ဒသမ ၅၆၉ ဖာလုံရှိသည်ဟုဆိုသည်။ ကျောက်လမ်းများဖြစ်ပြီး ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်သွားမည်ဖြစ်သည်။

ဤသို့လျှင် မြို့ပြနှင့်ကျေးလက်လမ်းများ ကောင်းမွန်လာသည်နှင့်အမျှ ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူချောမွေ့အောင် များစွာအထောက်အကူဖြစ်သွားမည်ဖြစ်ပေသည်။

ရခိုင်ပြည်နယ်

မြို့စစ်တွေတွင် တည်ဆောက်ဆဲ ဦးဥတ္တမပြတိုက်နှင့်စာကြည့်တိုက်

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ဗြိတိသျှတို့၏ နေမဝင်အင်ပါယာ လောင်းရိပ်အောက်မှ လွတ်မြောက်ခဲ့သည်။ နယ်ချဲ့ဗြိတိသျှတို့လက်အောက် ကျရောက်ခဲ့စဉ်က မြန်မာတိုင်းရင်းသားတို့ နည်းအမျိုးမျိုးဖြင့် ဖိနှိပ်ခံခဲ့ကြရပေသည်။ ထို့ကြောင့် နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရန်ကြိုးစားခဲ့ကြသည်။ မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် မမေ့ကောင်းမပျောက်ကောင်းသော ပုဂ္ဂိုလ်များထဲမှ ဆရာတော် ဦးဥတ္တမသည် ကနဦးဆုံး ပုဂ္ဂိုလ်တစ်ပါးဖြစ်သည်။ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးမျိုးစေ့ကို ချပေးခဲ့သော ကျေးဇူးရှင်လည်းဖြစ်သည်။

ဆရာတော် ဦးဥတ္တမကို လေးစားသော၊ ဆရာတော်၏ ဂုဏ်ကျေးဇူးကို သိတတ်သော၊ ဆရာတော်၏သတ္တိနှင့်စိတ်ဓာတ်ကို မြတ်နိုးတန်ဖိုးထားသောအားဖြင့် ရခိုင်ပြည်နယ်၏ မြို့တော်စစ်တွေတွင် ဆရာတော် ဦးဥတ္တမ ပြတိုက်နှင့် စာကြည့်တိုက်ကို တည်ဆောက်လျက်ရှိသည်။

အရှင်ဦးဥတ္တမပြတိုက်

အရှင်ဦးဥတ္တမပြတိုက်နှင့် စာကြည့်တိုက်ကို စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက်၊ ရှေးဟောင်းသမိုင်းဝင်ရွှေစေတီကျောင်းတိုက်ကြီး၏ ပန်းခြံအတွင်း၌ တည်ဆောက်နေသည်။ ရွှေစေတီကျောင်းတိုက်ကြီးသည် ဆရာတော် ဦးဥတ္တမငယ်စဉ်က သီတင်းသုံးနေထိုင်ခဲ့သော ကျောင်းလည်းဖြစ်သည်။

ပြတိုက်အရွယ်အစားမှာ အလျားပေ ၄၀၊ အနံ ၃၂ ပေ၊ အမြင့်ပေ ၅၀ ရှိသော သံကူကွန်ကရစ်အာရ်စီငါးထပ် အဆောက်အအုံဖြစ်သည်။မြေညီထပ် (ပထမထပ်)တွင် စာကြည့်တိုက်၊ ဒုတိယထပ်တွင် ကွန်ပျူတာသင်တန်းခန်းမ၊ တတိယထပ်တွင်ရခိုင်ပြည်နယ်ဒေသကြီး အသီးသီးမှ လူငယ်များကို လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုး တိုးတက်ရေး စွမ်းရည်မြှင့်သင်တန်းခန်းမ၊ စတုတ္ထထပ်တွင် ဆရာတော်သံဃာတော် များ၊ သံတမန်များအတွက် အစည်းအဝေးခန်းမနှင့် ပဉ္စမထပ်တွင် ဆရာတော်ဦးဥတ္တမ၏ ထေရုပ္ပတ္တိနှင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း တစ်လျှောက် မှတ်တမ်းများနှင့် အထောက်အထားများကို ပြသထားမည့်ပြတိုက်ခန်းမဟူ၍ စနစ်တကျ ဖွင့်လှစ်ပေးမည်ဖြစ်သည်။

ပြတိုက်နှင့်စာကြည့်တိုက်ကို တည်ဆောက်ရာတွင် ငွေကျပ်သိန်းပေါင်း ၂၀၀၀ကျော် ကုန်ကျမည်ဖြစ်ပြီး ဆရာတော်၏ မျိုးဆက်တပည့် အဌမမြောက် ရွှေစေတီဆရာတော် အရှင်အရိယ ဝံသ(မေတ္တာစမ်းရိပ်)က မတည်ငွေကျပ် သိန်း ၁၁၀ဖြင့် စက်တင်ဘာ ၁ ရက်မှစ၍ စတင်တည်ဆောက်နေပြီဖြစ်သည်။

လွတ်လပ်ရေးမီးရှူးတန်ဆောင်ဦးဥတ္တမ

ဆရာတော်ဦးဥတ္တမကို ၁၈၇၉ခုနှစ် ဒီဇင်ဘာလ ၂၈ ရက် (တနင်္ဂနွေနေ့)တွင် စစ်တွေမြို့ ရှုပရပ်ကွက်၌ ဖွားမြင်တော်မူခဲ့သည်။ ခမည်းတော်မှာ ရခိုင်တိုင်းရင်းသားကုန်သည် ဦးစံမြဖြစ်ပြီး မယ်တော်မှာ ရခိုင်တိုင်းရင်းသား ဒေါ်အောင်ကြွဖြူဖြစ်သည်။ မွေးချင်းသုံးဦးအနက် အကြီးဆုံးသောသားဦးရတနာဖြစ်ပြီး ငယ်နာမည်မှာ ပေါ်ထွန်းအောင်ဖြစ်သည်။ ညီဖြစ်သူကျော်ထွန်းအောင်နှင့် ညီမဖြစ်သူ မအိမ်စိုးတို့ဖြစ်သည်။

ဆရာတော်သည် ငယ်စဉ်ကပင် စိတ်ဓာတ်ပြင်းထန်သူဖြစ်သည်။ ပညာ အလွန်ကြိုးစားပြီး မဟုတ်မခံစိတ်ရှိသူဖြစ်သည်။ အင်္ဂလိပ်လက်အောက်ကျရောက်နေသော အချိန်တွင် နယ်ချဲ့တို့က မြန်မာတိုင်းရင်းသားတို့အား မတရားဖိနှိပ်နေမှုများကို မြင်တွေ့နေရပြီး အင်္ဂလိပ်တို့အား ငယ်စဉ်ကပင် မုန်းတီးခဲ့သည်။ ခေတ်ပညာတတ်မြောက်ရေးအတွက် မြန်မာနိုင်ငံတွင်သာမက ပြည်ပနိုင်ငံများသို့ လှည့်လည်ကာဆည်းပူးခဲ့သည်။ မြန်မာ၊ ပါဠိ၊ ဘင်္ဂါလီ၊ နာဂရီ၊ သင်္သကရိုက်၊ အင်္ဂလိပ်၊ တိဗက်၊ ပြင်သစ်စသည်ဖြင့် ဘာသာ ၈ ခု တတ်မြောက် သည်။ ဂျပန်နိုင်ငံ၌ ပါဠိနှင့် သင်္သကရိုက်ဘာသာကို ပါမောက္ခအဖြစ် လစာမယူဘဲ သင်ကြားပို့ချပေးခဲ့သည်။

နိုင်ငံရပ်ခြားတွင် ပညာဆည်းပူးပြီးနောက် မြန်မာပြည်သို့ပြန်ကြွလာပြီး နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်။လွတ်လပ်ရေး တရားဟောရင်း အင်္ဂလိပ်တို့က အကြိမ်ကြိမ်ဖမ်းဆီးထောင်ချခဲ့သည်။ ထောင်မှလွတ်လျှင် တရားဟောသည်။ ဆရာတော်သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးမျိုးစေ့ကိုချပေးရုံသာမက အာရှတိုက်သားတို့အား လွတ်လပ်ရေး အသိရှိကြရန်၊ လွတ်လပ်အောင်ကြိုးစားကြရန် အာရှနိုင်ငံများသို့ လှည့်လည်ကာ တရားဟောကြားခဲ့သည်။ ဆရာတော်၏ကျေးဇူးကြောင့် အာရှသားတို့လွတ်လပ်ရေးအသိနိုးကြားလာကာနယ်ချဲ့လက်အောက်မှ လွတ်မြောက်ရန် ကြိုးစားလာကြသည်။ သို့ဖြစ်၍ ဆရာတော်အား အာရှနေ၀န်းနီဟု ကမ္ဘာက တင်စားခေါ်ဝေါ်ခြင်းခံခဲ့ရသည်။ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင် တရားဟောရင်း နာမကျန်း ဖြစ်ကာ ၁၉၃၉ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။

ကျေးဇူးဆပ်ဂုဏ်ပြုထိုက်

ဆရာတော် ဦးဥတ္တမစာကြည့်တိုက်နှင့် ပြတိုက်နှင့်ပတ်သက်၍ ရွှေစေတီဆရာတော်အား စာရေးသူက မေးမြန်းလျှောက်ထားရာ ဆရာတော်က“ဆရာတော်ဦးဥတ္တမဆိုတာ မြန်မာနိုင်ငံသာမက ကမ္ဘာကပါသိတဲ့ ဆရာတော်တစ်ပါး ဖြစ်ပါတယ်။ ဆရာတော်ဦးဥတ္တမကြောင့် မြန်မာနိုင်ငံသာမက အာရှတိုက်သားတွေပါ လွတ်လပ်ရေးမျက်စိပွင့်လန်းစေခဲ့တယ်။

ဒီလိုပုဂ္ဂိုလ်မျိုးကို ရခိုင်တိုင်းရင်းသား တစ်ခုတည်းမဟုတ်ဘဲ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားပေါင်းစုံက ကျေးဇူးဆပ်သင့်တယ်။ ဒီလိုဆရာတော်ကို ဂုဏ်ပြုတဲ့ပြတိုက်တွေ၊ စာကြည့်တိုက်တွေရှိတယ်ဆိုရင် မြန်မာနိုင်ငံအတွက်လည်း ဂုဏ်ရှိတယ်။ ဆရာတော်နဲ့ သက်ဆိုင်တဲ့ သမိုင်းအထောက်အထားတွေ၊ မှတ်တမ်းမှတ်ရာတွေကို ဒီပြတိုက်မှာ လှူဒါန်းသင့်တယ်။ တိုင်းရင်းသားပေါင်းစုံက ဝိုင်းဝန်းပြီး ဆောင်ရွက်ပေးကြပါလို့လည်း ဆရာတော်တိုက်တွန်းပါတယ်”ဟု မြွက်ကြားသွားသည်။

ဆရာတော်ဦးဥတ္တမပြတိုက်နှင့် စာကြည့်တိုက်တည်ဆောက်ရေးလုပ်ငန်းခွင်ကိုတွေ့ရစဉ်။

ပါဝင်လှူဒါန်းနိုင်

မြန်မာနိုင်ငံအနှံ့အပြားရှိ တိုင်းရင်းသား ပေါင်းစုံတို့ အနေဖြင့်လည်းကောင်း၊ နိုင်ငံတကာရှိ ပုဂ္ဂိုလ်များအနေဖြင့်လည်းကောင်း ဆရာတော်ဦးဥတ္တမသမိုင်းနှင့် ပတ်သက်သောပစ္စည်းများ၊ အထောက်အထားများကို ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ ထို့ပြင် ဆရာတော်ဦးဥတ္တမ ပြတိုက်နှင့် စာကြည့်တိုက်တည်ဆောက်ရာတွင် အလှူငွေများထည့်ဝင်နိုင်ကြောင်းလည်းသိရသည်။ လှူဒါန်းလိုပါက အရှင်အရိယဝံသ (မေတ္တာစမ်းရိပ်) ရွှေစေတီကျောင်းအုပ်ဆရာတော် ကျောင်းတက်လမ်းရပ်ကွက် စစ်တွေမြို့သို့လည်းကောင်း၊ ဖုန်း- ၀၉-၄၂၁၇၁၄၇၄၇သို့လည်းကောင်း၊ Email- shwezeediuoottama@gmail.com သို့ လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်သည်။

ဆရာတော်ဦးဥတ္တမပြတိုက်နှင့်စာကြည့်တိုက်တည်ဆောက်ရာတွင် လက်ရှိအခြေအနေ၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ်နှစ်သိန်း၊ ပြည်နယ်လွှတ်တော်က ငွေကျပ်နှစ်သိန်း၊ မြန်မာ့စီးပွားရေးဘဏ်(စစ်တွေ)က ငွေကျပ်သုံးသိန်း ခြောက်သောင်း၊ ပြည်ခိုင်ဖြိုးပါတီက သုံးသိန်းခြောက်သောင်း၊ ကမ္ဘောဇဘဏ်က ငွေကျပ်သိန်း ၁၀၀၊ အင်းပေါက်၀ကုမ္ပဏီ (စစ်တွေ)က ငွေကျပ် ၁၀ သိန်း၊ လူပျံလက်ဖက်ခြောက်မိသားစု (စစ်တွေ) က ငွေကျပ် ၁၀ သိန်းနှင့် ငွေကျပ်တစ်သိန်း အလှူရှင်ခြောက်ဦးတို့က လှူဒါန်းထားကြောင်း သိရသည်။

လေးဝတီထွန်းစောခိုင်

AIR KBZ

Cabin Crew Recruitment

Local Service/Salary in Kyats

Based in Yangon, Myanmar, **AIR KBZ** is one of the biggest domestic airlines and operating to 16 destinations around the country

Are you dynamic and passionate, friendly and compassionate?

We are looking for energetic young individuals to join our AIR KBZ Cabin Crew family.

AIR KBZ Cabin Crew Requirements are;
- Age between 18 to 25 years at the date of 21st Oct 2013
- Height between 5'6" to 5'10" for Male and 5'4" to 5'7" for Female (Proportionate height to weight ratio)
- High school graduate (University Degree considered an advantage).
- Fluency in English (Written and Spoken)
- Third Language considered an advantage
- Ability to swim
- Good eyesight
- Physically fit to meet **AIR KBZ** Cabin Crew requirements

In addition to the above requirements, you should:
- Demonstrate a positive, energetic and empathetic attitude
- Possess good communication and interpersonal skills
- Be motivated to manage a demanding work schedule
- Have mental capacities to read documents, follow instructions, learn and understand company procedures

- Both Genders are eligible to apply
- Both Single and Married individuals are eligible to apply
- Both Myanmar citizens and foreign expatriates residing in Myanmar are eligible to apply

Interested individuals may collect application forms from **AIR KBZ LTD**, Head Office and send the form back to **AIR KBZ** Head Office not later than 4:00PM, 21st October 2013 together with required documents including High School Certificate, Criminal Clearance from the police department, one recent colored full-length photograph, three passport size photographs and a copy of NRC.

*Only short-listed applicants will be notified

AIR KBZ Limited (Head Office)

ဟော့ဂ်ဆန်၏ ယုံကြည်မှုကိုသက်သေပြရမည့် ဘိန်းစ်

သစ်မင်းအိမ်

၂၀၁၄ ကမ္ဘာ့ဖလား ဥရောပဇုန်ခြေစစ်ပွဲများက ပြီးဆုံးပေတော့မည်။ လာမည့် အောက်တိုဘာ ၁၁၊ ၁၂ နေ့များ၌ ကစားမည့်ပွဲစဉ်များပြီးလျှင် တစ်သင်းကို တစ်ပွဲစီသာ ကစားရတော့မည်။ ထိုအချိန်တွင် နာမည်ကြီးအင်္ဂလန်မှာရှုန်းကန်နေရဆဲအဆင့်သာရှိသည်။ အထူးသဖြင့် ဒုတိယနေရာမှ ယူကရိန်းနှင့်တတိယနေရာမှ မွန်တီနီဂရိုးတို့သည် ၁၅မှတ်စီဖြင့် အင်္ဂလန်၏အောက်တစ်မှတ်အကွာနှင့်ကပ်လိုက်နေပေရာ အင်္ဂလန်၏အနေအထားသည် မည်သို့မျှအတိမ်းအစောင်းမခံသော အခြေအနေမျိုးဖြစ်နေသည်။တစ်ပွဲလောက်ရှုံးရုံဖြင့်ပင် အင်္ဂလန်သည်ခြေစစ်ပွဲကိုတိုက်ရိုက်အောင်မြင်ရန်မဆိုထားနှင့် အဆုံးအဖြတ်ခြေစစ်ပွဲကစားရမည့် ဒုတိယနေရာနှင့်ပင်လွဲချော်သွားနိုင်ပေရာ လက်ကျန်နှစ်ပွဲစလုံးသည် အင်္ဂလန်အတွက်အသက်တမျှအရေးပါ လျက်ရှိသည်။

ပြောရလျှင် လာမည့် အောက်တိုဘာ ၁၁၊ ၁၂ နေ့များ၌ ကစားမည့်ခြေစစ်ပွဲသည် အင်္ဂလန်အတွက် အင်မတန်မှ အရေးကြီးလှသည်။ အဘယ်ကြောင့်ဆိုသော် ပြိုင်ဘက်မှာ မွန်တီနီဂရိုးဖြစ်နေ၍။ အကယ်၍ ထိုပွဲတွင် အင်္ဂလန်သည် မွန်တီနီဂရိုးအား ရှုံးခဲ့ပါက မွန်တီနီဂရိုးသည် အင်္ဂလန်ထက်တစ်ပွဲသာ ကျန်ချိန်၌ နှစ်မှတ်အထိသာသွားမည်ဖြစ်ရာ အင်္ဂလန်အနေဖြင့် တိုက်ရိုက်ခြေစစ်ပွဲအောင်ရန်မျှော်လင့်ချက်အတွက်ကြောင့်ပင် အင်္ဂလန်သည် ထိုပွဲ၌ အနိုင်ရရန် အထူးလိုအပ်လှသည်။

သို့သော် ထိုသို့သော အရေးပါသည့်ပွဲမျိုးတွင် အင်္ဂလန်၏ အားထားရသော ဘယ်တောင်ပံခံစစ်မှူးအက်ရှ်လေကိုးလ်မှာ ဒဏ်ရာကြောင့် ပါဝင်နိုင်ခြင်းမရှိပေ။ ပြောရလျှင် အက်ရှ်လေကိုးလ်သည် နေ့ဝှစ်ချ်အား ချယ်လ်ဆီးက ၃-၁ ဖြင့် နိုင်သောပွဲတွင် နံရိုးနာကျင်မှုဝေဒနာခံစားခဲ့ရခြင်း ဖြစ်သည်။ ချယ်လ်ဆီးမန်နေဂျာ မော်ရင်ညိုကမူ အက်ရှ်လေကိုးလ်အနေဖြင့် အင်္ဂလန်အတွက် ကစားပေးနိုင်ရန် အချိန်မီကြွခိုင်မှု ပြည့်ဝနိုင်သည်ဟု ယုံကြည်သကဲ့သို့ အက်ရှ်လေကိုးလ်ကိုယ်တိုင်ကလည်း အင်္ဂလန်အတွက် ကစားပေးလိုစိတ်ပြင်းပြလျက်ရှိသည်။ သို့သော်ထိုအချိန်တွင် အင်္ဂလန်မန်နေဂျာ ရှိုင်ဟော့ဂ်ဆန်သည် ရဲဝံ့သော ဆုံးဖြတ်ချက်ကိုချပြခဲ့သည်။ အက်ရှ်လေကိုးလ်အား လုံးဝရွေးချယ်ခြင်းမရှိဘဲ အဲဗာတန်မှဘိန်းစ်နှင့် အာဆင်နယ်မှကီရန်ဂစ်ဘ်တို့ကို ဘယ်တောင်ပံအတွက် ရွေးချယ်ခဲ့သည်။

ဤအချက်ကို ကြည့်မည်ဆိုလျှင် ရှိုင်ဟော့ဂ်ဆန်သည် လေတန်ဘိန်းစ်အား အဓိကထား အသုံးပြုမည်ဆိုသည်မှာ ထင်ရှားလွန်းသည်။ ဆိုရလျှင် ရှိုင်ဟော့ဂ်ဆန်သည် အင်္ဂလန်မန်နေဂျာတာဝန်အား ရယူပြီးသည့်နောက်တွင် အဆိုပါဘယ်တောင်ပံခံစစ်တွင် ဘိန်းစ်ကိုသာ အဓိကအားပြုခဲ့သည်။ အထူးသဖြင့် ဟော့ဂ်ဆန်သည်အသက် ၃၀ ကျော်ပြီဖြစ်သော အက်ရှ်လေကိုးလ်၏ နေရာတွင် သွေးသစ်လောင်းရန် အစဉ်တစိုက်ကြိုးစားခဲ့ပြီး အက်ရှ်လေကိုးလ် ဒဏ်ရာမရသော အချိန်များ၌ပင် ဘိန်းစ်အား စမ်းသပ်သုံးစွဲခဲ့သူဖြစ်သည်။ သို့သော် ဟော့ဂ်ဆန်သည် ဘိန်းစ်ကို မျက်စိမှိတ်မယုံကြည်ခဲ့သလို နိုင်ငံတကာအတွေ့အကြုံ ပြည့်ဝလွန်းသည့် အက်ရှ်လေကိုးလ်ကိုလည်း လုံးဝပစ်ပယ်ခြင်း မရှိခဲ့ပေ။ အင်္ဂလန်အတွက် အရေးကြီးသော နောက်ဆုံးခြေစစ်ပွဲ သုံးပွဲဆက်တိုက် အက်ရှ်လေကိုးလ်အား ပွဲထုတ်အသုံးပြုခဲ့ခြင်းကိုကြည့်လျှင် ဟော့ဂ်ဆန်သည် ဘိန်းစ်ကို စိတ်မချသကဲ့သို့ အက်ရှ်လေကိုးလ်ကိုလည်း မပစ်ပယ်ရဲသေးသည်မှာ ထင်ရှားလွန်းလှသည်။

သို့သော် ယခုကဲ့သို့သော အလွန်အရေးကြီးသည့်ပွဲများအတွက်မှ ထိန်းသုံး၍ ရနိုင်သော အက်ရှ်လေကိုးလ်ကို လုံးဝရွေးချယ်ခြင်းမရှိဘဲ ဘိန်းစ်ကိုသာ အဓိကအားထားရွေးချယ်လိုက်သည့်အခါ ဟော့ဂ်ဆန်အနေဖြင့် ဘိန်းစ်အပေါ် လုံးဝယုံကြည်မှုရှိသွားပြီလောဆိုသည့် *စာမျက်နှာ ၂ သို့*

DON'T WORRY ABOUT COLE,BAINES IS THE MAN IN FORM

Leighton Baines has outperformed Ashley Cole in the Premier League this season

	ASHLEY COLE	LEIGHTON BAINES
Premier League appearences:	7	7
Minutes played:	594	630
Tackles:	13	21
Tackles won:	77%	86%
Total fouls:	7	3
Yellow cards:	0	1
Interceptions:	10	9
Clearances:	15	21
Passes:	301	333
Pass completion:	90%	89%
Goals	0	2
Chances created	6	11
Crosses made	6	33
Cross completion	33%	21%

MOST GAME-TIME:	Leighton Baines	TOP PASSER:	Leighton Baines
TOP TACKLER:	Leighton Baines	TOP SCORER:	Leighton Baines
MOST FOULS:	Ashley Cole	TOP CROSSER:	Leighton Baines
MOST CLEARANCES:	Leighton Baines	MOST CREATIVE:	Leighton Baines

ကကွက်များ၊ အတိုက်ပညာများဖြင့် ရွှေအိပ်မက်ကို ပုံဖော်မည် မြန်မာဝူရှူးအဖွဲ့

သတင်း - ညီမြတ်သော်တာ
ဓာတ်ပုံ - စိုးညွန့်



တရုတ်ရိုးရာ အားကစားနည်းတစ်ခုဖြစ်သည့် ဝူရှူးအားကစားနည်းကို မြန်မာအားကစားသမားများ အနေဖြင့် ရင်းနှီးကျွမ်းဝင်စွာ ကစားနိုင်နေပြီဖြစ်သလို နိုင်ငံတကာပြိုင်ပွဲများလည်း အောင်မြင်မှုများကို ရရှိသည်အထိ စွမ်းဆောင်နိုင်နေပြီဖြစ်သည်။ မြန်မာဝူရှူးအားကစားသမားများမှာ အာဆီယံအဆင့်သာမက အာရှအဆင့်၊ ကမ္ဘာ့အဆင့် ပြိုင်ပွဲများတွင်ပါ ရွှေတံဆိပ်များရယူပြီး နိုင်ငံ့ဂုဏ်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်လည်း ဝူရှူးအားကစားနည်းကို ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာဝူရှူးအဖွဲ့အနေဖြင့် အောင်မြင်မှုကိုရရှိရေး လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။ ထောက်လုပြိုင်ပွဲတွင် အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ငါးဦး၊ ဆန်းဆို(အတိုက်)ပြိုင်ပွဲတွင် အမျိုးသား ၁၁ ဦး၊ အမျိုးသမီး လေးဦးတို့ကို ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသည်။ ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ဇွန် ၁၉ ရက်မှ စက်တင်ဘာ ၂၀ ရက်အထိ တရုတ်နိုင်ငံတွင် ရက် ၉၀ ကြာသွားရောက်လေ့ကျင့်ခဲ့ပြီး ဝူရှူးအင်အားကြီး တရုတ်နိုင်ငံမှ နည်းပြငါးဦးကို ငှားရမ်းကာ အနီးကပ်လေ့ကျင့်လျက်ရှိသည်။

ဆီးဂိမ်းအတွက် ပြင်ဆင်သည့်အနေဖြင့် ဆီးဂိမ်းအကြို ဝူရှူးပြိုင်ပွဲကို အောက်တိုဘာ ၈၊ ၉ ရက်များက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် ကျင်းပခဲ့သည်။ ယင်းပြိုင်ပွဲကို အင်ဒိုနီးရှား တစ်သင်းသာ *စာမျက်နှာ ၇ သို့*

မြန်မာဝူရှူးလက်ရွေးစင် အောင်စည်သူ။

BBB
ဘီသုံးလုံး ကားအရောင်းစင်တာ
Specializes in Wagons(4WD)
38+40 ကမ္ဘာအေးဘုရားလမ်း
(နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်း။
Phone: 09-7320-7777